BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး
သတင်းစာ

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၃) ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ ဇူလိုင်။ ✱ မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အစည်းအဝေးကျင်းပ၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကြိုးပမ်းမည်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)၏ ပုံမှန်အစည်းအဝေးကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇူလိုင်လ(၁၅)ရက်နေ့တွင် ရန်ကုန်မြို့၊ အဖွဲ့ချုပ်ဌာနချုပ်၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ ကော်မတီအဖွဲ့ဝင်(၁၈)ဦးအနက် အထိန်းသိမ်းခံထားရသော CRPP ကာကွယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ဦးနှင့်ပညာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ကွယ်လွန်သူ အဖွဲ့ဝင် ဦးလှအောင်တို့မှလွဲ၍ ကျန်အဖွဲ့ဝင်များဖြစ်ကြသည့် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးအေးသာအောင်၊ ဦးလွင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်၊ ဦးခွန်ထွန်းဦး၊ ဦးကျင်ရှင့်ထန်၊ ဦးခိုင်ထွန်းသိန်း၊ ဦးထောင်ကိုထန်း၊ ဦးကျော်မင်း၊ ဦးသိန်းဖေနှင့် ဦးစိုးဝင်းတို့ အားလုံး ထိုအစည်းအဝေးသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ အစည်းအဝေးတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အချိန်ယူ၍ ညှိနှိုင်းဆွေးနွေးကြကြောင်း ဦးလွင်မှ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြောရေးဆိုခွင့်ရှိသူမှ အသေးစိတ်ထုတ်ဖော် မပြောကြားသော်လည်း အရေးပါသည့် ဆုံးဖြတ်ချက်များကို ချမှတ်လိမ့်မည်ဖြစ်ကြောင်း လေ့လာသူတို့က အကဲခတ်သုံးသပ်ခဲ့ကြသည်။ CRPP ကို ၁၉၉၈ စက်တင်ဘာ(၁၆)ရက်နေ့၌ စတင်ဖွဲ့စည်းစဉ်က (၁၀)ဦးဖြင့်ဖွဲ့စည်းခဲ့သော်လည်း၊ ယခုအခါတွင် ၁၉၉၀ ပြည့်ရွေးကောက်ပွဲ အနိုင်ရပါတီအားလုံးမှ CRPP ၏ မူဝါဒသဘောထားများကို သဘောတူလက်ခံလျှင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့် လျှောက်ထားနိုင်ခွင့် ရှိမည်ဟူသောကျယ်ပြန့်သည့် စည်းရုံးရေး အခြေခံမူအရ အဖွဲ့ဝင်(၁၈)ဦးအထိ တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စစ်တပ်လိုလားသော တစည ပါတီမှာမူ ပါဝင်ခြင်းမရှိဟုသိရသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ခေါ်ယူရေးကို ဦးတည်၍ CRPP ကဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။❖



ဤကဲ့သို့ တိုင်းရင်းသားလူမျိုးစုများ စုပေါင်းပါဝင်သော ညှိနှိုင်းဆွေးနွေးမှုများဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

## အဖွဲ့ချုပ်မှ အာဇာနည်နေ့ လှုပ်ရှားမှုများ အကောင်အထည်ဖော် အာဇာနည်မျိုးသေရိုးမရှိ စာတန်းပါ တီရှပ်များ ဝတ်ဆင်

ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျရောက်ခဲ့သော (၅၇)ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဖွဲ့ချုပ်ဗဟိုဌာနချုပ်ရုံးနှင့်တကွ အခြားတိုင်းနှင့်ပြည်နယ်များရှိ မြို့နယ်များတွင် ကျင်းပခဲ့ကြသည်။

နံနက်(၁၁)နာရီ(၁၅)မိနစ်ခန့်တွင် အဖွဲ့ချုပ်ဝင် လူကြီး၊ လူငယ်၊ အမျိုးသမီးအင်အား(၃၀၀)ကျော်ခန့်သည် အာဇာနည်ဗိမာန်သို့ ချီတက်လာကြရာ ဗဟန်းမြို့နယ် လင့်လမ်းနှင့် အုတ်လမ်းထောင့်အရောက်တွင် စစ်ထောက်လှမ်းရေး၊ ပုလိပ်နှင့်လုံထိန်းတပ်များမှ ပိတ်ဆို့တားဆီးခဲ့သည်ဟု သိရသည်။ စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးအောင်ဆန်းဝင်းနှင့် ဗိုလ်မှူးဇော်ထူးမောင်တို့က ပင်နီအင်္ကျီများနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံပါ ရင်ထိုးတံဆိပ်များ ဖြုတ်ပေးရန်ပြောဆိုရာ အဖွဲ့ချုပ်ဝင်တို့က ငြင်းဆိုခဲ့ကြသည်။ အာဇာနည်ဗိမာန်သို့ တပြိုင်တည်း အားလုံးကိုဝင်ခွင့်မပေးခဲ့ဘဲ တကြိမ်လျှင် ၁၀ ဦးနှုန်းဖြင့် ၁၀ မိနစ်ခြားဝင်ခွင့် ပြုမည်ဟူသော အာဏာပိုင်တို့၏မတရား ညစ်ပတ်မှုကို တွန်းလှန်ရန် အများစုက ဆန္ဒရှိသော်ကြသော်လည်း၊ နေ့လည်(၁၂)နာရီတွင် အဖွဲ့ချုပ်ဗဟိုဌာနချုပ်၌ ကျင်းပမည့် အခမ်းအနားသို့ အချိန်မီပြန်ရောက်ရန်လိုအပ်သဖြင့် ပိတ်ဆို့ထားသော လင့်လမ်းနှင့် အုတ်လမ်းထောင့်မှပင် လူထုအများအပြားရှေ့မှောက်၌တန်းစီ၍ အာဇာနည်ခေါင်းဆောင်များကို အလေးပြုကာ စည်းကမ်းသေဝပ်စွာ ပြန်လာခဲ့ကြကြောင်း သတင်းများအရသိရ သည်။




(၅၂)ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပခဲ့စဉ်က

နေ့လည်(၁၂)နာရီတိတိတွင် ဗဟိုဌာနချုပ်၌ကျင်းပသော အခမ်းအနားသို့ နိုင်ငံခြားသံတမန်များ၊ သတင်းထောက်များ၊ မဟာမိတ်ပါတီများမှ ကိုယ်စားလှယ် ခေါင်းဆောင်များ၊ အဖွဲ့ချုပ်ပါတီဝင်များ စုစုပေါင်း (၈၀၀)ကျော် တက်ရောက်ကြသည်။

ရန်ကုန်တိုင်းအတွင်း ကြည့်မြင်တိုင်၊ မင်္ဂလာဒုံနှင့် သာကေတမြို့နယ်များတွင်လည်းကောင်း၊ ရောဝတီတိုင်း ဘိုကလေး၊ ကျုံပျော်နှင့်၊ ပဲခူးတိုင်း လက်ပံတန်း မြို့နယ်များအပါအဝင် ကျန်တိုင်းနှင့်ပြည်နယ် အသီးသီးရှိ မြို့နယ်အဖွဲ့ချုပ်ရုံးများတွင်လည်း အခမ်းအနားများကျင်းပခဲ့ကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။❖ (PDC)

## အာဏာကို ဆုပ်ကိုင်ထားခြင်းသည် ရိုးသားမှုမရှိသောလိမ်လည်ခြင်းသာဖြစ် အဲန်အယ်လ်ဒီမှ (၅၇)နှစ်မြောက် အာဇာနည်နေ့တွင် ထုတ်ပြန်ကြေညာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၅၇)နှစ်မြောက် အာဇာနည်နေ့တွင် ကြေညာချက်တရပ်ထုတ်ပြန်ကာ နအဖသည် တိုင်းပြည်နှင့်ပြည်သူလူထုအပေါ် လိမ်လည်၍ အာဏာကို ဆုပ်ကိုင်ထားကြောင်း ထုတ်ဖော်ဝေဖန်လိုက်သည်။ ကြေညာချက်တွင် “ရွေးကောက်ပွဲရလဒ်ကို လစ်လျူရှုပြီး၊ တိုင်းပြည်မတည်ငြိမ်သေး၍ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေး၍ တိုင်းပြည်ကိုချစ်၍ စသည်ဖြင့် ဆီလျော်မှုမရှိသော အကြောင်းပြချက်များနှင့် အာဏာကိုဆုပ် ကိုင်ထားခြင်း သည် ရိုးသားမှုမရှိသော လိမ်လည်ခြင်းသာဖြစ်ပြီး ပြည်သူလူထု၏ယုံကြည်မှု၊ လေးစားမှုကို ရလိမ့်မည်မဟုတ်ဟု ဖော်ပြထားသည်။

ဆက်လက်၍ ထိုသို့လိမ်လည်ပြီးရယူထားခြင်းထက် အာဏာကိုမစွန့်လွှတ်ချင်လို့ သိမ်းပိုက်ထားတာဟု ပွင့်လင်းရိုးသားစွာ ပြောဆိုခြင်းက ပြည်သူလူထုအမြင်တွင် ကြည်လင်ပေလိမ့်မည်”ဟု တည်ကြည်ခိုင်ခံ့စွာ နအဖ၏ သရုပ်မှန်ကို ဖွင့်ချဖော်ပြခဲ့သည်။

ထို့အပြင် နအဖက မေလ(၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့သည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းပြီး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးမည်ကို အဲန်အယ်လ်ဒီမှ မယုံကြည်ကြောင်း ထပ်မံဖော်ပြခဲ့သည်။

ထိုကြေညာချက်ထဲတွင် ဖွဲ့စည်းပုံရေးဆွဲရာ၌ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျင့်သုံးခဲ့သော အပေးအယူလမ်းစဉ်ကို ထောက်ပြထားပြီး တဖက်နှင့်တဖက် ညီညွတ်မျှတစွာ အပေးအယူပြုလုပ်ကာ၊ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်မည့် အဲန်အယ်လ်ဒီ၏လမ်းစဉ်ကို ထပ်မံ အတည်ပြုသည်ဟုဖော်ပြခဲ့သည်။

ထို့နောက် လူ့အခွင့်အရေး၊ တရားမျှတရေးနှင့်အမျိုးသားညီညွတ်ရေးတို့ကို အခြေခံမည့် စစ်မှန်သောဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်မည်သွားမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

❖ (PDC)

**ဂ–ဂုဏ် ကြုဂတ် စိတ်ဓါတ် အခွန့်ရှည်စေသတည်း**

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အသီးတရာ၊ အညှာတခု

အသီးတရာ အညှာတခုဟု မြန်မာမှုတွင် ဆိုထုံးရှိသည်။ အသီးလိုလျှင် အညှာခြွေက တချက်တည်းနှင့် လိုအင်ဆန္ဒပြည့်ဝနိုင်သည်။ အသီးတလုံးစီ လိုက်ခြွေနေက အမြော်အမြင်ကင်းမဲ့သော ဆင်ခြင်ဉာဏ်နည်းပါးသော ပြုမှုချက်သာ ဖြစ်လိမ့်မည်။ ထို့အတူ ပြဿနာများ မည်မျှပင်များပြားစေကာမူ ဆန်စင်ရာ ကျည်ပွေ့လိုက်နေ၍မဖြစ်။ အရင်းအမြစ်ပြဿနာကို ဖြေရှင်းနိုင်ပါက အပေါ်ယံပြဿနာများသည် ကျွဲကူးလျှင်ရေပါရဘိသကဲ့သို့ ဖြေရှင်းပြေလည်မဲ့ ဖြစ်သည်။ ဤကား လောကနိယာမဖြစ်သည်။ ပြုပြင်၍မရ လွန်ဆန်၍မရ။

ယနေ့ကာလ မြန်မာပြည်ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးသည် မပြီးဆုံးသော ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသမိုင်း အဆက်ဖြစ်သည်ဟု ဝိဂြိုဟ်ပြုကြသည်။ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒုတိယလွတ်လပ်ရေးတိုက်ပွဲဟု လက္ခဏာသတ်မှတ်ခဲ့သည်။ ဒီပဲယင်းအရေးအခင်းနှင့် ဗိုလ်ခင်ညွန့်၏ ရုတ်မတ်(၇)ချက်တို့က ဒီမိုကရေစီရေး လှုပ်ရှားသူများအကြား တိုက်ပွဲနည်းနာကွဲလွဲမှုကို ပြန်လည်ရင်ကြားစေ့ပေးနိုင်ခဲ့သည်။ ထို့အပြင် မေလ(၁၇)ရက်နေ့က ပြန်လည်စတင်ခဲ့သော အတုအယောင် အမျိုးသားညီလာခံက ဒီမိုကရေစီအင်အားစုများအား စစ်အုပ်စုအပေါ် အစွမ်းကုန် တိုက်ပွဲဝင်ရန်မှအပ အခြားမရှိပြီဖြစ်ကြောင်း အချက်ပြခဲ့သည့် မီးနီလည်း ဖြစ်သည်။

မှန်ပေသည်။ တိုက်ပွဲသဏ္ဍာန်ကို ရန်သူက ပြဋ္ဌာန်းလာသည်ဖြစ်၍ မိမိတို့အင်အားစုများအကြား ရန်သူဖြုတ်ချရေး ပေါ်လစီအပေါ် အငြင်းမပွားကြ။ ပွားလိုသူများကလည်း အင်အားမရှိကြ။ သို့သော် မည်သည့်နည်းနှင့် ဖြုတ်ချမည်နည်းဟူသောအချက်တွင်မူ တူညီသောဘုံလုပ်ငန်းစဉ် အားနည်းလျက်ရှိနေသည်ကို မြင်တွေ့နေရပေသေးသည်။ တချို့အင်အားစုများက မြန်မာပြဿနာကို ပြည်တွင်းမှာအဖြေရှာနိုင်သည့် အခြေအနေမရှိတော့၊ နိုင်ငံတကာ ပါဝင်ပတ်သက်မှုဖြင့်သာ ဖြေရှင်းနိုင်တော့မည်၊ သို့ပါ၍ ကုလသမဂ္ဂ ကြားဝင်ဖြေရှင်းမှုကို ပို၍အလေးထား လုပ်ဆောင်လိုကြသည်။ တချို့ကမူ အာစီယံနိုင်ငံများ၏ ဖြေရှင်းမှုကိုပင် အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည်သဖွယ် အားထားနေကြသည်ကို တွေ့မြင်နေရသည်။ တချို့ကမူ ဘယ်တော့မှ မလာနိုင်သော လာမည်လည်းမဟုတ်သော၊ လာလျှင်လည်း မြန်မာပြည်သူလူထုအတွက် အကျိုးယုတ်မည်မှာ သေချာသော "အမေရိကန်တပ်ကြီးရယ် လာပါတော့"ဟု ရယ်စရာလိုလိုနှင့် အတည်ပေါက် ပြောဆိုနေကြသည်ကို မကြားချင် မမြင်ချင်အဆုံး ဖြစ်သည်။

ပြောပလောက်အောင် အင်အားမရှိသော်လည်း ဖွာလောင်ဖွာလောင်ဖြင့် ဖားအော်သလို အော်တတ်သူအချို့ကလည်း၊ ခေါင်းဆောင်မှုအပေါ် အပြစ်ဖို့၍ ပြုပြင်ပြောင်းလဲပါဟု တစာစာ အော်လာကြသည်လည်း ရှိသည်။

လူထုလှုပ်ရှားမှုပေါ်ပေါက်လာနိုင်သည်ဆိုသည်ကို သိရှိနေသောနအဖသည် ကာကွယ်တားဆီးရန် အစွမ်းကုန်ပြင်ဆင်လျက်ရှိသည်။ လူထုလှုပ်ရှားမှုသည် စစ်အာဏာရှင်စနစ်ကို အပြီးအပိုင်ဖျက်သိမ်းနိုင်သည့် တခုတည်းသော စွမ်းအားဖြစ်သကဲ့သို့ နအဖ၏အားအနည်းဆုံးသော ပျော့ကွက် (Achilles' Heel) ဖြစ်သည်။

သို့ပါ၍ ယနေ့ကာလ၏ အဓိကနှင့်ပဓာနတာဝန်မှာ ရန်သူနအဖအား စွန့်လွှတ် ပိုင်းဖြတ်သော စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရန်ဖြစ်သည်။ ထိုသို့ တိုက်ပွဲဝင်ရာတွင် အသီးတရာ အညှာတခုဆိုရိုးပြုသကဲ့သို့ **"လူထုလှုပ်ရှားမှု ပေါ်ပေါက်ရေးအခြေအနေကိုဖန်တီးရေး"**သည် ဒီမိုကရေစီအင်အားစုများအတွက်၊ **မဏ္ဍိုင် သေနင်္ဂဗျူဟာ** ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိ။ တိုက်ပွဲ နည်းနာပေါင်းစုံကို နယ်ပယ်ပေါင်းစုံ၌ ကျင့်သုံးရန် မလွဲမသွေ လိုအပ်သော်လည်း ယင်းသို့ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်သည် လူထုလှုပ်ရှားမှုပေါ်ပေါက်ရေး အခြေအနေကိုဖန်တီးရေး သေနင်္ဂဗျူဟာ၏ လက်အောက်ခံသာဖြစ်ရမည်။ ဟိုဟာလည်းကောင်းသည်၊ ဒါလည်းကောင်းသည်၊ ယနေ့ခေတ်က သီအိုရီကြီးအတိုင်း ကျင့်သုံးနေ၍မရဟု ထွေပြားဝေဝါး၍ ဆန်စင်ရာ ကျည်ပွေ့လိုက်မှုမျိုးသည် ပေါ်လစီချမှတ်သူတို့အား အကြီးအကျယ်မှားယွင်းမှုကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ နည်းလမ်းပေါင်းစုံကို ကျင့်သုံးရမည်မှန်ပါသော်လည်း လူထုလှုပ်ရှားမှု ပေါ်ပေါက်ရေးကို ဦးတည်ချက်ထားဖန်တီးရေးသည်သာ ယနေ့ကာလ၏ မှန်ကန်သော သေနင်္ဂဗျူဟာ ဖြစ်ပါကြောင်း၊ လူထုကိုယုံကြည်၍ လူထုပါဝင်နိုင်သော ဘုံလုပ်ငန်းစဉ်ကို ချမှတ်ရန် လိုအပ်နေပါကြောင်း၊ တိုက်တွန်းရပေသည်။ ❖

## (၄၂) ကြိမ်မြောက် (၇) ဂျူလိုင်အရေးအခင်း ကျောင်းသားတပ်မတော်က ဦးဆောင်ကျင်းပ



(၇)ဂျူလိုင်အရေးအခင်းနှင့်ပတ်သက်၍ ဦးအောင်စောဦးမှ ရှင်းပြနေစဉ်

ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကို ဗိုလ်နေဝင်းစစ်အုပ်စုမှ ဗုံးခွဲ ဖျက်ဆီးခဲ့ပြီး၊ ကျောင်းသားရာကျော် သွေးမြေကျ သတ်ဖြတ်ခံခဲ့ရသည့် (၇)ဂျူလိုင်အရေးအခင်း (၄၂)ကြိမ်မြောက်နေ့ အခမ်းအနားကို ကျောင်းသားတပ်မတော်က နယ်စပ်တနေရာ၌ ၂၀၀၄ ခုနှစ် ဇူလိုင်(၇)ရက်နေ့ကကျင်းပခဲ့ရာ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ အပါအဝင် မဟာမိတ်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ဦးမျိုးဝင်း၊ ဦးအောင်စောဦး၊ ဖဒိုမန်းရှာတို့မှ (၇)ဂျူလိုင်အရေးအခင်းနှင့်စပ်လျဉ်း၍ အသီးသီး ဟောပြောခဲ့သည်။ ဟောပြောပွဲမစတင်မီ၊ သံဃာတော်များအား ဆွမ်းကပ်ပင့်ဖိတ်၍ ကျဆုံးသူများအတွက် အမျှအတန်း ပေးဝေခဲ့ကြသည်ဟု ဆိုသည်။ ယင်းအစည်းအဝေးဖြစ်မြောက်ရေးကို ဦးဆောင်စီစဉ်သူ အေဘီအက်စ်ဒီအက်ဖ် ဗဟိုဦးဆောင်ရေးကော်မတီဝင် ဦးလွမ်းဏီမှ ကျောင်းသားတပ်မတော်သည် (၇)ဂျူလိုင်အရေးအခင်းတွင် ကျရာတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံးသွားသည့် ကျောင်းသားအပေါင်း၏ မျှော်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် မဆုတ်မနစ် တိုက်ပွဲဝင်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အလှည့်အပြောင်းကာလတွင် နောင်တော်ကျောင်းသားကြီးများ နည်းတူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံလျက်ပိုင်းဖြတ်သော စိတ်ဓာတ်ဖြင့် ကျရာတာဝန်များကိုထမ်းဆောင်ရေးသည် ကျောင်းသားတပ်မတော်၏ သမိုင်းတာဝန်ဖြစ်ပါကြောင်းနှင့် ရန်သူကိုတိုက်ပွဲဝင်နိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။❖

## အာဏာဟူသမျှ လွှတ်တော်သို့အပ် ဗမာပြည်ကွန်မြူနစ်ပါတီ (စီပီဘီ)မှ ကြေညာချက်ထုတ်ပြန်

သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇူလိုင်လ(၆)ရက်နေ့ နေ့စွဲဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူမှ ထုတ်ပြန်ချက်အမှတ် ၄/၂၀၀၄ ကို ထုတ်ပြန်လိုက်သည်။

ယင်းကြေညာချက်တင် စီပီဘီ က ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို အရင်ဆုံးအကောင်အထည်ဖော်ရန်၊ ၁၉၉၀ ပြည့်လွှတ်တော်ခေါ်ရန်နှင့် ၁၉၉၀ ပြည့်လွှတ်တော်သို့ အာဏာကုန်အပ်ရန် တောင်းဆိုကြောင်းဖော်ပြထားသည်၊ ထို့ပြင် ဂျာကာတာတွင်ကျင်းပခဲ့သော အာစီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ နအဖ၏ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်မှ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်အရွေးခံနိုင်မည်ဟု ပြောကြားချက်နှင့် စပ်လျဉ်း၍ ၁၉၉၀ ပြည့်လွှတ်တော်ကသာလျှင် ရွေးကောက်ပွဲသစ်ကိစ္စ ဆုံးဖြတ်ရမည်ဟု ယုံကြည်ကြောင်း၊ သော့ချက်ကိစ္စမှာ အာဏာဟူသမျှ လွှတ်တော်သို့အပ်ရန် ဖြစ်သည်ဟု ပါရှိကြောင်း သိရှိရပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၉ ခုနှစ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သည့် နိုင်ငံရေးပါတီတရပ်ဖြစ်သည်။ ယခုအခါ မြေအောက်ပါတီတရပ်အနေဖြင့် ရပ်တည်နေသည်။❖


ဗမာပြည်ကွန်မြူနစ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးအောင်ထက်

## ရှမ်းပြည်နယ် နမ့်စမ်မြို့တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်၊ နမ့်စမ်မြို့တွင် ဒေသခံ ထောက်လှမ်းရေးများက မျက်ခြေမပြတ် စောင့်ကြည့်နေသည့်ကြားမှ အဖွဲ့ချုပ်ပါတီဝင်များက ၅၇ ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

နမ့်စမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဌေး ဦးဆောင်၍ အဖွဲ့ချုပ်ဝင်တဦး၏နေအိမ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကာ သံဃာတော် (၃) ပါးအား ဆွမ်းကပ်လှူဒါန်းခဲ့ကြသည်။

ထိုအခမ်းအနားသို့အဖွဲ့ချုပ်ဝင် ၁၅ ဦးနှင့် ဖိတ်ကြားထားသူ ၃၀ ဦးတို့က ပင်နီအင်္ကျီများဝတ်ဆင်ကာ တက်ရောက်ခဲ့ကြပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား (၁)မိနစ်ကြာ ငြိမ်သက်စွာ အလေးပြုခဲ့ကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများဟောပြောခဲ့သည့် မိန့်ခွန်းများနှင့် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ဟောပြောခဲ့ကြကြောင်း သိရသည်။❖



## လူထုဆန္ဒဖော်ထုတ်သည့် အစီအစဉ် အဖွဲ့ချုပ်က စတင်နေပြီ

၅၇ နှစ်မြောက် အာဇာနည်နေ့တွင် ချမှတ်ခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များအရ နေအိမ်အကျယ်ချုပ်ကျခံနေရသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်နှစ်ဦးဖြစ်ကြသည့် ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ပြန်လည်လွတ်မြောက်ရေး၊ နိုင်ငံတဝှမ်းလုံးရှိ အဖွဲ့ချုပ်ရုံးခန်းများအားလုံး ပြန်ဖွင့်ခွင့်ရရေးနှင့်၊ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေးတို့အတွက် ပြည်လုံးကျွတ် လှုပ်ရှားမှုတရပ်အဖြစ် အဖွဲ့ချုပ်ဝင်များအားလုံးနှင့် ပြည်သူလူထုအားလုံး စုပေါင်းပါဝင် လက်မှတ်ထိုးသည့်အစီအစဉ်ကို ရန်ကုန်တိုင်း အပါအဝင် အချို့ပြည်နယ်နှင့် တိုင်းများတွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်အရ ရန်ကုန်တိုင်းအတွက် ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံးတွင် လက်မှတ်ထိုးရန် စာအုပ်ဖွင့်လှစ်ထားပြီး ယနေ့အချိန်အထိ လွှတ်တော်ကိုယ်စားလှယ်(၆၆)ဦးအပါအဝင် အဖွဲ့ချုပ်ဝင်များ၊ ပြင်ပမှ ပြည်သူလူထုများ၊ စုစုပေါင်း(၇၀၀)ခန့်တို့က လက်မှတ်များ ရေးထိုးသွားကြပြီဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းတွင် တိုင်းစည်းများအားလုံး လက်မှတ်ထိုးပြီး ဖြစ်ကြောင်း တိုင်းစည်းရေးအဖွဲ့ဝင် ဒေါ်ဝင်းမြမြ အဆိုအရသိရပြီး ခရိုင်မြို့နယ်များ အဆင့်ဆင့်ကို အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့တွင် ယခုလ(၂၅)ရက်နေ့တွင် စတင်ပြုလုပ်သွားမည်ဖြစ်ပြီး (၂၇)ရက်နေ့တွင် တိုင်းအတွင်းရှိ ခရိုင်များအားလုံးတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘာဘာ အဆိုအရ သိရသည်။

ထို့အတူ မွန်ပြည်နယ်နှင့်ကရင် ပြည်နယ်များတွင်လည်း အဆိုပါလှုပ်ရှားမှုအတွက် အစီအစဉ်များချမှတ်ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။❖

## အဖွဲ့ချုပ်မှ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ၂၀၀၂ ခုနှစ်၊ ဇွန်လ နေအိမ်မှ အကျယ်ချုပ်နှင့် လွတ်မြောက်လာပြီး နောက်ပိုင်းတွင် အေအိုင်ဒီအက်စ် တားဆီးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းလုပ်ငန်းအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP)၊ ယင်းလုပ်ငန်းများရံပုံငွေအဖွဲ့( UNICEF) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ယင်းလုပ်ငန်းအဖွဲ့သည် ပထမဦးစွာ အဖွဲ့ချုပ်အဖွဲ့ဝင်(၁၉)ဦးကို အေအိုင်ဒီအက်စ် တားဆီးကာကွယ်ရေး၊ ပညာပေးသင်တန်းများပို့ချပေးပြီး၊ ယင်းအဖွဲ့ဝင်များမှတဆင့်ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပေးနေသည်ဟုဆိုသည်။ ယင်းသင်တန်းဆင်းသူ အဖွဲ့ချုပ်ဝင်များဟာ သူတို့နေထိုင်ရာ ရပ်ကွက်၊ မြို့နယ်များမှာ ထပ်မံစည်းရုံး၍ သင်တန်းများပေးကြောင်း၊ ရောဂါရှိသူများကိုလည်းကုသရေးဌာနများသို့ ပို့ပေးကြောင်း၊ အတွင်းရေးမှူး ဦးလွင်ကထုတ်ဖော်ပြောဆိုခဲ့သည်။ အဖွဲ့ချုပ်ဝင်များက ဆေးကုသရေးသာမက ဆင်းရဲသောလူနာများအား အာဟာရအတွက်လည်း တတ်နိုင်သလောက် ထောက်ပံ့ရကြောင်း သတင်းရရှိသည်။ ယခုလောလောဆယ်တွင် အဖွဲ့ချုပ်မှ ရန်ကုန်တိုင်းနှင့် မကွေးတိုင်းအတွင်း အေအိုင်ဒီအက်စ် မပြန့်ပွားရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာမှ ရှမ်းပြည်နှင့် မကွေးတိုင်းတွင်ပါ တိုးချဲ့လုပ်ဆောင်သွားမည်ဟု သိရသည်။❖

## ပဲခူးတိုင်းကဝမြို့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း လွတ်မြောက်နယ်မြေသို့ ထွက်ခွာလာ

**ဇူလိုင်၊ (၂၂)ရက်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်း ကဝမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မြေ ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်းသည် နယ်စပ်လွတ်မြောက်နယ်မြေသို့ ယခုလ(၂၀)ရက်နေ့က ထွက်ခွာလာကြောင်း သိရသည်။

၎င်းက နအဖစစ်အုပ်စုသည် လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံကို မပြီးပြီးအောင်ဆက်လုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကိုလည်း မဖြစ်ဖြစ်အောင် ပြုလုပ်သွားမည်ဖြစ်သည့်အတွက် အဖွဲ့ချုပ်ဝင်များအပေါ် ယခုထက် ပိုမိုဖိနှိပ်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ထိုင်ပြီးဘာမှလုပ်မရဘဲ နေနေရသည်ထက် လွတ်မြောက်နယ်မြေရှိ အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအဆင်ပြေမည်ဟု မျှော်မှန်း၍ ထွက်ခွာလာခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဒေါက်တာမျိုးဝင်းသည် ပြည်သူ့လွှတ်တော်ခေါ်ယူရေး ကြိုးပမ်းခဲ့သည့်ကာလ (၁၉၉၈ မှ ၂၀၀၁ ခုနှစ်အတွင်း)အခြားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များနည်းတူ ရဲမွန်တပ်မြို့တွင် ထိန်းသိမ်းခံခဲ့ရသည်။

၎င်းသည် လွတ်မြောက်နယ်မြေကို ရောက်ရှိလာပြီးနောက်ပိုင်း လုပ်သင့်လုပ်ထိုက်သည်များအား တတပ်တအားအဖြစ် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ဒေါက်တာမျိုးဝင်းသည် နအဖ၏ ဖိနှိပ်မှုကြောင့် ပြည်ပကိုထွက်ခွာလာရသည့် ၂၈ ဦးမြောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်။❖

## ဗိုလ်ချုပ်ကြီးမြ ဆေးရုံမှဆင်းပြီ ထိုင်းတပ်မတော်မှ လေယာဉ်ဖြင့်နေအိမ်သို့ ပို့ဆောင်



ကေအဲန်ယူ ဒု ဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီး စောဘိုမြ

၂၀၀၄ ခုနှစ် ဧပြီလမှစ၍ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများ အပြင်းထန်ခံစားနေရမှုကြောင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဆေးရုံတရုံတွင် (၃)လကျော်မျှ တက်ရောက်ကုသခဲ့ရသော ကေအဲန်ယူ ဒု ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြသည် ရောဂါ သက်သာလာသဖြင့် ယခုလ(၂၃)ရက်နေ့တွင် ဆေးရုံမှ ဆင်းလာသည်ဟု သိရသည်။

ဘန်ကောက်မှ ထိုင်းမြန်မာနယ်စပ်တနေရာရှိ ဗိုလ်ချုပ်ကြီးမြ၏ နေအိမ်သို့၊ ထိုင်းတပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်ဟု ခိုင်လုံသော သတင်းရပ်ကွက်မှ ထုတ်ဖော်ပြောကြားသည်။

ဗိုလ်ချုပ်ကြီးမြ၏ ကျန်းမာရေးအခြေအနေမှာ လတ်တလောတွင်း စိုးရိမ်ဖွယ်ရာမရှိသော်လည်း၊ လုပ်ငန်းတာဝန်များကို ပြန်လည်တာဝန်ယူလာနိုင်သည်အထိမူ အချိန်ယူရဦးမည်ဖြစ်သည်ဟု အသက်(၇၃)နှစ်အရွယ်ရှိ ကရင် ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်မြနှင့်နီးစပ်သော အသိုင်းအဝိုင်းမှ သတင်းများအရ သိရှိရသည်။

ဗိုလ်ချုပ်ကြီးမြဆေးရုံတက်နေစဉ် ကာလတွင်း၊ ကရင်အမျိုးသားညီလာခံကျင်းပရန်မူလက အစီအစဉ်ရှိသော်လည်း ဗိုလ်ချုပ်ကြီးမတက်ရောက်နိုင်သဖြင့် ယင်းညီလာခံကို တနှစ်ရွှေ့ဆိုင်းခဲ့သည်။❖

## အဖွဲ့ချုပ်အောက်ခြေအဆင့်လှုပ်ရှားမှုများ ပြန်လည်စတင် မိတ္ထီလာခရိုင်ခေါင်းဆောင်များ အစည်းအဝေးကျင်းပ

ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့သည့် ၂၀၀၃ ခုနှစ် မေလ(၃၀)ရက်နေ့ အဖွဲ့ချုပ်ရုံးများကို တနိုင်ငံလုံး ပိတ်လိုက်ခြင်းအားဖြင့် အဖွဲ့ချုပ်လှုပ်ရှားမှုများကို အာဏာပိုင်များက ပိတ်ပင်ထားသော်လည်း၊ အခက်အခဲ အမျိုးမျိုးကြားမှပင် အဖွဲ့ချုပ်အဖွဲ့ဝင်များက နိုင်ငံရေးလှုပ်ရှားမှုများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း၊ အမည်မဖော်လိုသူ မန္တလေးတိုင်း အဖွဲ့ချုပ်ခေါင်းဆောင်တဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

မိတ္ထီလာခရိုင်အတွင်းရှိ တောင်သာ၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ သာစည်နှင့် မိတ္ထီလာတို့မှ မြို့နယ်အဆင့် ခေါင်းဆောင်(၅၀)နီးပါးခန့်တို့က ဇူလိုင်လ(၁)ရက်နေ့၌ မိတ္ထီလာမြို့၌ အစည်းအဝေးတရပ် ကျင်းပခဲ့ကြသည်။ ယင်းအစည်းအဝေးမှ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အကျဉ်းကျခံနေရဆဲဖြစ်သည့် အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဒီမိုကရေစီ အင်အားစုများ အမြန်ဆုံးလွတ်မြောက်ရေး၊ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ရုံးများ အမြန်ဆုံး ဖွင့်လှစ်ရေးတို့ကို တောင်းဆိုကြောင်း ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုသည်။ ထို့အပြင် မိတ္ထီလာခရိုင် အဖွဲ့ချုပ်မှ (၅၇)ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရန်ကိုလည်း ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။❖

## ဒီပဲယင်း ကျီရွာတွင် (၅၇)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား ကျင်းပ

ပြီးခဲ့သည့် မေလ ၃၀ ရက်နေ့က ကမ္ဘာကျော်အကြမ်းဖက်မှုကြီးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ကျီရွာတွင် (၅၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားကို ဒီပဲယင်းနှင့် ခင်ဦးမြို့နယ်အဖွဲ့ချုပ်ဝင်များက ဦးဆောင်၍ ကျီရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဒီဗွီဘီသတင်းများအရ သိရသည်။

ထိုအခမ်းအနားသို့ အဖွဲ့ချုပ်ဝင်များ၊ ကျီရွာသူရွာသားများ စုစုပေါင်း (၆၀)နီးပါး တက်ရောက်ခဲ့ကြပြီး ကျီရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် အပါအဝင် သံဃာတော် (၄)ပါးကို ဝါဆိုသင်္ကန်း ကပ်လှူခဲ့ပြီး အာဇာနည်နေ့ တရားတော်နာယူခဲ့ကြသည်။

အဆိုပါ သံဃာတော်များတွင် ဒီပဲယင်း လုပ်ကြံမှုအပြီး ရွှေဘိုထောင်တွင် ဖမ်းဆီးခံခဲ့ရသည့် ဦးဝိမလနှင့် ဦးဇဝနတို့ပါ ပါဝင်သည်ဟုဆိုသည်။ ဝါဆိုသင်္ကန်း ကပ်လှူပြီးသည့်နောက် အာဇာနည်ခေါင်းဆောင်ကြီးများအားအလေးပြုသည့် အစီအစဉ်နှင့် ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း သတ်ဖြတ်ခံရသည့် အာဇာနည်များအား ဂုဏ်ပြုအစီအစဉ်များ ဆက်လက် ကျင်းပခဲ့ကြကြောင်း ခင်ဦးနှင့် ဒီပဲယင်းအဖွဲ့ချုပ်ဝင်များမှ ရရှိသည့်သတင်းကို ကိုးကား၍ ဒီဗွီဘီသတင်းတွင် ဖော်ပြခဲ့သည်။ ❖

## ဒီပဲယင်းလုပ်ကြံမှု ဦးဆောင်ခဲ့သူများ စာရင်းအတိအကျ အဲန်စီဂျီယူဘီက သတင်းထုတ်ပြန်




ဒီပဲယင်း
လုပ်ကြံမှုတွင်
အာဏာပိုင်
များက
မူးယစ်ဆေး
တိုက်ကျွေးထား၍
အကြမ်းဖက်
နေကြသူများ

မေ–၃၀ ဒီပဲယင်းလုပ်ကြံမှုကြီးအား အာဏာပိုင်များဘက်မှ စနစ်တကျ ကြိုတင်ပြင်ဆင်မှုနှင့် ထိုလုပ်ကြံမှုကြီးကို ဦးဆောင်ခဲ့သည့် အာဏာပိုင်များစာရင်းကို ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရက အချက်အလက် နေ့ရက်အတိအကျ ဖော်ပြလျက် ပြီးခဲ့သည့်လ (၂၉)ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုသတင်းထုတ်ပြန်ချက်တွင် လုပ်ကြံမှုကြီးမဖြစ်မီ မေ(၂၆)ရက်မှစ၍ မေ(၃၀)ရက်နေ့အထိပြုလုပ်ခဲ့သည့် ဒီပဲယင်းမြို့ အာဏာပိုင်များ၏ကြိုတင်ပြင်ဆင်မှုများကို ဖော်ပြထားရာ မေ(၂၆)ရက်နေ့က ဒီပဲယင်းမြို့ ဆရာစံခန်းမအတွင်း စုစည်းထားသည့် စွမ်းအားရှင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသောင်းဝင်းက တုတ်ရိုက်နည်း၊ တိုက်ခိုက်နည်းများ ဦးဆောင်ပို့ချခဲ့သည်ဟု ဆိုသည်။ ထို့ပြင် ကြံ့ဖွံ့နှင့်စွမ်းအားရှင်များအား မြို့နယ် မယက အတွင်းရေးမှူး ဦးသက်ထားအောင်နှင့် မြို့နယ်ကြံ့ဖွံ့အမှုဆောင် ဦးအောင်စိုးဝင်းက စီမံကွပ်ကဲခဲ့ကြောင်း၊ အကြမ်းဖက်သမားများအား စိတ်ကြွဆေးများကျွေးသည့်အစီအစဉ်ကို ဒီပဲယင်း မြို့မရပ်ကွက် ရယက ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် ရယကအဖွဲ့ဝင် ဦးမြဝင်းတို့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စသည့်အချက်အလက်များကို တိကျစွာဖော်ထုတ်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ အဲန်စီဂျီယူဘီသတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးဇင်လင်းက ယခုသတင်းထုတ်ပြန်ချက်ပါ အချက်အလက်များသည် ထိုအရေးအခင်းကြီးအတွင်း ပါဝင်ခဲ့သူများ၊ အာဏာပိုင်များ၏ အသုံးချခြင်းကို ခံခဲ့ရသည့် အတွင်းလူများထံမှ ရရှိသည့်အချက်အလက်များဖြစ်သည့်အတွက် အမည်၊ နေ့ရက်နှင့်တကွ အတိအကျ ပြောနိုင်ခြင်းဖြစ်ကြောင်း ဒီဗွီဘီ သတင်းဌာနကို ပြောကြားခဲ့သည်။

ထို့အပြင် ဒီပဲယင်းလုပ်ကြံမှုကြီး အမှန်အတိုင်း ပေါ်ပေါက်လာသည်အထိ သတင်းအချက်အလက်လျှားအား ဆက်လက်ထုတ်ပြန်သွားရန် စုဆောင်းနေကြောင်း ပြောကြားသွားခဲ့သည်။❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# အလွမ်းကဗျာ အလွမ်းစာ (၃)

ညိုဇီ

ဖေဖော်ဝါရီလမှာလည်း ဇန်နဝါရီလလိုပဲ အလွမ်းပန်းဝေရမည့်သူ (၂)ယောက်ရှိပါသည်။ ဦးခင်မောင်မြင့်နဲ့ ဦးသိန်းတင်တို့ဖြစ်ပါတယ်။ သူတို့(၂)ဦးက တလတည်းပေမယ့် နှစ်ခြားပြီးမှ ကွယ်လွန်ခဲ့တာပါ။ ဦးခင်မောင်မြင့်က နှစ်စောပြီး ကွယ်လွန်ခဲ့ပါတယ်။ ယခု(၁၆–၂–၀၄)နေ့မှာ ဦးခင်မောင်မြင့် ကွယ်လွန်တာ (၁၁)နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ လွန်ခဲ့တဲ့(၁၆–၂–၉၃)နေ့က ကွယ်လွန်ခဲ့တာပါ။

ဦးခင်မောင်မြင့်က ကျွန်ုပ်တို့ထက် အသက်လည်း ကြီး၊ ဝါလည်း ကြီး၊ အတွေ့အကြုံလည်းကြီးတဲ့သူပါ။ ကျွန်ုပ်တို့ မျိုးဆက်အားလုံးက ဦးခင်မောင်မြင့်ကို ဆရာလို၊ အကိုလို၊ ခေါင်းဆောင်တယောက်လို၊ ရဲဘော်ကြီးတယောက်လို သဘောထား ဆက်ဆံကြပါတယ်။ ချစ်ခင်လေးစားကြပါတယ်။ သူ့အဆိုအမိန့် အဆုံးအမကိုလည်း နာယူလက်ခံကြပါတယ်။ သူ့ကို အားလည်းကိုးကြပါတယ်။ သူကွယ်လွန်တော့ အားလုံးနက်နက်ရှိုင်းရှိုင်း ထိခိုက်ကြေကွဲ ဝမ်းနည်းကြပါတယ်။ နှမြောတသ အစားမထိုးနိုင်ခံစားကြရပါတယ်။

“ပြည်သူ့တိုးတက်ရေးပါတီ”ဥက္ကဋ္ဌဖြစ်တဲ့ ဦးခင်မောင်မြင့်ဟာ နိုင်ငံရေးအစဉ်အလာကြီးမားသူ နိုင်ငံရေးသမားစစ်စစ်တဦးလည်းဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်တဦးလည်း ဖြစ်ခဲ့ပါတယ်။ (၁၉၉၄) ခုနှစ်မှာ ရန်ကုန်ခရိုင် ကျောင်းသားသမဂ္ဂ (ရကသ) အမှုဆောင်တဦး ဖြစ်နေပါပြီ။ (၁၉၅၁)ခုနှစ် ဩဂုတ်လ(၁၅)ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ)မှာလည်း အမှုဆောင်တဦးဖြစ်ခဲ့ပြီး၊ (၁၉၅၂–၅၃)ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တကသ)မှာလည်း အမှုဆောင်တဦးဖြစ်ခဲ့ပါတယ်။ (၁၉၅၃)ခုနှစ် အောက်တိုဘာလ အရေးတော်ပုံ ခေါင်းဆောင်တဦးလည်းဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်အဖြစ် အတွေ့အကြုံကြီးမားသလို နိုင်ငံရေးပါတီအဖွဲ့အစည်းများမှာလည်း အတွေ့အကြုံကြီးမားသူလည်း ဖြစ်ပါတယ်။ ပဲခူးခရိုင် “ပမညတ”သဘာပတိအဖွဲ့ဝင်၊ သခင်သင်၊ ဦးအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်းအစ်ကို)၊ ဗိုလ်လရောင်တို့ ခေါင်းဆောင်တဲ့ “ပြည်သူ့ဒီမိုကရေစီ”“အမျိုးသားတိုးတက်ရေးပါတီ”ရဲဘော်ပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့၊ ပြည်သူ့တိုးတက်ရေးပါတီ(အဟောင်း)တို့မှာလည်းအမှုဆောင်အဖြစ် တာဝန်ယူခဲ့ဖူးသူပါ။

ဦးခင်မောင်မြင့်ဟာ ဒေးဒရဲဇာတိဖြစ်သော်လည်း ပဲခူးမှာ အနေများခဲ့ပါတယ်။ ကျောင်းဆရာလည်း လုပ်ခဲ့ဖူးပါတယ်။ အပြောအဟောကောင်းသူ တဦးလည်းဖြစ်ပြီး နိုင်ငံရေးတရားပွဲများမှာ နာမည်ကြီးတယောက်ဖြစ်ပါတယ်။ နောက်ပိုင်းနှစ်များမှာတော့ ရန်ကုန်မှာပဲအခြေချနေထိုင်ခဲ့ပါတယ်။ ပုဇွန်တောင်ဈေးထဲမှာ ဆေးလိပ်အရောင်းအဝယ်ကိုယ်စားလှယ်ဆိုင် ဖွင့်ခဲ့ပါတယ်။ ဦးခင်မောင်မြင့်ဟာ လက်တွေ့ဘောက်ဆာ’သမားတဦး ဖြစ်ခဲ့ဖူးတယ်ဆိုရင် အားလုံးအံ့သြကြမှာပါ။ အဲဒီအကျိုးဆက်လို့ ပြောရင်ရမယ်ထင်ပါတယ်။ ဦးခင်မောင်မြင့်ဟာ ရဲရင့်တယ်၊ ပြတ်သားပွင့်လင်းတယ်၊ ဖြောင့်မတ်မှန်ကန်တယ်၊ တိကျခိုင်မာပြီး ချက်ချင်း တုံ့ပြန်တတ်တယ်။ မတွေဝေဘူး၊ အချိန်မဆွဲဘူး။ စိတ်ကူးမယဉ်ဘူး၊ ရှည်ရှည်ဝေးဝေးနဲ့ အပိုလောကဝတ်စကားတွေ ပြောလေ့မရှိဘူး၊ ဒါပေမယ့် အများအတွက် တာဝန်ယူ ခေါင်းခံဖြေရှင်းကူညီတတ်သူတဦးပါ။ ကျွန်ုပ်တို့အဝန်းအဝိုင်းမှာ ဦးခင်မောင်မြင့်ရဲ့ အကူ အညီကင်းသူ ရှားပါတယ်။ အပြောအဆိုကသာ ပြတ်သားမာကျောတာပါ။ နှလုံးသားကတော့ ကြင်နာနူးညံ့လှတဲ့ ပန်းပွင့်နှလုံးသား မျိုးရှိသူပါ။



ဦးခင်မောင်မြင့်နဲ့ ဆက်ဆံဖူးသူတိုင်းက သူရဲ့ထူးခြားတဲ့အရည်အချင်း၊ ပြောင်မြောက်တဲ့ လုပ်ဆောင်ချက်၊ ရပ်တည်ချက်များကို အသိအမှတ်မပြုဘဲ မနေနိုင်ကြပါဘူး။ ဦးခင်မောင်မြင့် ကွယ်လွန်စဉ်က လေထီး ဦးအုန်းမောင်(ကွယ်လွန်) ရေးခဲ့တဲ့ မှတ်ချက်ကလေးကို ကြည့်ရင် သိနိုင်ပါတယ်။

“တို့ပေါင်းသင်းလာခဲ့တာ အနှစ်(၄၀)ကျော်ပြီ၊ မင်းကအံ့သြစရာကောင်းသော ‘လူ’ တယောက်ပါလားဆိုတာကတော့ ကိုကိုးကျွန်းအကျဉ်းထောင်စံပြီးကတည်းက အားလုံးအသိအမှတ်ပြုပြီးဖြစ်သည်။

မင်းက မိမိအသက်ကိုပင် ပဓာန မထားသူတယောက် မဟုတ်ပါလား။”

"Thef Foot-print that you left on this earth would always be recognized in history of this country."

အုန်းမောင်(၂၂–၂–၁၉၉၃)

ဦးခင်မောင်မြင့်ဟာ‘ဂဂ’အရေးအခင်းမတိုင်မီ နိုင်ငံရေးလုပ်ဆောင်ချက်များကြောင့် ထောင်အကြိမ်ကြိမ်ကျခဲ့သည်။ “၄ ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲ၊ ၅ ခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲ”များတွင် ငြိမ်းချမ်းရေးတပ်မှူးအဖြစ် ပဲခူးစစ်ကြောင်းမှ ပါဝင်ဦးဆောင်ချီတက်ခဲ့သည်။ ငြိမ်းချမ်းရေး မြတ်နိုးလိုလားသူပီပီ၊ ဗိုလ်နေဝင်း၏ (မဆလ) အစိုးရနှင့် တောတွင်းလက်နက်ကိုင်အဖွဲ့များ၏ ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲတွင် တက်ကြွစွာလှုပ်ရှားခဲ့သည်။ ထို့ကြောင့် ဖမ်းဆီးခံရပြီး ကိုကိုးကျွန်းသို့ အပို့ခံခဲ့ရသည်။ ကျွန်းဖျက်သိမ်းရေး တိုက်ပွဲခေါင်းဆောင်တဦးဖြစ်ခဲ့သည်။ (၅၅)ရက် အစာငတ်ခံဆန္ဒပြသပိတ်တိုက်ပွဲ၌ ဦးခင်မောင်မြင့်၏ ရဲရင့်ပြတ်သားသော အဆုံးအဖြတ်ပေးမှုက သေအံ့မူးမူးရဲဘော်များ၏ အသက်ကို အချိန်မီကယ်တင်နိုင်ခဲ့လေသည်။ ရဲဘော်ခင်မောင်မြင့်ဟေ့ဟုဆိုလျှင် လူငယ်ကျောင်းသား မျိုးဆက်များက ကြည်ညိုချစ်ခင် အားကိုးကြသလို နိုင်ငံရေးလုပ်ဖော်ကိုင် ဖက်များကလည်း အရေးတယူလေးစားကြသည်။ ရန်ဘက်များကတော့ ကြောက်လန့်၊ ရှိန်ကြောက်ကြလေသည်။

တချိန်က အင်းစိန်အကျဉ်းထောင်၌ အကျဉ်းသားများအပေါ် အနိုင်ကျင့် ဗိုလ်ကျတတ်သော ဝါဒါဘချောဆိုသူအား ဦးခင်မောင်မြင့်က အကျဉ်းသားများကိုယ်စား ပါးရိုက်၍ ဆုံးမလိုက်သည်။ ထိုအချိန်မှစ၍ ဝါဒါဘချောသည် အကျဉ်းသားများကို အနိုင်မကျင့်ရဲတော့ချေ။ ဦးခင်မောင်မြင့် ကိုယ်တိုင်အပြစ်ဒဏ် တိုက်ပိတ်အကျခံလေသည်။ အကျဉ်းထောင်အာဏာပိုင်များ လောကတွင် ပါးရိုက်သော ခင်မောင်မြင့် နာမည်တွင်ကျန်ရစ်ခဲ့သည်။ ဦးခင်မောင်မြင့်ကား ထိုသို့သာလူစားမျိုးဖြစ်သည်။

ဦးခင်မောင်မြင့်သည် ခန္ဓာကိုယ်က ပိန်သေးချိနဲ့သော်လည်း စိတ်ဓာတ်ကား သံမဏိလို မာကျောခက်ထန်သည်။ ကျောင်းဆရာဘဝ၌ စာအသင်အပြကောင်းသူဖြစ်၍ တပည့်များက ချစ်ခင်ကြသည်။ နိုင်ငံရေးပုဒ်မဖြင့် ထောင်(၆)ကြိမ်မျှ ကျခဲ့သော်လည်း ယုံကြည်ချက်မှာ နောက်တွန့်မသွားခဲ့ချေ။ (၁၉၅၈–၅၉)မှစ၍ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ရာ (၁၉၉၃)ခုနှစ် ကွယ်လွန်ခဲ့ချိန်ထိ ဆန့်ကျင်ခဲ့ပေသည်။ သူ့မှာအင်အားကြီးမားတဲ့ စိတ်ပါဝါ စွမ်းရည်ရှိပါတယ်။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိသူပါ။ သူ့ယုံကြည်ချက်၊ ဦးတည်ချက်အပေါ် တန်ဖိုးထားသစ္စာရှိသူလည်း ဖြစ်ပါတယ်။

ထို့ကြောင့်သာ သူ့ယုံကြည်ချက် သူ့အလုပ်ကို စိတ်ရောကိုယ်ပါ အင်မတန်ပြတ်သားစွာ လုပ်ဆောင်သွားတာပါ။ သစ္စာပါရမီနဲ့ အဓိဋ္ဌာန်ပါရမီ ဖြည့်နိုင်သူတဦးလည်းလို့ ပြောလို့ရပါမယ်။

“၁၉၈၈”အရေးတော်ပုံ၌“စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် ကျောင်းသားဟောင်းများ”အမည်နှင့် ဦးဆောင်လှုပ်ရှားခဲ့သည်။ “ပြည်သူ့တိုးတက်ရေးပါတီ”ကို အသစ်ပြန်လည် ဖွဲ့စည်းခဲ့သည်။ (၁၄)ပါတီပါဝင်သော “ဒီမိုကရေစီ မဟာမိတ်များအဖွဲ့”(ဒမဖ)တွင် နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ နယ်များသို့ ဆင်း၍ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတရားများ လှည့်လည်ဟောပြောခဲ့သည်။ ဦးခင်မောင်မြင့်၏ မုံရွာ၊ မန္တလေး၊ ပဲခူးတို့၌ ဟောပြောခဲ့သော မိန့်ခွန်းများသည် အထူးကောင်းမွန်၍ သမိုင်းတင်ရမည့်မိန့်ခွန်းများပင် ဖြစ်သည်။

ယခုစစ်အစိုးရလက်ထက် (၁၉၈၉) ခုနှစ်၌ နောက်ဆုံးအကြိမ် ဖမ်းဆီးခြင်းခံရ၏။ အထူးစစ်ခုံရုံးမှ ထောင်ဒဏ်အနှစ် (၂၀) ချခံရသော်လည်း ဦးခင်မောင်မြင့်က မဖုံ့ခဲ့ပါ။ ဤအကြိမ်တွင် ဦးခင်မောင်မြင့်၏ ကျန်းမာရေးအခြေအနေမှာ ယိုယွင်းနေပါပြီ။ နှစ်ပေါင်းများစွာ ဇွဲနပဲကြီးကြီးဖြင့် နိုင်ငံရေးဇာတ်ခုံတွင် လှုပ်ရှားခဲ့သူ၏ ကျန်းမာရေးကား အစားကောင်း၊ ဆေးဝါးကောင်းများဖြင့် ကုသခွင့်မရခဲ့ချေ။ နေ့စဉ် ထောင်တွင်း၌ ဆန်ကြမ်းထမင်းနှင့် ရေလုံပြုတ်အရည်သာ စားရသည်။ ၎င်းအစားအစာများသည် ကျန်းမာသူများကိုပင် အာဟာရချို့တဲ့စေ၍ ကျန်းမာရေးညံ့သူ ဖြစ်စေသည်။ ကျန်းမာရေးချို့ယွင်းသူအဖို့ကား သေရွာသို့ သွားခိုင်းသလို ဖြစ်စေ၏။

အင်းစိန်ထောင်တွင်း၌ ဦးခင်မောင်မြင့်သည် ဘဝတူအကျဉ်းသား လူငယ်ကျောင်းသားများ အတုယူနိုင်ရန် စံနမူနာပြအနေဖြင့် ကျင့်သုံးနေထိုင် ရပ်တည်ပြခဲ့သည်။ လူငယ်များအား စိတ်ဓာတ်အရ မြှင့်တင်အားပေးခဲ့သည်။

ကဗျာဆရာကြီး“အိုမာခယမ်”က....

“ပေါင်မုန့်တလုံးရယ် ဝိုင်အရက်တဗူး ကဗျာတအုပ်နဲ့ ချစ်သူရယ် တောကြီးထဲနေရလည်း သုခဘုံပါပဲ” .... လို့ ကဗျာစပ်ဆိုခဲ့ဖူးပါတယ်။

ဦးခင်မောင်မြင့်ကတော့ ....

“ခြသေ့်သုံးကောင်ရယ်....(သူကြိုက်သော ဆေးလိပ်)

ချိုပေါ့ကျတခွက်ရယ် .... (လက်ဖက်ရည် ကြိုက်သည်။)

တင်တင်ရယ်.... (သူ၏ချစ်ဇနီး)

နေစရာရယ်.... ရှိရင် ပြည့်စုံပါပြီလို့ လောဘနည်းစွာ ပြောခဲ့ဖူးပါတယ်။ ဒီပြောဆိုချက်ကို လူငယ်ကျောင်းသားတွေက အလွန်သဘောကျကြပါတယ်။

ဦးခင်မောင်မြင့် ကျန်းမာရေးမကောင်းလို့ အင်းစိန်ဆေးရုံရောက်နေပြီဆိုလို့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ပိန်လှီဖျော့တော့နေတဲ့ ဦးခင်မောင်မြင့်ကို သံခြေကျဉ်းနဲ့ လက်ထိပ်နဲ့တွေ့ရတာ အလွန်စိတ်မကောင်းစရာပါ။ အစားပျက်ပြီး အဟာရချို့တဲ့နေတဲ့ ဦးခင်မောင်မြင့်ဟာ ပိန်ချုံးပြီး အားအလွန်နည်းနေပါတယ်။ ဓာတ်မှန်ရိုက်ဖို့ထတဲ့အခါမှာ လဲကျရှာပါတယ်။ ဒါပေမယ့် လေသံနဲ့ စိတ်ဓာတ်ကတော့ မာကျောဆဲပါပဲ။

“ဒီဆေးရုံမှာ.... ဒီနေရာကို ထွက်လာကြပြီး ဆေးကုကြတဲ့ ကိုစိန်ဝင်း၊ ကိုညိုဝင်း၊ ဦးစိုးဝင်း သူတို့အားလုံး သေသွားကြပြီ။ ထောင်ထဲကို ပြန်မသွားနိုင်ခဲ့ကြဘူး၊ သိတယ်မလား ....”

“ငါ ခင်မောင်မြင့် ဒီနေရာမသေဘူး၊ ထောင်ထဲကိုရောက်အောင် ပြန်ဝင်မယ်”

“ငါတခုမှာခဲ့မယ်၊ ငါသေတဲ့အခါ ငါ့အလောင်းကို “ပြည်သူ့တိုးတက်ရေးပါတီ အလံ”နဲ့ ဖုံးလွှမ်းပေးပါ။“ငါ့အနေနဲ့ နောက်ဆုံးအချိန် သေတဲ့အထိ စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ ပြောလိုက်ပါ အားလုံးကိုပြောလိုက်ပါ”.... ဦးခင်မောင်မြင့်ရဲ့ မှာတမ်းစကားသံ များကနားထဲမှာ၊ ရင်ထဲမှာ ပွဲတင်ထပ် မြည်ဟီးနေပါတယ်။

“ဦးခင်မောင်မြင့် မသေနိုင်သေးပါဘူး၊ ဆေးကိုဂရုစိုက်သောက်ပါ၊ အစားကို ကြိုးစားစားပါ၊ ကျန်းမာရေးပဲ ဂရုစိုက်ပါလို့ တဖွဖွပြောနေရပေမယ့် ရင်ထဲမှာတော့ မကောင်းလှပါဘူး။”

ဦးခင်မောင်မြင့်ဟာ ပြောသလိုလုပ်တဲ့ လူမျိုးပါ။ ရက်များမကြာခင်မှာပဲ အင်းစိန်အကျဉ်းထောင်ထဲ ပြန်သွားပါတော့တယ်။ ကြည်ညိုလေးစားချစ်ခင်ရသော ဦးခင်မောင်မြင့်ကို နောက်ဆုံးအကြိမ် တွေ့ဆုံလိုက်ရခြင်းပါပဲ။ (၁၆–၂–၁၉၉၃)နေ့မှာတော့ အကျဉ်းထောင်ထဲမှာ ဦးခင်မောင်မြင့် ကွယ်လွန်သွားခဲ့ပါတော့တယ်။ သူ့ရဲ့စိတ်ဓာတ်ကတော့ “လှေခွက်ချည့်ကျန် အလံမလှဲ” ဆိုတဲ့စိတ်ဓာတ်မျိုးပါ။ အင်မတန် လေးစားစရာကောင်းလှပါတယ်။ နောက်ဆုံးအချိန်ထိ စစ်အာဏာရှင် စနစ်ဆိုးကို ဆန့်ကျင်တိုက်ပွဲဝင်သွားတဲ့ ဦးခင်မောင်မြင့် ချန်ရစ်ခဲ့တဲ့ တာဝန်နဲ့ အောင်လံကို ဆက်လက်လွှင့်ယူရင်း အလွမ်းပန်းပွင့် ကမ်းလိုက်ပါတယ်။

ဦးခင်မောင်မြင့် ကွယ်လွန်ချိန်က မျိုးဆက်သစ်လူငယ်လေးများရဲ့ မှာတမ်းကလေးကတော့....“မျိုးဆက်သစ်ရဲ့ ငှက်ငယ်တွေဟာ သူရဲကောင်းတို့ရဲ့ လမ်းကြောင်းအတိုင်း၊ သမိုင်းရေစီးထဲမှာ မွေးဖွားအားယူလျက်ပါ ဦးလေး”ဟူ၍။❖

ဦးလေး ဦးခင်မောင်မြင့်အား
ဂုဏ်ပြု ဦးညွှတ်လျက်။



# နအဖဝန်ကြီးချုပ် ဗိုလ်ခင်ညွန့် ၏ တရုတ်ခရီးစဉ်တွင် တရုတ်ဝန်ကြီးချုပ်က ပြည်တွင်းရေးကိစ္စ အစိုးရနှင့် ပြည်သူ ဖြေရှင်းရန်လိုအပ်ဟု ပြောဆို

နအဖ ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်နှင့် အဖွဲ့ဝင် (၂၀)ခန့်သည် ယခုလ (၁၁) ရက်နေ့မှ (၁၇)ရက်နေ့အထိ၊ တရုတ်ပြည်သို့ ခရီးထွက်ခဲ့ရာ ထိုခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် ဝန်ကျားပေါင်နှင့် တွေ့ဆုံခဲ့စဉ် တရုတ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် တည်ငြိမ်မှုရှိပြီး ငြိမ်းချမ်းစွာဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဒီမိုကရေစီရေး တိုးတက်မြှင့်တင် လုပ်ဆောင်ရန် မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဝန်ကျားပေါင်က မြန်မာပြည် အတွင်း ဖြစ်ပျက်နေမှုများသည် ပြည်တွင်းရေးကိစ္စသာဖြစ်ပြီး၊ အစိုးရနှင့်ပြည်သူများကသာ ဖြေရှင်းရမည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ ဗိုလ်ခင်ညွန့်ခရီးစဉ်တွင် စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးစာချုပ်(၁၁)ခုကို ချုပ်ဆိုခဲ့ပြီး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် အခြားစက်မှုပိုင်းဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် သွားမည်ဟုသိရသည်။

ဗိုလ်ခင်ညွန့်၏ ခရီးစဉ်နှင့်စပ်လျဉ်း၍ မိုးကြိုးသတင်းစဉ်မှ အဲန်အယ်လ်ဒီ လွတ်မြောက်နယ်မြေအတွင်းရေးမှူး ဒေါ်စန်းစန်းကို ဆက်သွယ်မေးမြန်းရာ ဒေါ်စန်းစန်းက နအဖက အတိုက်အခံများအပေါ်ထားရှိသော မူဝါဒများနှင့်စပ်လျဉ်း၍ စစ်တပ်အတွင်း သဘောထားကွဲလွဲမှုများရှိကြောင်း၊ ထိုသို့ ဖြစ်နေသောကာလတွင် တရုတ်မှာ နအဖ အပေါ်ထောက်ခံသည်ဟူသော အမြင်မျိုး စစ်တပ်အတွင်းဖန်တီးရန်၊ ယခုလို ဗိုလ်ခင်ညွန့်က တရုတ်ပြည်သို့သွားရောက်ခြင်း ဖြစ်ကြောင်း၊ တရုတ်အစိုးရအနေဖြင့် သူ့တိုင်းပြည်အကျိုးရှိမည်ဆိုပါက မည်သူ့ကို မဆိုလက်ခံမည်ဖြစ်ကြောင်း၊ ယခုခရီးစဉ်သည် နအဖက ကြိုတင်စီစဉ် ထားသောခရီးစဉ်ဖြစ်ပြီး၊ အိန္ဒိယနှင့်အာဆီယံက တရုတ်နှင့်နအဖဆက်ဆံရေး တိုးတက်မှုကို ပိုမိုစိုးရိမ်လာစေပြီး၊ နအဖစစ်အုပ်စုအား ပိုမို ချော့မြှူလာစေရေးအတွက် ကြိုးပမ်းချက်တရပ်ဖြစ်နိုင်ပါကြောင်း သူမ၏အမြင်ကို ထုတ်ဖော်ပြောကြားသွားသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး အစွမ်းကုန်ဆောင်ရွက်သွားမည် အိန္ဒိယအစိုးရ နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြား



ညွှန့်ပေါင်းအစိုးရ နိုင်ငံခြားရေးဝန်ကြီး နတ္တဝပ်ဆင်း

မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားမှု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွန်ဂရက်အိုင် ဦးဆောင်သော ညွှန့်ပေါင်းအစိုးရ နိုင်ငံခြားရေးဝန်ကြီးနတ္တဝပ်ဆင်းက ပြီးခဲ့သည့်လဆန်းပိုင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

ပြီးခဲ့သည့် မေလအတွင်းကျင်းပခဲ့သော ရွေးကောက်ပွဲများမှတဆင့် အာဏာရယူလာခဲ့သော လက်ဝဲနိုင်ငံရေးပါတီများ၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့်၊ ယခုကဲ့သို့ မြန်မာနိုင်ငံနှင့်ပတ်သက်သော နိုင်ငံခြားရေးဝါဒတွင် တက်ကြွစွာ ပါဝင်လာကြခြင်းဖြစ်သည်ဟု၊ ဒေလီမြို့ရှိ မြန်မာ့ရေးရာလှုပ်ရှားသူအချို့က သုံးသပ်ပြောဆိုလျက်ရှိသည်။ ယခင် ဘီဂျေပီအစိုးရ လက်ထက်တွင် နအဖအား ပိုမိုအားပေးအားမြှောက်ပြုသည့် ပေါ်လစီများကို ကျင့်သုံးခဲ့သည်ဟု ဆိုသည်။

ထိုသို့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက်အပေါ် ဘီဂျေပီပါတီဃိမ်း Pioneer သတင်းစာမှတဆင့် မြန်မာနိုင်ငံ အိန္ဒိယသံအမတ်ဟောင်း ဂျီပရာဆရာသီးက ဆန့်ကျင်ကန့်ကွက်ရေးသားခဲ့သည်ဟု သိရသည်။ ၎င်းက အိန္ဒိယအစိုးရအနေဖြင့် ကိုယ့်အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို အဓိကထားသင့်ကြောင်း အမေရိကန်နှင့် အနောက်နိုင်ငံများလို နအဖအပေါ် ပိတ်ဆို့အရေးယူမှုဝါဒ ကျင့်သုံးသင့်ကြောင်း ရေးသားထားသည်ဟု ဆိုသည်။

အဲန်အယ်လ်ဒီ၏ ပြောခွင့်ရပုဂ္ဂိုလ် အီးစီအဖွဲ့အတွင်းရေးမှူး ဦးလွင်ပြောကြားချက်များအရ အိန္ဒိယအတွင် အစိုးရအပြောင်းအလဲဖြစ်ပြီးနောက်ပိုင်း၌ ရန်ကုန်ရှိ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက အဲန်အယ်လ်ဒီနှင့် ပိုမို၍ နီးကပ်စွာ ဆက်ဆံလာသည်ဟုလည်း သတင်းရရှိသည်။ ❖

# မြန်မာ့အရေးမှ ဒေသအရေးဖြစ်လာ အီးယူနှင့် အာစီယံ ကုန်သွယ်ရေးထိခိုက်ဟု ရာဇာလီပြောဆို



မြန်မာနိုင်ငံမှာ ပိုမိုဆိုးရွားလာနေသော နိုင်ငံရေးအကျပ်အတည်းကြောင့် အီးယူနှင့် အာစီယံအကြား ကုန်သွယ်ရေးကို ထိခိုက်လျက်ရှိပြီး၊ အထူးသဖြင့် အာစီယံ၏ စီးပွားရေးထိခိုက်စ ပြုလာပြီဖြစ်တယ်

မြန်မာနိုင်ငံတွင် ပိုမိုဆိုးရွားလာနေသော နိုင်ငံရေးအကျပ်အတည်းကြောင့် အီးယူနှင့် အာစီယံအကြား ကုန်သွယ်ရေးကို ထိခိုက်လျက်ရှိပြီး၊ အထူးသဖြင့် အာစီယံ၏ စီးပွားရေးထိခိုက်စ ပြုလာပြီဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ရာဇာလီက သတင်းထောက်များသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။ ကုလသမဂ္ဂအနေဖြင့်မူ မြန်မာ့ဒီမိုကရေစီရေးအတွက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများရှာပြီး ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆို၏။

မြန်မာနိုင်ငံရေးအခြေအနေနှင့် စပ်လျဉ်း၍ အီးယူနှင့် အာစီယံနိုင်ငံများအကြား ထင်ထင်ရှားရှား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသည်။ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ကျင်းပသော အာစီယံနိုင်ငံခြားရေး ဝန်ကြီးနှင့် ARF အစည်းအဝေးတွင် အီးယူ၏ ပြည်ပဆက်ဆံရေးမင်းကြီး ခရစ္စပက်တမ်က နအဖစစ်အုပ်စုထင်သလို အုပ်ချုပ်နေသည့် မြန်မာနိုင်ငံသည် တိုင်းပြည်ပျက်သုဉ်းရေးလမ်းကြောင်းဆီသို့ ဦးတည်ရွေ့လျားနေပြီး အချိန်မရွေး ပေါက်ကွဲနိုင်သော ဗုံးတလုံးနှင့် အလားတူကြောင်းဝေဖန် ပြောကြားခဲ့သည်။ တချိန်တည်းမှာပင် အာစီယံနိုင်ငံခြားရေး ဝန်ကြီးများက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးပင် မတောင်းဆိုတော့ဘဲ၊ ရွေးကောက်ပွဲအသစ်တွင် ဒေါ်အောင်ဆန်းစုကြည်အား ဝင်ခွင့်ပေးမည်ဟု နအဖဝန်ကြီး ဦးဝင်းအောင် ပြောကြားချက်ကို တိုးတက်မှုတခုအနေဖြင့် လက်ခံခဲ့ကြောင်းသိရသည်။ အောက်တိုဘာလတွင် ကျင်းပမည့် အီးယူအာစီယံ ပူးတွဲအစည်းအဝေးမတိုင်မီ ဒေါ်စု ပြန်လွတ်လာရေးမှာလည်း မရေရာသေးကြောင်း ရာဇာလီက ဝန်ခံပြောဆိုခဲ့သည်ဟု ဆို၏။ ❖

# ယူအဲန်အတွင်းရေးမှူးချုပ် ကိုဖီအာနန် နှင့် အရှေ့ဖျားစီးပွားရေးစာစောင် သတင်းထောက်ချုပ် မိုက်ကယ် ဗီတီကီရိုးတစ် တို့ မေးမြန်းချက်



ယူအဲန်အတွင်းရေးမှူးချုပ် ကိုဖီအာနန်

မေး။ ။ ကုလသမဂ္ဂဟာ မကြာသေးမီနှစ် ကာလများအတွင်း မြန်မာနိုင်ငံမှာ တက်ကြွတဲ့အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် အခုထိတော့ ဒီကြိုးပမ်းချက်တွေဟာ အမျိုးသားရင်ကြားစေ့ရေးကို အထမြောက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒီတော့ ကုလသမဂ္ဂအနေနဲ့ နည်းနာပြောင်းပြီး၊ ပိတ်ဆို့အရေးယူခံ အစိုးရသတ်မှတ်ရေးကို စဉ်းစားဖို့အချိန်ကျပြီလား။

ဖြေ။ ။ ခင်ဗျားပြောတာ မှန်ပါတယ်။ ကျနော်တို့မျှော်မှန်းတဲ့ အောင်မြင်မှုမျိုးမရသေးပါဘူး။ ကျနော်မျှော်လင့်ခဲ့တာက အခုလောက်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် လွတ်သွားလောက်ပြီလို့ ထင်ခဲ့ပါတယ်။ ဒီနှစ်အစပိုင်းတုန်းက သူ့ကိုပြန်လွှတ်တော့မယ် ဆိုတဲ့ လက္ခဏာတွေ တွေ့ခဲ့ရတယ်။ ဒါပေမယ့် ဒါဖြစ်မလာခဲ့ပါဘူး။ **ပူးပေါင်းဆောင်ရွက်လာအောင်(နအဖ)အစိုးရကို ဖိအားပေးဖို့၊ နောက်ထပ်ဘာခြေလှမ်းတွေ လှမ်းနိုင်မလဲဆိုတာ စဉ်းစားနိုင်အောင် ကျနော်တို့ဟာ အခြားအစိုးရတွေနဲ့ ဆက်သွယ် ဆောင်ရွက်နေပါတယ်။** အားလုံးသိတဲ့အတိုင်း ကျနော်တို့ချဉ်းကပ်နည်းကို ပြန်သုံးသပ်မှု တချို့လည်း ကျနော် လုပ်နေပါတယ်။ ရလဒ်တွေထွက်အောင် ဘယ်ခလုတ်တွေနှိပ်ရမလဲ စဉ်းစားနိုင်ဖို့လဲ ကျနော်လုပ်နေပါတယ်။ ❖

# ဒေါ်စုကို လွှတ်မပေးသေးသရွေ့ နအဖကို လက်မခံ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမှ ဝေဖန်ပြောဆို



မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်စွာ လှုပ်ရှားခွင့်မပေးသ၍ နအဖ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို လက်ခံနိုင်ဖွယ်မရှိဟု AFR အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဇူလိုင်လ(၁)ရက်နေ့မှာ ထုတ်ဖော်ပြောကြားလိုက်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှ သတင်းများအရ သိရှိရသည်။ အီးယူနှင့်အမေရိကားမှ နအဖ၏လုပ်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားနေစဉ်မှာပင် အာစီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ဗုဒ္ဓဟူးနေ့တွင် ညင်သာချောမွေ့သော ဒီမိုကရေစီကူးပြောင်းရေးကို လုပ်ဆောင်ရေးအတွက် နအဖကို တောင်း ဆိုသောကြေညာချက်တစောင် ထုတ်ပြန်သည်။ ကောလင်းပါဝဲလ်၏ မှတ်ချက်ချ ပြောဆိုမှုနှင့်စပ်လျဉ်း၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်မှ “နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရမည် မဟုတ်ကြောင်း အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာတိုင်း ပြည်သူလူထု၏ လှုပ်ရှားမှုရေချိန် ပိုမို မြင့်မားလာလေ့ရှိသည်ကို ၎င်းတို့ သင်ခန်းစာယူပြီး ကြောက်ရွံ့နေကြကြောင်း၊ ထို့အပြင် ဒီပဲယင်းအရေးအခင်း အဖြစ်မှန်ကို ဒေါ်အောင်ဆန်းစု ကြည်က ဖော်ထုတ်မှာ စိုးရိမ်နေကြကြောင်း” မိုးကြိုးသို့ ပြောကြားသွားသည်။ ❖

# သခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် အိုင်ပီအိုက ကျင်းပပြုလုပ်



ငြိမ်းချမ်းရေး နှင့် စာပေဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း

အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားယဉ်ကျေးမှု ခုခံစစ်၊ အမျိုးသားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးဇူးကြီးမားသည့် ငြိမ်းချမ်းရေးနှင့် စာပေဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း နှစ်(၄၀)ပြည့်အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် တနေရာတွင် လွတ်လပ်သည့်ကလောင်ရှင်များအသင်း (မြန်မာနိုင်ငံ) အိုင်ပီအိုက ကြီးမှူး၍ ဆရာကြီးကွယ်လွန်ခဲ့သည့် ဇူလိုင်(၂၃)ရက် ညနေပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထို အခမ်းအနားတွင် မကြာမီကမှ လွတ်မြောက်နယ်မြေသို့ရောက်ရှိလာသည့် ဆရာကြီး၏ မြစ်တော်စပ်သူ ကဗျာဆရာ ချိုစိမ့်က ဆရာကြီး၏မွေးနေ့အခမ်းအနားများကျင်းပခဲ့ပုံများနှင့် ဆရာကြီး ကွယ်လွန်သည့်နှစ်ပတ်လည်နေ့ အခမ်းအနားများကို ကျင်းပခဲ့ပုံအစဉ်အလာ အခြေအနေများကို အခမ်းအနား တက်ရောက်လာသူများအား ရှင်းလင်းပြောကြားသွားခဲ့သည်။

ထို့နောက် ပြည်ပရောက် ကဗျာဆရာ၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများက ဆရာကြီးရေးသားခဲ့သည့် လေးချိုးကြီးများကို ဂုဏ်ပြုသည့်အနေဖြင့် အမှတ်တရ ပြန်လည်ရွတ်ဆိုခြင်း၊ ဆရာကြီး၏ အထုပ္ပတ္တိကို ဖတ်ကြားခြင်း၊ ဆရာကြီး၏နိုင်ငံရေးအတွေးအခေါ်၊ စာပေ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများအား အမှတ်တရ စာတမ်းဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် အခမ်းအနားသို့ ပေးပို့သည့် ဗကသ (နိုင်ငံခြားရေးကော်မတီ) နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတို့မှ သဝဏ်လွှာများကို တာဝန်ရှိသူများက တက်ရောက်ဖတ်ကြားသွားခဲ့သည်။

အခမ်းအနားသို့ ပြည်ပရောက် ကဗျာဆရာ စာရေးဆရာများ၊ ဆရာကြီး၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့မြတ်နိုးသည့် ဥဩပရိသတ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရောင်ခြည်ဦးစာသင်ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသူ ကျောင်းသားလေးများ စုစုပေါင်း (၅၀)ကျော် တက်ရောက်ခဲ့ကြသည်။

ဆရာကြီးသည် သက်ရှိထင်ရှားရှိနေစဉ် အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးတို့ အတွက် ကွယ်လွန်ချိန်အထိ မဆုတ်မနစ် ထမ်းဆောင်သွားခဲ့သည်။

ထိုဆောင်ရွက်မှုများကြောင့် ၁၉၅၄ ခုနှစ်တွင် စတာလင်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံခဲ့ရပြီး ၁၉၆၀ ခုနှစ်တွင် အရှေ့ဂျာမဏီ ဟမ်းဘာဂ့်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ပေးအပ်ခြင်းခံခဲ့ရသည်။

၁၉၆၄ ခု ဇူလိုင် (၂၃)ရက် အသက် (၈၈)နှစ်အရွယ်တွင် ဆရာကြီးကွယ်လွန်သည်။ ❖

# နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးလှုပ်ရှားမှု အဖွဲ့ချုပ်မှ လူထုလှုပ်ရှားမှုအသွင်ပြုလုပ်

ယခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျရောက်သည့် (၅၇)ကြိမ်မြောက် အာဇာနည်နေ့မှစတင်၍ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဒု–ဥက္ကဋ္ဌဦးတင်ဦး အပါအဝင် အဖမ်းအဆီးခံ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးတောင်းဆိုမှု လက်မှတ်ရေးထိုးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင်(၂၀)ရက်နေ့က အဖွဲ့ချုပ်မှ ထုတ်ပြန် ကြေညာလိုက်သည်။

ရန်ကုန်မြို့တွင်သာမက၊ ကျန်သောတိုင်းနှင့်ပြည်နယ်၊ မြို့ကြီးများအပါအဝင် တနိုင်ငံလုံးရှိ ပြည်သူလူထုအပေါင်းမှ ပါဝင်လက်မှတ်ရေးထိုးတောင်းဆိုနိုင်ရေးအတွက် အဖွဲ့ချုပ်မှ စီစဉ်လုပ်ဆောင်သည်။ တချို့နေရာများအတွက် ဆက်သွယ်ရေးရုံးများ ဖွင့်ထားပြီး၊ တချို့မြို့နယ်များတွင် တာဝန်ရှိသူများ၏အိမ်တွင်လုပ်ဆောင်သွားမည်ဟု သိရသည်။❖

# (၅၇) ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၌ ကျင်းပ




ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည့် (၅၇)ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) က လွတ်မြောက်နယ်မြေတနေရာ၌ ဇူလိုင်လ(၁၉)ရက်နေ့၊ နံက်(၉း၃၀)က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ယင်းအခမ်းအနားတွင် အဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဒု–ဥက္ကဋ္ဌ ဦးတင်အောင်၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒူဝါးဇော်အောင်နှင့် ရန်ကုန်တိုင်းခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်တို့မှ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြပြီး၊ တွဲဘက်အတွင်းရေးမှူး(၂) ဦးအောင်ဇော်ထွေးမှ အခန်းအနားမှူးအဖြစ် တာဝန်ယူခဲ့သည်ဟု သိရသည်။ ယင်းအခမ်းအနားသို့ အဖွဲ့ချုပ်အဖွဲ့ဝင်များ အပါအဝင်၊ မဟာမိတ်အဖွဲ့အစည်း အသီးသီးမှ စုစုပေါင်းအင်အား(၁၀၀)ကျော် တက်ရောက်ခဲ့သည်ဟု ဆိုသည်။

အခမ်းအနားတွင် လုပ်ကြံမှုကြီးဖြစ်ပွားစဉ်၊ ရန်ကုန်မြို့၌ရှိနေပြီး တပ်မတော်သားအဖြစ် တာဝန်ယူခဲ့ဖူးသူ ပဲခူးတိုင်းစည်းရုံးရေးမှူး ဦးမျိုးမြင့်က အတွေ့အကြုံများကို ဟောပြောခဲ့သည်ဟု ဆိုသည်။ အခမ်းအနားတက်ရောက်သူများအနက် လူငယ်တာဝန်ခံတဦးဖြစ်သူ ကိုသိန်းဇော်က မြန်မာသမိုင်းက သွေးစွန်းခဲ့တာ အခု ဒီပဲယင်းအရေးအခင်းထိပဲ၊ ဒီအစဉ်အလာကို ကျနော်တို့မျိုးဆက်သစ်များက ချေဖျက်ပစ်ရမယ်ဟု မိုးကြိုးသို့ ပြောပြခဲ့သည်။❖

# လူ့ဘောင်သစ်ပါတီတိုးချဲ့ဗဟိုကော်မတီနှင့် စုံညီအစည်းအဝေးကျင်းပ အဖွဲ့ချုပ်နှင့် နအဖ ဆွေးနွေးရန် တောင်းဆို



လူ့ဘောင်သစ် ဗဟိုကော်မတီစုံညီ အစည်းအဝေးအပြီးတွင် ကော်မတီဝင်များအားတွေ့ရစဉ်

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ တိုးချဲ့ဗဟိုကော်မတီစုံညီ အစည်းအဝေးကို၊ ၂၀၀၄ ခုနှစ် ဇူလိုင်လ(၂၅)ရက်နေ့မှ(၂၇)ရက်နေ့ထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

၎င်းအစည်းအဝေးသည် ရှစ်လေးလုံး အရေးတော်ပုံတိုက်ပွဲ၏ အသီးအပွင့်တရပ်အဖြစ်ပေါက်ဖွားလာခဲ့သော လူ့ဘောင်သစ်သမိုင်းတလျှောက်တွင် အရေးပါလှသည့် အလှည့်အပြောင်းတရပ်ဖြစ်သည်ဟု လေ့လာသူများက သုံးသပ်သည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယအကြိမ် ပါတီညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့သည့် ဗဟိုကော်မတီဝင်များနှင့် ပြည်တွင်းလှုပ်ရှားမှုများကြောင့် ရန်သူ့အကျဉ်းထောင်အသီးသီးတွင် ကျခံခဲ့ရပြီး၊ ပြန်လည် လွတ်မြောက်လာသော ပါတီခေါင်းဆောင်များ ပြန်လည်ပေါင်းစည်း၍ ညီညွတ်စုစည်းသည့် ခေါင်းဆောင်မှုကို ၎င်းအစည်းအဝေးကြီးက ထူထောင်နိုင်သောကြောင့်ဖြစ်သည်။ အစည်းအဝေးမှလက်ရှိ အခြေအနေအရပ်ရပ် ကိုသုံးသပ်ပြီး ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အဲန်အယ်လ်ဒီနှင့် နအဖအစိုးရတို့ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန် အရေးတကြီးလိုအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းအစည်းအဝေးမှရဲဘော် အောင်မိုးဇော်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဗဟိုကော်မတီဝင် စုစုပေါင်း ၂၅ ဦး ကိုရွေးချယ်ခဲ့သည်။ စစ်အာဏာရှင်စနစ်အကုန်အစင် ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ပြည်နယ်ပေါင်းစုံပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများကို ပြည်သူများနှင့် လက်တွဲကာ ဆက်လက်တိုက်ပွဲဝင်မည်ဟု ကြေညာချက်ကို နိဂုံးပိုင်းတွင် ဖော်ပြထားသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို အရေးတော်ပုံကြီးအပြီး ကျောင်းသားခေါင်းဆောင် ကိုမိုးသီးဇွန် ခေါင်းဆောင်၍ ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲကာလအတွင်း အဲန်အယ်လ်ဒီ အနိုင်ရရေးကို အဓိကထား ထောက်ကူခဲ့သည့် အဖွဲ့အစည်းတရပ်ဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာပြီး၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ချမှတ်ကျင့်သုံးခဲ့သည်။ ❖

# နအဖ၏ညောင်နှစ်ပင်ညီလာခံရပ်နား ပွင့်လင်းရာသီတွင် ပြန်လည်စတင်မည်ဟု ဆို

ယခုနှစ် မေလ (၁၇) ရက်နေ့ မှစ၍ မှော်ဘီမြို့၌ ကျင်းပနေသည့် ညောင်နှစ်ပင်အမျိုးသားညီလာခံကို ဇူလိုင်(၉)ရက်နေ့မှစ၍ အကြောင်းပြချက် တစုံတရာမရှိဘဲ ရပ်နားခဲ့သည်။ ညီလာခံကိုယ်စားလှယ်တဦး၏အဆိုအရ ပွင့်လင်းရာသီ(မိုးရာသီအကုန်)တွင် ပြန်လည်စတင်မည်ဟု အာဏာပိုင်များကပြောဆိုကြောင်း သိရသည်။ အဆိုပါညီလာခံကို ကိုယ်စားလှယ်(၁,၀၇၆)ဦးတက်ရောက်နေပြီး၊ အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ စိတ်ကြိုက်ရွေးချယ်ထားသူများ ဖြစ်သည်။

ညီလာခံစတင်ချိန်မှစ၍ ဥပဒေပြု အာဏာ၊ တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုအာဏာတို့ကို မည်သို့မည်ပုံခွဲဝေကျင့်သုံးမည်ကိုညီလာခံအတွင်း ဆွေးခဲ့ကြသည်ဟု သိရသည်။ ညီလာခံအတွင်းအခြေခံမူ(၁၀၄)ချက်၊ ဦးတည်ချက်(၆)ရပ်တို့နှင့် မဆန့်ကျင်သော အချက်များကို တခါတည်းလုပ်သွားပြီး၊ အခြေခံမ(၁၀၄)ချက်နှင့် ဦးတည်ချက်(၆)ရပ်တို့ကို ဆန့်ကျင်ကွဲလွဲနေမှုများအား ဝန်ကြီးချုပ်ထံ တိုက်ရိုက်တင်ပြရသည်ဟု ခိုင်လုံသော သတင်းရပ်ကွက်များမှ သိရှိရသည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ တင်သွင်းသော မူဝါဒပိုင်းဆိုင်ရာ အာဏာခွဲဝေမှုများသည် ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ပြန်လည်ရုပ်သိမ်းရန် ညွှန်ကြားသည်အထိ မပြေမည်ဖြစ်ခဲ့သည်ဟု ဆိုသည်။ ညီလာခံတွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့များ၏ အစုအဖွဲ့စာတမ်းကို ဖတ်ကြားခွင့်ရသော်လည်း၊ တဖွဲ့ချင်းစီ၏ သီးခြားစာတမ်းကိုမူ ဖြတ်ကြားခွင့်မရဟု သိရသည်။ ညီလာခံတက်ရောက်ခဲ့သော အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ၊ ယခုအချိန်မှာဆုံးဖြတ်ရန် စောနေသေးကြောင်း၊ အဖြူအမည်း သဲကွဲတော့မှပင် အဖွဲ့အစည်းအားလုံး စုစည်းဆုံးဖြတ်မည်ဖြစ်ကြောင်း တိုင်ပင်ညှိနိုင်းထားကြသည်ဟု ခိုင်လုံသောသတင်းရပ်ကွက်မှ ကြားသိရသည်။❖

# ပြည်သူလူထုကြီးနှင့်သခလျှင်

**ဗသြ**

**လူထုဟာ အဓိကဖြစ်တယ်။ လူထုမပါဘဲ လုပ်လို့ရမယ်လို့ထင်ရင် နောက်ထပ် ၁၆ နှစ်ကြာလည်း ဒီအတိုင်းပဲ ဖြစ်နေမှာ။ ဒုံရင်းကတက်မှာမဟုတ်ဘူး။ အရင်ကတော့ နယ်စပ်မှာ တဝဲလည်လည် ဖြစ်နေတယ်လို့ ပြောရတယ်။ အခုတော့ အဲဒီလိုတောင် သိပ် ပြောမရတော့ဘူး။ နယ်စပ်က ခွာနေရစ ပြုနေပြီ။**

နအဖရဲ့ ညောင်နှစ်ပင်တော့ တစခန်း ရပ်သွားပြီ။ ဘာကြောင့်လဲဆိုတာကို နအဖက လုံးဝ မပြောဘူး။ သေချာနေတာကတော့ နအဖလုပ်ချင်သမျှ အဆင်ချောနေတာတော့ မဟုတ်ဘူး။ သူတို့ထင်တိုင်း မပေါက်ကြောင်း သူတို့သိသွားကြပြီ။

တကယ်က ကနေ့ဗမာပြည်မှာ နအဖ စစ်အုပ်စုနဲ့ အကျိုးစီးပွားချင်း တထပ်တည်း ကျသူရယ်လို့ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ် တဦးတယောက်မှ မရှိဘူး။ သူတို့ရဲ့ အောက်ခြေနဲ့တောင် တထပ်တည်းကျတာ မဟုတ်ဘူး။ တစညနဲ့လည်း ကွဲလွဲတာတွေ ရှိတာပဲ။ ငြိမ်းအဖွဲ့တွေနဲ့ မတူတာတော့ တွေ့လိုက်ကြရပြီပေါ့။ ပွဲကအခုမှ စရုံရှိပါသေးတယ်။

နအဖဟာ ဒီလို သူတို့အကြပ်တွေ့ရင် ဥာဏ်နီဉာဏ်နက်တွေ အမျိုးမျိုးဆင်လာမှာ သေချာတယ်။ ဘာမှသံသယရှိစရာ မလိုဘူး။ နည်းပရိယာယ်ဟောင်းများရော၊ နည်းပရိယာယ်သစ်များကိုပါ သုံးကြမှာပဲ။ သေချာတာတခုကတော့ အတိုက်အခံ အဖွဲ့အစည်းတွေကို ဖြိုခွဲမယ်ဆိုတာပဲ။ တဖွဲ့နဲ့တဖွဲ့အကြား သပ်လျှိမယ်၊ တဖွဲ့ထဲမှာပဲ အထက်နဲ့အောက်၊ တစုနဲ့တစု၊ သွေးခွဲမယ်။ ငြိမ်းအဖွဲ့ဆိုတာတွေတောင် ချန်မှာမဟုတ်။ ကိုယ်အကျပ်အတည်းတွေ့ချိန်မှာ ဆန့်ကျင်ဘက်ကို အားကြီးစေလို့ မဖြစ်မှန်း သူတို့သိတယ်။ တပါတည်းမှာ ကိုယ့်အောက်ခြေကိုလည်း ချော့တာ၊ ခြိမ်းတာ၊ နှုတ်ပိတ်တာတွေ လုပ်ရလိမ့်မယ်။

အတိုက်အခံများဘက်ကရော။ ဒီလိုအခါမှာ ကိုယ့်အချင်းချင်း စာရင်းရှင်းပွဲတွေ အကြီးအကျယ် လုပ်နေလို့မဖြစ်ဘူး။ တချို့ကိစ္စတွေဟာ လူထုတိုက်ပွဲ အရှိန်မြင့်လာတာနဲ့အတူ အလိုလိုရှင်းသွားမှာ။ လူထုက ဒဏ်ခတ်ရင် ပိုပြင်းထန်တယ်။ သမိုင်းမှာ သူ့အလိုလို မြောင်းထဲ ရောက်သွားသူတွေ အများကြီး။ တချို့များ လှုပ်လေမြုပ်လေ။ ၆၂ခုနှစ်က စစ်အုပ်စုရဲ့ ဒုတိယအကြိမ် အာဏာသိမ်းပွဲမှာ နိုင်ငံရေးလောက က လူအများအပြား ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် မြောင်းထဲရောက်ကုန်ကြတယ် မဟုတ်လား။

အခုလူထုက သိချင်နေတာဟာ အတိုက်အခံအင်အားစုတွေ ဘာလုပ်ကြမယ်ဆိုတာပဲ။ ဒါကို သူတို့က မွတ်သိပ်စွာ တောင့်တ၊ စောင့်စားနေကြတယ်။ ဒါပေမယ့် ဒီအချက်ကို တိတိကျကျ၊ ရှင်းရှင်းလင်းလင်း ပြောသံသိပ်မကြားရသေးဘူး။ နအဖ မကောင်းကြောင်း၊ သတင်းတွေ၊ သုတေသနပြုစုချက်တွေ၊ မိန့်ခွန်းတွေ နေ့တိုင်းလို ဖတ်ရ၊ ကြားရတယ်။ စစ်အာဏာရှင်တွေကို ဖြုတ်ချရမယ်ဆိုတာ ရှင်းနေတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ကြမလဲဆိုတာ သိပ်မတွေ့ရ။ ကြောင်ကြီးရဲ့လည်ပင်း ဘယ်သူချိုဆွဲမလဲ ဖြစ်နေသလား မသိဘူး။

တချို့ "ကြိုးစား"ကြတာရှိတယ်။ ဒါပေမယ့် တဦးချင်း၊ တဖွဲ့ချင်းကို အဓိကထားတာဖြစ်နေတယ်။ အထူးသဖြင့် ကိုယ့်ကိုယ်ကို သိပ်တွက်တဲ့ သဘောတွေ တွေ့နေရတယ်။

ပိုဆိုးတာက သူများအခက် ငါ့အကွက်ပဲလို့ တွက်လုပ်နေသူတွေ ဖြစ်တယ်။ ဒီနေ့ အရေးတော်ပုံမှာ ဖြတ်လမ်း၊ အချောင်လမ်း မရှိပါဘူး။ တချိန်ထဲမှာ သတိပေးဖို့လိုတာက ဗမာပြည်က စစ်အုပ်စုကို လုံးဝလျှော့မတွက်ပါနဲ့။ သူတို့မှာ နှစ်ဆယ်စုပေါင်းများစွာ ပြည်တွင်းစစ်ကို တိုက်၊ လူထုအုံကြွမှုကို နှိမ်နင်းခဲ့တဲ့ အတွေ့အကြုံတွေ ရှိတယ်။ လက်ဝဲမျိုးစုံ၊ လက်ယာမျိုးစုံနဲ့ နည်းပေါင်းစုံ ရင်ဆိုင်ဖူးတယ်။ သူတို့ကလည်း သူများပါးစပ်ဟရင် အူတွေကို မြင်တာပဲ။ နိုင်ငံရေးမှာ မှုနဲ့လွတ်တဲ့ အကွက်မြင်မှုဟာ နောက်တော့ ရန်သူ့အကွက်ထဲ ဝင်သွားရတတ်တယ်။

ဒီနေရာမှာ တခုရှင်းအောင် ပြောဖို့လိုတယ်။ ဒီနေ့ဗမာပြည် ရင်ဆိုင်နေရတဲ့ ပြဿနာဟာ သာမာန်ပြဿနာ မဟုတ်ဘူး။ ရန်သူဟာလည်း ကရော်ကမယ်ရန်သူမဟုတ်ဘူး။ သမိုင်းလက္ခဏာဆောင်တဲ့ အကျေ့အချိုးဖြစ်တယ်။ ဒီလို သမိုင်းအကွေ့ အချိုးကြီးတွေကို တဦးချင်း၊ တဖွဲ့ချင်း အစွမ်းနဲ့ အောင်ပွဲမော်ကွန်း ထိုးခဲ့တယ်လို့ ဘယ်နိုင်ငံ၊ ဘယ်သမိုင်းမှာမှ မရှိဘူး။ ပြင်သစ် တော်လှန်ရေးကြီးရဲ့ အလှည့်အပြောင်းဖြစ်တဲ့ ဘာစတီးထောင်ကို စီးကြတာဟာ လူထုကြီးပဲ။ အလုပ်သမားတွေ၊ တပ်နီတော်သားတွေက ဇာဘုရင်ရဲ့ ဆောင်းရာသီ နန်းတော်ကို ဝင်စီးခဲ့တော့ လီနင်ဟာ ရုရှားနိုင်ငံမှာတောင် မရှိဘူး။ ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းက စစ်အစိုးရကို တုန်လှုပ်စေခဲ့တာ၊ မဆလအစိုးရ ပြုတ်သွားစေခဲ့တာ လမ်းမပေါ်ကလူထုတွေပဲ။ ဘယ်ခေါင်းဆောင် ပါဝင်လာလို့မှ မဟုတ်ဘူး။

လူထုဟာ အဓိကဖြစ်တယ်။ လူထုမပါဘဲ လုပ်လို့ရမယ်လို့ ထင်ရင် နောက်ထပ် ၁၆ နှစ်ကြာလည်း ဒီအတိုင်းပဲ ဖြစ်နေမှာ။ ဒုံရင်းက တက်မှာမဟုတ်ဘူး။ အရင်ကတော့ နယ်စပ်မှာ တဝဲလည်လည် ဖြစ်နေတယ်လို့ ပြောရတယ်။ အခုတော့ အဲဒီလိုတောင် သိပ်ပြောမရတော့ဘူး။ နယ်စပ်က ခွာနေရစ ပြုနေပြီ။

ပြည်တွင်းမှာ သူတို့ကို ဆန့်ကျင်သူတွေကို ငြိမ်ဝပ်ပိပြားနေအောင်လုပ်ရေးဆိုတာဟာ ပြောင်မကြေညာ ရုံတမယ် ရှိတဲ့လက်ရှိ စစ်အုပ်စုရဲ့ လက်စွဲမူပဲ။ တချိန်တည်းမှာ ထောင်ထောင်–ထောင်ထောင် ဆိုသူတွေ ပြည်ပထွက်ကုန်အောင်လည်း လုပ်ပစ်တယ်။ အရင်ကတော့ တောခိုအောင်လုပ်တာပေါ့။ အခုတော့ တောခိုစရာမရှိတော့ ကိုယ့်နိုင်ငံထဲမှာ မရှိတော့အောင် လုပ်တယ်။ ဒါကို တမျိုးလှည့်ပြီး အဓိပ္ပာယ်ဖော်ရင် စစ်အုပ်စုဟာ ပြည်တွင်းကနေ သူတို့ကိုဆန့်ကျင်မှာကို အကြောက်ဆုံးဖြစ်တယ်ဆိုတာပဲ။ ပြည်ပက လုပ်နေတာတွေကိုတော့ သိပ်မမှုဘူးပေါ့။

လူထုရဲ့ အခန်းကို ဘယ်လိုထွန်းကားအောင်လုပ်မလဲ၊ လူထုကို ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင် ဘယ်လိုလုပ်မလဲ၊ ဒါတွေ စဉ်းစားကြံဆရမယ်။ ရေဒီယိုကနေ ပြောနေရုံနဲ့ မရဘူး။ ကိုယ့်နိုင်ငံအခြေအနေနဲ့ ကိုက်ညီတဲ့၊ ကိုယ့်လူထု လိုက်ပါနိုင်တဲ့ လုပ်ငန်းတွေကစရမယ်။ သူများအစိုးရရဲ့ ဖိအားနဲ့ ကိုယ့်နိုင်ငံအရေးအခင်းကို ဖြေရှင်းနိုင်မယ်ထင်တာဟာ စိတ်ကူးယဉ်တာပဲ။ ဗမာပြည်ကိုဂျပန်ပေးတဲ့ လွတ်လပ်ရေးရဲ့ အရသာကိုသိသူတွေ အခုထိ အသက်ထင်ရှားရှိကြပါသေးတယ်။ ဖိလိပိုင်က ရာမို့စ်လိုလူတယောက် ဗမာပြည်မှာ ပေါ်ပေါက်စေချင်ရင် လူထုဖိအားနဲ့ပဲ ဖော်ထုတ်နိုင်တယ်။ ဒီနိုင်ငံမှာ အမေရိကန်ရဲ့အခန်း၊ အိုင်အင်မ်အက်ဖ် (I.M.F.) ရဲ့ အခန်းတို့ဟာ မားကို့စ်လက်ထက်ဖိလိပိုင်လို၊ ဆူဟာတို လက်ထက် အင်ဒိုနီးရှားလို မရှိဘူး။ ရှစ်လေးလုံးမှာ အရှိန်ရလာတာနဲ့ တပ်မတော်သားတချို့စပြီး ဘက်ပြောင်းလာတဲ့ အဖြစ်အပျက်ကို မမေ့သင့်ဘူး။

ပြည်သူလူထုကို ယုံပါ။ ကိုယ့်ကိုယ်ကို ပြည်သူ့အထက်က၊ ပြည်သူ့ကယ်တင်ရှင် ဆိုတဲ့ အတွေးမျိုးဖျောက်ကြပါ။ ပြည်သူကြီးနဲ့ အတူ ချီတက်ဖို့ လမ်းဖောက်ပါ။ ဆင်သွားမှ လမ်းဖြစ်ပါလိမ့်မယ်။❖

## ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်း၏ ယနေ့ကာလ နိုင်ငံရေးအခြေအနေအပေါ် သဘောထား



ရာဇာလီပဲဖြစ်ဖြစ်၊ ပင်ဟဲရိုးပဲဖြစ်ဖြစ် သူတို့နှစ်ယောက်လုံးက ဗမာပြည်လာချင်ပါတယ်ဆိုပြီး ပြောကြတာပဲ။ ဘာလို့လာခွင့် မပေးသလဲဆိုတာ ကျနော်တို့နားမလည် ဘူးပေ့ါဗျာ။ ပြေပြေလည်လည်ဖြစ်ဖို့ ဆိုတာကတော့ အဲန်အယ်လ်ဒီခေါင်းဆောင်လို့ပဲ ပြောပြော၊ အမျိုးသားခေါင်းဆောင်လို့ပဲ ပြောပြော၊ ဒေါ်အောင်ဆန်းစုကြည်ခေါ်ပြီးတော့၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေါ်ပြီး တွေ့ဆုံဆွေးနွေးလိုက်ရင်၊ ကျနော်တို့တတွေ ယုံကြည်တာကတော့ တနာရီ၊ နှစ်နာရီ ဆွေးနွေးရုံနဲ့ ပြေလည်သွားမယ်၊ ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က အခြေအနေတွေ အားလုံးကိုသိတယ်။ လျှော့တန်လျှော့တယ်။ တွေ့ဆုံဆွေးနွေးဖို့ပဲ သူတို့က စောင့်နေတာ၊ ကြားရတာက အထဲမှာလည်း လူမျိုးစုတော် တော်များများကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အဲန်အယ်လ်ဒီရဲ့ ခေါင်းဆောင်သာမကဘဲနဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားခေါင်းဆောင် အဖြစ်မြင်တယ်၊ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်း တွေ့တယ်ဆိုပြီး သူတို့ယူဆတယ်ဆိုတဲ့ သဘောမျိုးတွေ ကြားနေရတယ်။ အဲ့ဒါဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်ကို ခေါ်တွေ့ပြီးတော့ ဆွေးနွေးလိုက်ရင် အေးချမ်းသာယာတဲ့ ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်လာမယ်။ ဆွေးနွေးကြမယ်ဆိုရင် အခြားဘယ်နိုင်ငံတွေကနေစွက်ဖက် စရာလည်းမရှိဘူး။❖

## ဒေါက်တာယုဂျင်းသိုက် ကွယ်လွန် အန်စီယူဘီ၌ ဆွမ်းကျွေးတရားနာ



ဒေါက်တာယုဂျင်းသိုက်အားရည်းစူး၍ ပြည်ထောင်စုနိုင်ငံအမျိုးသားကောင်စီမှ ခေါင်းဆောင်များက ဇူလိုင်လ(၂၈)ရက်နေ့က ဆွမ်းကျွေးတရားနာပွဲကျင်းပစဉ်

ဇူလိုင်လ (၂၄)ရက်နေ့က၊ ကနေဒါနိုင်ငံ ဗင်ကူးပါးမြို့၌ ဦးနှောက်အကျိတ်ရောဂါဖြစ် ကွယ်လွန်သွားခဲ့သော အသက် (၆၅) နှစ်အရွယ်ရှိ စဝ်စန်းညောင်ရွှေခေါ် ဒေါက်တာယုဂျင်းသိုက်အား ရည်းစူး၍ ပြည်ထောင်စုနိုင်ငံအမျိုးသားကောင်စီမှ ခေါင်းဆောင်များက ဇူလိုင်လ(၂၈)ရက်နေ့တွင် ဆွမ်းကျွေးတရားနာပွဲတရပ်ကို ကျင်းပကြောင်းသိရှိရသည်။ ဆွမ်းကျွေးတရားနာပွဲသို့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂဆရာတော် အရှင်ခေမာစာရမှ ကြွရောက်ချီးမြှင့်ပြီး၊ NCUBမှ လူ (၃၀)ခန့် တက်ရောက်သည်။

ဒေါက်တာယုဂျင်းသိုက်သည်၊ မြန်မာနိုင်ငံ၏ ပထမဆုံး သတမကြီး စဝ်ရွှေသိုက်၏သားဖြစ်ပြီး၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ တော်လှန်ရေးကောင်စီတက်လာပြီးနောက် ရှမ်းလက်နက်ကိုင် တော်လှန်ရေးသို့ ကူးပြောင်းခဲ့သည်။ ၁၉၇၆ ခုနှစ်၌ထူထောင်ခဲ့သည့် NDF တွင် SSPP ခေါင်းဆောင်တဦးအနေဖြင့် တက်ကြွစွာပါဝင်ခဲ့သည်။

NCGUB အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီး ခွန်မာရ်ကိုဘန်က၊ ဦးယုဂျင်းသိုက်သည် NCGUB၊ NRP၊ ENSCC နှင့် NLD(LA) တို့ တွင်ပူးပေါင်း လုပ်ကိုင်ခဲ့ဖူးကြောင်း၊ သူ၏ ဒီမိုကရေစီရေးနှင့်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတွင်၊ တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုပါကြောင်း မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

**ရတ်မက်ကို ဆန့်ကျင်
သုံးပွင့်ဆိုင်ကိုမြှင့်တင်**

# မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင် နှင့် မိုးကြိုးသတင်းစဉ် ဆက်သွယ်မေးမြန်းချက်

**“ ကျနော်တိုနဲ့ ရင်ခုန်သံတူတဲ့ လူတွေကြားထဲမှာ စုစည်းပြီးတော့ အလုပ်တချို့ကို တက်ညီလက်ညီလုပ်ချင်လို့ စုစည်းထားတာဖြစ်တယ်၊ တပ်ပေါင်းစုပိုင်းအနေနဲ့ ဦးတည်ချက်ကတော့ အားလုံးကျယ်ကျယ်ပြန့်ပြန့်ပါနိုင်တဲ့ ဥစ္စာတခုကိုပဲ ဦးတည်ပြီး လှုပ်ရှားသွားမှာဖြစ်တယ်။ ပြီးတော့ ကျနော်တို့ ကိုယ်တိုင်ပဲ NCUB ကို ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲဆိုတာကိုလည်း တပ်ပေါင်းစုမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါတယ်၊ နောက်တခုက တပ်ပေါင်းစုတွေဖြစ်စဉ်ထဲမှာ အားမလိုအားမရ ဖြစ်တာက ဘာလဲဆိုတော့ ဒီလူတွေက နာမည်အရစုပြီး အလုပ်တွေထဲမှာ လူတွေ စုမလာတဲ့ကိစ္စတွေကို အားမလိုအားမရ အရမ်းဖြစ်တယ်၊ ကိုယ်နဲ့လက်တွဲညီတဲ့လူတွေနဲ့ ဒီလိုပုံစံမျိုးနဲ့လုပ်တာ အောင်မြင်တယ်ဆိုလို့ရှိရင် ဒါမျိုးပုံစံမျိုးတွေနဲ့ တပ်ပေါင်းစုမှာလုပ်သွားနိုင်တယ်ဆိုတာမျိုးပဲ သက်သေပြချင်တဲ့ သဘောပါပဲ ...”**

❖မြန်မာ့ဒီမိုကရက်တစ် အင်အားစုများကို ဘယ်ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့ပါသလဲ။

– နိုင်ငံရေးရည်မှန်ချက်က ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်ပါတယ်။ ကျနော်တို့ အဖွဲ့အစည်းအနေနဲ့ ဦးတည်ချက်ကတော့ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ထဲမှာ မျိုးဆက်သစ်ဒီမိုကရက်တစ် အင်အားစုတရပ်အနေနဲ့ အခိုင်အမာရပ်တည်သွားဖို့၊ ဒီမိုကရေစီအင်အားစုတွေထဲမှာ စုစည်းညီညွတ်ပြီးတော့ အားကောင်းတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ဖော်ဆောင်ဖို့ ဒီမိုကရေစီအင်အားစုအနေနဲ့ လူထုအခြေခံဖော်ထုတ်ရေး၊ လူထုပါဝင်မှုအားတွေ မြှင့်တင်ဆောင်ရွက်သွားဖို့၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲမှာ အမျိုးသမီးများရဲ့အခန်းကဏ္ဍကို အဆင့်တိုင်းမှာ အလေးထားပြီး မြှင့်တင်သွားဖို့ ဆိုတဲ့ ဦးတည်ချက်တွေ ကျနော်တို့ချထားတယ်။ ဒါ့အပြင်ကျနော်တို့ လုပ်ငန်းစဉ် ရည်မှန်းချက်(၃)ရပ် ချမှတ်ထားပါတယ်။ အားကောင်းပြီး ခိုင်မာတဲ့အင်အားစုတရပ် အနေနဲ့ မြန်မာဒီမိုကရက်တစ်အင်အားစု(FDB) ကိုတည်ဆောက်သွားဖို့၊ နိုင်ငံတကာဖိအားတွေ မြင့် တက်လာဖို့နဲ့ မြန်မာ့နိုင်ငံရေးမှာ၊ ကုလသမဂ္ဂက ထိရောက်တဲ့ ပါဝင်ဆောင်ရွက်မှုတွေပေါ်ပေါက်လာဖို့ ကြိုးပမ်းသွားမှာဖြစ်တယ်။



❖ FDBမှာပါတဲ့အင်အားစုအများစုက တချိန်တည်းမှာ NCUBမှာပါတဲ့ အင်အားစုတွေဖြစ်နေကြတယ်လေ၊ ခုနက ကိုနိုင်အောင် ပြောတဲ့ လုပ်ငန်းတွေကိုNCUB အောက်မှာလုပ်သွားနိုင်တယ်လို့ မယူဆဘူးလား”

- NCUB ထဲက အများစုတော့ မပါပါဘူး၊ (၄)ဖွဲ့ပေါ့၊ ကျန်တာတွေကNCUB တပ်ပေါင်း စုတွေမှာ မပါတဲ့အဖွဲ့တွေပါ၊ ဒီမိုကရက်တစ် ဖိုရမ် အဖွဲ့ကိုဖွဲ့တဲ့အချိန်မှာ ကျနော်တို့ စု စည်းတဲ့ ရည်မှန်းချက်တခုက နိုင်ငံရေး ပါတီတွေ၊ အထူးသဖြင့် ကျနော်တို့ဟာ ရှစ်လေးလုံးကတည်းကနေ ပေါက်ပွားလာတဲ့ အင်အားစုတွေကို အခြေခံပြီးတော့စုစည်းတယ်၊ ဒီလိုအဖွဲ့ တွေနဲ့ဆိုလို့ရှိရင် စဉ်စားချက်ချင်းတူနိုင်မယ်၊ အလုပ်လုပ်တဲ့ နေရာမှာ ညှိနှိုင်းနိုင်မယ့် အနေအထားမျိုးပေါ့၊ ဒါကြောင့် ဒီဖက်မှာရှိနေတဲ့ ဒီမိုကရေစီအင်အားစုတွေကြားထဲမှာ တခုခုကို သေသေချာချာ လက်တွဲပြီးလုပ်နိုင်တဲ့ လှုပ်ရှားမှုတွေ ကျနော်တို့လုပ်ဖို့လိုတယ်၊ အဲဒါမှသာလျှင် ကျနော်တို့ရဲ့ ရပ်တည်ရေးတခုလုံးနဲ့ နိုင်ငံရေးအဆင့်တခုကို တက်နိုင်မယ်၊ ဒီလိုလုပ်ဖို့လိုတယ်လို့ ယူဆတဲ့နေရာမှာ ကျနော်တို့ တပ်ပေါင်းစုထဲမှာကျတော့ အလုပ်ပိုင်းနဲ့ ပတ်သက်လို့ရှိရင်လည်း၊ ကျနော်တို့က လုပ်နိုင်တဲ့ အခြေခံအလုပ်တွေကိုပဲ အခြေခံပြီးတော့ တိတိကျကျ တကယ်တက်ညီလက်ညီနဲ့ အကောင်အထည်ဖော်နိုင်တဲ့ဟာမျိုးလုပ်ချင်တယ်၊ အဲဒီအုပ်စုမျိုး အနေနဲ့လည်း၊ တပ်ပေါင်းစုမှာ မရှိနိုင်ဘူးလား၊ ရှိနိုင်ပါတယ်။ ကျနော်တို့ အခုသွားနေတဲ့ လုပ်ငန်းစဉ်တချို့ကို ဒီလူတွေနဲ့တွဲပြီး လုပ်မယ်ဆိုလို့ ရှိရင် ပိုမိုပြီးထိ ရောက်မယ်ဆိုတဲ့ အနေအထားမျိုး ကျနော်တို့ စဉ်စားကြတာ ဖြစ်တယ်။ ဒါ့အပြင် ကျနော်တို့ အနာဂတ်နိုင်ငံရေး ဖြစ်စဉ်ထဲမှာ ရှစ်လေးလုံးက ပေါက်ဖွားလာတဲ့ အင်အားစုတွေက ပါသင့်တယ်ဆိုတဲ့ ယူဆချက်ရှိတယ်၊ အဲဒီအယူအဆတွေကို လုပ်ရင်းကိုင်ရင်း ညှိနှိုင်းသွားကြဖို့၊တည်ဆောက်သွားကြဖို့၊ ပြင်ဆင်သွားကြဖို့ ဆိုတာတွေရှိပါတယ်၊ ဒါပေမယ့် ကျနော်တို့ အခြေခံယူဆချက်ဟာ ကျနော်တို့ တပ်ပေါင်း စုနဲ့ပတ်သက်လို့ တပ်ပေါင်းစုကို တခုတည်း သောကျယ်ပြန့်ပြီးတော့ ခိုင်မာတဲ့ တပ်ပေါင်းစုတခုဖြစ်ရေးကို ကြိုးပမ်းသွားမှာပါ၊ FDB က စင်ပြိုင်မဟုတ်ပါဘူး၊ လုပ်အားပေါ်မှာ အလုပ်အပေါ်မှာအခြေခံပြီးတော့ နိုင်ငံရေးအရ စုစည်းထားတဲ့အလုပ်အင်အားစုဖြစ်ပါတယ်။ ရေရှည်တပ်ပေါင်းစုဆိုင်ရာအမြင်ကတော့ အားလုံးကျယ်ကျယ်ပြန့်ပြန့်နဲ့ပါဝင်နိုင်တဲ့ ကျစ်လစ်ခိုင်မာတဲ့ တပ်ပေါင်းစုဖြစ်ရေးကို ကျနော်တို့ကိုယ်တိုင်ကလည်း ကြိုးပမ်းသွားမှာဖြစ်သလို အဲဒီလိုဖြစ်လာပြီဆိုရင် FDB အင်အားစုတွေကလည်း အဲဒီအထဲမှာ ပါဝင်လာမှာပဲ။ အခုလောလောဆယ်ကာလမှာလည်း ပြည်တွင်းထဲမှာ ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဦးဆောင်မှု၊ ဒီဖက်ပိုင်းမှာဆိုလို့ရှိရင်လည်း NCUB နဲ့ ENC ဦးဆောင်မှုတွေကို အသိအမှတ်ပြုထားပါတယ်၊ ဒါပေမယ့် ကျနော်တို့ အလုပ်အရ တခါတလေကျတော့ ဒါလေးကို တွဲပြီးလုပ်ဖို့အတွက် စုတာမျိုးရှိပါတယ်။ လိုအပ်ချက်အရဆိုလို့ရှိရင် NCUB ထဲမှာပါတဲ့ တိုင်းရင်းသားအဖွဲ့တွေ ကိုယ်တိုင်ကိုက ENC လိုဟာမျိုး လိုအပ်ချက်အရလုပ်ရတာ ရှိတယ်။ ထို့အတူပဲ လုပ်ငန်းတခုကိုတွဲပြီး လုပ်နိုင်ဖို့ FDB ကို ကျနော်တို့ အခြေခံပြီးတော့ဖွဲ့စည်းထားတာဖြစ်တယ်။

❖NCUB နဲ့ပူးတွဲပြီးတော့ သတ်သတ် မှတ်မှတ်လုပ်မယ့် program တွေ ရှိလား။

– ကျနော်တို့ တပ်ပေါင်းစုတွေလုပ်နေတဲ့အလုပ်တွေကိုပဲ ကျနော်တို့လုပ်တဲ့ အလုပ်တူတယ်ဆိုရင် ပူးပေါင်းပြီးတော့လုပ်မယ်၊ တပ်ပေါင်းစုအောက်ကနေပြီးတော့၊ အဲဒီလိုလုပ်တဲ့အခါမှာ ကျနော်တို့ တပ်ပေါင်းစုကနေပါတာရှိသလို၊ ကျနော်တို့ FDB အနေနဲ့ကလည်း တပ်ပေါင်းစုက၊ ဒါလေးလုပ်ပေးပါဆိုလို့ရှိရင်လည်း အဲဒီလိုတာဝန်ပေးထားတဲ့အခါမှာ ကျနော်တို့လုပ်ပါမယ်၊ ခုလောလောဆယ်မှာလည်း ကျနော်တို့အနေနဲ့တပ်ပေါင်းစုမှာ ဘာတွေဆောင်ရွက်သင့်တယ်ဆိုတာကိုအကြံပေးပါတယ်။

❖FDBမှာ(၇)ဖွဲ့ရှိတယ်လို့ ကြားရတယ်၊ နောက်ထပ် ထပ်ပြီးတော့ပြန်လည်တိုးချဲ့ဖွဲ့စည်းဖို့ရှိလား၊ စည်းရုံးရေးမူက ဘယ်အပေါ်မှာအခြေခံထားသလဲ။

– ကျနော်တို့ အဓိက အခြေခံပြီးဖွဲ့တာ (၆)ဖွဲ့ ရှိတယ်၊ နောက်ကျန်တာ တသီးပုဂ္ဂလတွေအနေနဲ့ပါ၊ AAPP ထဲမှာလုပ်နေတဲ့သူအချို့က အဖွဲ့အနေနဲ့မဟုတ်ဘဲ တသီးပုဂ္ဂလအနေနဲ့ပါတယ်၊ ကျနော်တို့က ကျနော်တို့ FDB ကို စတင်တည်ထောင်သူတွေကြားမှာ ခေါင်းဆောင်တွေကြားထဲမှာ အဖွဲ့အစည်းတွေကြားထဲမှာ ကျစ်ကျစ်လစ်လစ်နဲ့ အခိုင်အမာဖြစ်လာဖို့၊ အတွေးအမြင် လုပ်ငန်းတွေ တူလာဖို့အတွက် ညှိနှိုင်းပြီးတော့တည်ဆောက်နေပါတယ်၊ ဒုတိယအဆင့်အနေနဲ့က ကျနော်တို့နဲ့ အတွေးတူအမြင်တူလုပ်ငန်းတွေ တူနိုင်မယ်ဆိုတဲ့ အဖွဲ့အစည်းမျိုး ရှိလို့ရှိရင်လည်း ကျနော်တို့အနေနဲ့ တံခါးဖွင့်ထားပေးဖို့ ဝိုင်းပြီးတော့ပါဝင်ချင်တဲ့ တသီးပုဂ္ဂလတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ဖို့စည်းရုံးရေးဘောင်တခုထားရှိပါတယ်။ ဒါပေမယ့် တပ်ပေါင်းစုကိုယှဉ်ပြိုင်တဲ့ လှုပ်ရှားမှုမျိုး မဖြစ်အောင်သတိထားရမယ်ဆိုတဲ့ စဉ်းစားချက်လည်းရှိပါတယ်။

❖ပြည်တွင်းမှာ ခေါင်းဆောင်မှုအားမကောင်းဘူး၊ ဒါနဲ့ပတ်သက်ပြီးတော့ ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲမှု လုပ်သင့်တယ်ဆိုတဲ့ ပြောသံဆိုသံတွေ ကြားနေရတယ်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ ကိုနိုင်အောင် ဘယ်လိုမြင်ပါသလဲ။

– ဒီလိုအနေအထားမျိုးမှာ အဖွဲ့အစည်းတိုင်းက အားကောင်းတဲ့ခေါင်းဆောင်မျိုးနဲ့ အားကောင်းတဲ့ ဖွဲ့စည်းတည်ဆောက်မှုမျိုး ပေါ်ပေါက်အောင် အဖွဲ့စည်းတိုင်းက ပြန်လည် သုံးသပ်သင့်တယ်၊ လုပ်သင့်တယ်လို့ ထင်ပါတယ်။

❖ဦးလွင်ရဲ့ အင်တာဗျူးတခုမှာ ‘ဖိုရမ်’နဲ့ပတ်သက်ပြီး သူက နည်းနည်းစိတ်နဲ့မတွေ့သယောင် ပြောသွားတာရှိတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ကိုနိုင်အောင် ဘယ်လိုမြင်လဲ။

– သူ့ဆိုလိုချက်ကိုတော့ အတိအကျမသိဘူးခင်ဗျ၊ ကျနော်တို့ဖြစ်စေချင်တဲ့အမြင်ကို ပြောရမယ်ဆိုရင်တော့ အလုပ်တွေအတူတူ လုပ်ဖို့အတွက် စုစည်းတာ၊ အဲဒီစုစည်းမှုကလည်း ဘယ်သူကိုမှ ကျနော်တို့စိန်ခေါ်ဖို့ အစားထိုးဖို့ဆိုတဲ့ ဥစ္စာမျိုးမဟုတ်ဘူး၊ ဖြစ်စဉ်တိုင်းဟာ အချိန်တွေတိုင်းမှာ သူ့သမိုင်းနဲ့ သူ့နေရာနဲ့သူရှိကြတယ်။ ကျနော်တို့ အနေနဲ့ကတော့ အလုပ်အင်အားစု ပြန်လည်ပြင်ဆင်တည်ဆောက်ထားတယ်၊ ကျနော်တို့ ဒီမှာရှိနေတဲ့ ခေါင်းဆောင်အင်အားစုတွေကို ဝိုင်းရံဖို့ ကြိုးစားသွားမယ်။

❖နောက်တခုက ကျနော်တို့လက်ရှိ နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ တချို့က နောက်ဆုံးစိန်ခေါ်ပွဲပေါ့လေ၊ အဲဒါပြောသံ ကျနော်တို့ကြားရတယ်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုမြင်လဲ။

– ကျနော်တို့ယုံကြည်တာ မြန်မာပြည်ရဲ့ နိုင်ငံရေးပြဿနာတွေကို အားလုံးပါဝင်နိုင်မယ့်နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ်တခုနဲ့ကျော်လွှားနိုင်မှ အကောင်းဆုံးဖြစ်မယ်လို့ ယူဆတယ်၊ ဒါပေမယ့် ဒီနေရာမှာကျနော်ပြောချင်တာက ညှိနှိုင်းဆွေးနွေးအဖြေရှာမှုမှာပြည်သူလူထုရဲ့အကျိုးစီးပွားကိုပဲ အခြေခံပြီးတော့ အဖြေရှာဖို့လိုအပ်ပါတယ်။ ညှိနှိုင်းဖြစ်စဉ်မှာပါတဲ့အဖွဲ့အစည်းတွေအားလုံးကဗမာပြည်တခုလုံးလိုအပ်နေတဲ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ပြီး အဓိကပြဿနာကိုဖြေရှင်းပေးနိုင်မယ့်ဆွေးနွေးအဖြေရှာမှုဖြစ်စဉ်သက်သက်ဖြစ်တယ်လို့ ခံယူဖို့လိုအပ်ပါတယ်၊ ယာယီဖြေရှင်းရေးပုံစံမျိုးပဲ ဖြစ်မယ်ဆိုရင်တော့ ရေရှည်တည်တံ့ခိုင်မြဲမှာ မဟုတ်ဘူး။

❖ကိုအောင်နိုင်အနေနဲ့ဘာများ ထူးထူးခြားခြား ထပ်ပြီးပြောစရာရှိပါသလဲ။

– ကျနော်တို့ကိုတချို့က ဘာမြင်လဲဆိုတော့ စင်ပြိုင်တပ်ပေါင်းစုဖွဲ့တာလား၊ NCUB ကို အားမရလို့လား။ ကျနော်တို့မျိုးဆက်သစ်ခေါင်းဆောင်မှုလို့ပြောတဲ့အခါမှာ ရှိနေပြီးသား ခေါင်းဆောင်မှုတွေကို မကျေနပ်လို့ ပြောတာလားဆိုတဲ့ အမြင်မျိုးတွေ အများကြီးရှိတယ်၊ အခြေခံအားဖြင့် ကျနော်တို့ ပြောတာက ဘာလဲဆိုတော့ ကျနော်တိုနဲ့ ရင်ခုန်သံတူတဲ့ လူတွေကြားထဲမှာ စုစည်းပြီးတော့အလုပ်တချို့ကို တက်ညီလက်ညီလုပ်ချင်လို့ စုစည်းထားတာဖြစ်တယ်၊ တပ်ပေါင်းစုဆိုင်ရာ ဦးတည်ချက်ကတော့ အားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါနိုင်တဲ့ ဥစ္စာတခုကိုပဲ ဦးတည်ပြီးလှုပ်ရှားသွားမှာ ဖြစ်တယ်။ ပြီးတော့ ကျနော်တို့ကိုယ်တိုင်ပဲ NCUB ကို ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲဆိုတာကိုလည်း တပ်ပေါင်းစုမှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပါတယ် နောက်တခုကတပ်ပေါင်းစုတွေဖြစ်စဉ်ထဲမှာ အားမလိုအားမရဖြစ်တာက ဘာလဲဆိုတော့ လူတွေကနာမည်အရစုပြီး အလုပ်တွေထဲမှာ လူတွေစုမလာတဲ့ကိစ္စတွေကို အားမလိုအားမရ အရမ်းဖြစ်တယ်၊ ကိုယ့်နဲ့လက်တွဲညီတဲ့ လူတွေနဲ့ဒီလိုပုံစံမျိုးနဲ့ လုပ်တာအောင်မြင်တယ်ဆိုလို့ ရှိရင် ဒါမျိုးပုံစံမျိုးတွေနဲ့ တပ်ပေါင်းစုမှာ လုပ်သွားနိုင်တယ်ဆိုတာမျိုးကို သက်သေပြချင်တဲ့သဘောပါပဲ၊ အခုအနေအထားမှာလည်း ကျနော်တို့အနေနဲ့ တပ်ပေါင်းစုက ဘာပဲခိုင်းခိုင်း၊ ဘာပဲတာဝန်ပေးပေး၊ တပ်ပေါင်းစုအလုပ်တာဝန်တွေကို ဒီကနေ့ ကျနော်တို့ NCUB ထဲမှာရှိတဲ့ ကျနော်လူတွေကော NCUB ထဲမှာမပါတဲ့ FDB ထဲမှာရှိတဲ့ အခြားလူတွေကော ပူးပေါင်းလုပ်သွားမယ်ဆိုတဲ့ စိတ်မျိုးရှိပြီးသားပါပဲ၊ ဒါ့အပြင် ဒီတပ်ပေါင်းစုကလည်း ကျယ်ပြန့်စွာ အားလုံးပါဝင်တဲ့ တပ်ပေါင်းစုဖြစ်အောင်လည်း တိုက်တွန်းသွားမှာပဲ၊ တပြိုင်တည်းမှာပဲ တပ်ပေါင်းစုက လုပ်သင့်တဲ့နိုင်ငံရေးအလုပ်မျိုးတွေ၊ တပ်ပေါင်းစုအနေနဲ့သာ အကောင်အထည် ဖော်သင့်တယ်ဆိုတဲ့ အလုပ်မျိုးတွေကိုလည်း တင်ပြသွားဖို့ပဲ။❖

# ကေအဲန်ယူနှင့် နအဖ နှုတ်ကတိ အပစ်အခတ်ရပ်စဲရေး မအောင်မြင် (၆)လအတွင်း တိုက်ပွဲပေါင်း ၂၄၀ ကျော်ဖြစ်ပွား



ကေအဲန်ယူ ပြန်ကြားရေးတာဝန်ခံ စောဒေးဗစ်တာကပေါ

၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အစပြုခဲ့သော၊ ကရင်အမျိုးသားအစည်းအရုံးနှင့် နအဖတို့၏ နှုတ်ကတိ အပစ်အခတ်ရပ်စဲရေးသည် (၇)လကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ ကရင်အမျိုးသား အစည်းအရုံးမှ ထုတ်ပြန်သော သတင်းများအရ (၁-၁၂-၂၀၀၃)မှ(၃၁-၅-၂၀၀၄) တိုက်ပွဲစာရင်းချုပ်အရ တပ်မဟာ(၁)တွင်(၃)ကြိမ်၊ တပ်မဟာ(၂)တွင်(၆၈)ကြိမ်၊ တပ်မဟာ (၃)တွင်(၄၅)ကြိမ်၊ တပ်မဟာ(၄)တွင်(၂၉)ကြိမ်၊ တပ်မဟာ(၅)တွင်(၅၇)ကြိမ်၊ တပ်မဟာ(၆)တွင်(၂၈)ကြိမ်၊ တပ်မဟာ(၇)တွင် (၂)ကြိမ်နှင့် ဗဟိုနယ်မြေအတွင်း(၈)ကြိမ် စုစုပေါင်း တိုက်ပွဲကြီးငယ် (၂၄၀)ဖြစ်ပွားခဲ့သည်ဟု သိရသည်။

အပစ်အခတ်ရပ်စဲရေး နှုတ်ကတိရှိထားလင့်စကား လူသတ်မှု၊ မုဒိမ်းမှု၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးမှု၊ ခိုးဆိုးလုယက်မှုနှင့် မတရားခိုင်းစေမှုများ အပါအဝင် စစ်ပွဲကို စနစ်တကျ ကျူးလွန်နေဆဲဖြစ်သည်ဟု ကရင်အမျိုးသားအစည်းအရုံးနှင့် နီးစပ်သော သတင်းများအရ သိရှိရသည်။

ကေအဲန်ယူပြန်ကြားရေး တာဝန်ခံ စောဒေးဗစ်တာကပေါက နအဖသည် ကရင်နီ၊ ရှမ်း၊ ကရင် အပါအဝင် အခြားတိုင်းရင်းသားလူမျိုးများကို သူတို့၏အိုးအိမ်များမှ စွန့်ခွာထွက်ပြေးစေရန် ပုံဖော်လုပ်ဆောင်နေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

သတင်းများအရ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများသည်လည်း တိုးတက်မှုတစုံတရာ မရှိသေးဟုဆို၏။ နှစ်ဖက်တပ်များပိုင်းခြားရေး အစီအစဉ်များကို ပြီးခဲ့သည့် ဒီဇင်ဘာနှင့် မတ်လအတွင်းတွေ့ဆုံဆွေးနွေးရေးပွဲများ၌ ကေအဲန်ယူ ကတင်ပြခဲ့သော်လည်း နအဖက ပယ်ချခဲ့သည်။ ရှိနေသည့် အနေအထားအတိုင်းသာ အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်ရန် ပြောကြားလျက်ရှိသည်။

မြန်မာစစ်တပ်သည် လမ်းဖောက်လုပ်ခြင်း စခန်းသစ်များ ဆောက်လုပ်ခြင်း၊ ရှေ့တန်းစခန်းများကို အားဖြည့်ခြင်း၊ ရှေ့တန်းတပ်ဖွဲ့များအတွက် ရိက္ခာများစုဆောင်းခြင်းတို့အား အပစ်အခတ်ရပ်စဲရေးကို အခွင့်ကောင်းယူလျက် အရှိန်အဟုန်မြှင့် လုပ်ဆောင်နေသောကြောင့်၊ ယခင်က နအဖအပေါ် အကောင်းမြင် မျှော်လင့်ချက်ထားရှိသော ကရင်ခေါင်းဆောင်အချို့ပင် ယခုအခါ စိတ်ပျက်လာကြပြီဟု အမည်မဖော်လိုသော ကရင်အရာရှိတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

❖

# ကေအဲန်ယူ နအဖဆွေးနွေးပွဲ ဩဂုတ်လအတွင်း ပြန်စမည်ဟု ဆို

ပြီးခဲ့သည့် မတ်လမှစ၍ ရပ်ဆိုင်းထားသော ကေအဲန်ယူနှင့် နအဖ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများကို လာမည့် ဩဂုတ်လတွင် ပြန်လည် စတင်မည်ဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။

မတ်လအစည်းအဝေးကို ကရင်ဘက်မှ ခေါင်းဆောင်ခဲ့သူ ကေအဲန်ယူတွဲဘက် အထွေထွေ အတွင်းရေးမှူး(၁) ဗိုလ်မှူးကြီး စောတူးတူးလေးမှာ နာမကျန်းဖြစ်နေ၍ အနားယူနေရသည်ဟု သတင်းများ ထွက်ပေါ်နေသည်။ ဤတကြိမ်အစည်းအဝေးကို ကရင်ဘက်မှ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာကိုယ်တိုင် ဦးဆောင်သွားမည်ဟု ခိုင်လုံသော သတင်းများက ဆိုသည်။ ဖဒိုမန်းရှာနှင့်စာလျှင် စောတူးတူးလေးအား နအဖက ပိုမိုလိုလားသည့်အတွက် ဤတကြိမ်တွင်လည်း နအဖမှ အစည်းအဝေးအား ရွှေ့ဆိုင်းကောင်း ရွှေ့ဆိုင်းမည်ဟု ကရင်စစ်အရာရှိတဦးက မိုးကြိုးသို့ ပြောကြားခဲ့သည်။❖



ဗိုလ်ချုပ်ကြီးစောဘိုမြ ဦးဆောင်သည့်အဖွဲ့ ရန်ကုန်ခရီးစဉ်သွားစဉ်က

# လုပခြင်း၊ အရုပ်ဆိုးခြင်း

**စအိုင်လင်း**

လှပခြင်းဆိုတဲ့ အလှတရားကရုပ်ပိုင်းဆိုင်ရာ(ဗဟိဒ္ဓ)နဲ့ စိတ်ပိုင်းဆိုင်ရာ(အဇ္ဈတ္တ) နှစ်ခုစလုံးနဲ့ သက်ဆိုင်ပါတယ်။ တချို့က ရုပ်ပိုင်းအရ သိပ်လှပကြတယ်။ ဒါပေမယ့် စိတ်ပိုင်းအရ အကြည့်တန်(အရုပ်ဆိုး)ကြတယ်။ တချို့ကျတော့ ရုပ်ပိုင်းအရ အကြည့်တန်(အရုပ်ဆိုး)ကြတယ်။ ဒါပေမယ့် စိတ်ပိုင်းအရ သိပ်လှပကြတယ်။ ရုပ်ပိုင်းအရ လှပသလို စိတ်ပိုင်းဘဝ လှပပြည့်စုံကြတဲ့သူတွေလည်း ရှိတာပါပဲ။ အဲဒီလိုပဲ ရုပ်ပိုင်းအရ အကြည့်တန် အရုပ်ဆိုးသလို စိတ်ပိုင်းအရလည်း အကြည့်တန်အရုပ်ဆိုးတဲ့ သူတွေလည်း အများကြီးရှိတာပေါ့လေ။ ဒါပေမယ့် လူ့အဖွဲ့အစည်းတိုင်းမှာလိုလိုပဲ လူအများစု တကယ်တမ်း တန်ဖိုးထား မြတ်နိုးနှစ်သက်ကြတာကတော့ စိတ်ပိုင်း(အဇ္ဈတ္တ)အလှတရားပဲဖြစ်တယ်ဆိုရင် မှားမယ်မဟုတ်ဘူးလို့ ကျနော်ထင်ပါတယ်။

လူ့အဖွဲ့အစည်းတိုင်းမှာ အဲဒီလို လှပခြင်းနဲ့ အရုပ်ဆိုးခြင်းဆိုတဲ့ ပဋိပက္ခသဘောနှစ်ခုကို တွေ့ရမှာပါပဲ။ ဒါပေမယ့် လှပခြင်းဆိုတဲ့ အလှတရား များပြားကြွယ်ဝတဲ့ လူ့အဖွဲ့အစည်းဟာ နေချင်စဖွယ် လှပချစ်စရာကောင်းနေမှာဖြစ်ပြီး အရုပ်ဆိုးခြင်းဆိုတဲ့ ဆန့်ကျင်ဖက်တရား ရှင်သန်အားကောင်းနေတဲ့လူ့အဖွဲ့အစည်းဟာ နေချင်စရာကောင်းတဲ့ ချစ်စရာကောင်းတဲ့ နေရာဒေသတခု ဖြစ်မလာမှာ အသေအချာပဲဖြစ်ပါတယ်။ ဒီအကြောင်းအရာကို ရေးဖြစ်သွားတာက တော့ပြီးခဲ့တဲ့ပြီလဆန်းမှာ ဖတ်ခဲ့ရတဲ့ Bangkok Post နဲ့ The Nation သတင်းစာတွေမှာ အသားပေးဖော်ပြခဲ့ကြတဲ့ သတင်းတပုဒ်ကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီသတင်းကိုလည်း အားလုံးသတိထားမိကြ မယ်ထင်ပါတယ်။ အဖြစ်ကဒီလိုပါ။ သက္ကရာဇ် ၂၀၀၂ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့တုံးက RatchaBuri Solan Phung ခရိုင်ထဲမှာ အလယ်တန်းကျောင်းသား ကျောင်းသူ(၂၀)လောက် တင်ဆောင်လာတဲ့ နောက်ဖွင့်ထရပ်ကားတစီးကို တောတောင်ထူထပ်တဲ့ မတ်စောက်တဲ့လမ်းပေါ်မှာ ခြုံခိုပစ်ခတ် တိုက်ခိုက်ခံခဲ့ရပါတယ်။ ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက်ခဲ့တာကတော့ စစ်ဝတ်တန်ဆာဝတ်ဆင်ထားတဲ့ မျက်နှာဖုံး စွပ်လူသုံးယောက်ဖြစ်တယ်လို့ သက်သေတွေက ဆိုပါတယ်။ ကားပေါ်မှာပါလာတဲ့ ကျောင်းသား၊ ကျောင်းသူ(၃)ဦး သေဆုံးပြီး (၁၄)ယောက် ဒဏ်ရာရရှိခဲ့ပါတယ်။ (၇)ယောက်က ဒဏ်ရာပြင်းထန်ပါတယ်။ အခင်းဖြစ်ပွားတဲ့နေရာဟာ မြန်မာနယ်စပ်နဲ့ ကီလိုမီတာ(၂၀)လောက်အကွာမှာ ဖြစ်ပါတယ်။

အဲဒီ ရက်စက်တဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံတခုလုံးကို တုန်လှုပ်သွားစေခဲ့ပြီး ထိုင်းဝန်ကြီးချုပ် တပ်စင်ရှီနာဝါထရာက အဲဒီရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့သူတွေကို အသေရရအရှင်ရရ အမြန်ဆုံးဖမ်းဆီးဖို့ သက်ဆိုင်ရာအာဏာပိုင်တွေကို အမိန့်ပေးခဲ့ပါတယ်။ အဲဒီ ရက်စက်ဆိုးဝါးတဲ့ ကျောင်းကားကို ပစ်ခတ်တိုက်ခိုက်ခဲ့မှုကို ကျူးလွန်ခဲ့တဲ့ သေနတ်သမား(၃)ဦးထဲမှာ 'ဂျိုဘီ' ဆိုတဲ့ ကရင်အမျိုးသားတယောက်လည်း ပါဝင်တယ်လို့ ရဲကစွပ်စွဲပြီး အဲဒီသူကို သေဒဏ်အထိ အပြစ်ဒဏ်ပေးနိုင်တဲ့ လူသတ်ခြားပြမှုနဲ့ စွဲချက်တင် တရားစွဲဆိုခဲ့ပါတယ်။ ကျနော်တို့မြန်မာနိုင်ငံမှာဆိုရင် အဲဒီ အသက်(၃၅)နှစ်အရွယ် ကရင်လူငယ်ဟာ အသေအချာ သေဒဏ်အပြစ်ပေးခံရမှာ ဖြစ်ပါတယ်။ အဲဒီ စွပ်စွဲခံရတဲ့သူမှာ အပြစ်ရှိမရှိ ထူးထူးထွေထွေ စစ်မနေတော့ဘဲ သေဆုံးသွားခဲ့တဲ့ ကျောင်းသားတွေရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေ ကျေနပ်ပြေအေးသွားအောင် တရားခံအဖြစ် စွပ်စွဲခံရသူကို သေဒဏ်ပေးမှာကတော့ သေချာလှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တိုင်းပြည်မှာ အုပ်ချုပ်မင်းလုပ်နေတဲ့ စစ်ဗိုလ်ချုပ်တွေက ကျောင်းသားတွေ အုံကြွဆူပူလာမှာကို အပြင်းအထန် စိုးရိမ်လို့ပဲ ဖြစ်ပါတယ်။ သူတို့အနေနဲ့ မှန်သလား၊ မှားသလား၊ တကယ်အပြစ်ရှိသလား၊ မရှိဘူးလားဆိုတာထက် အဲဒီမကျေနပ်မှုကနေ နိုင်ငံရေးအုံကြွမှု ဖြစ်မလာရေးက အဓိကဖြစ်လို့ပါပဲ။

ဒါပေမယ့် ထိုင်းနိုင်ငံလူ့အဖွဲ့အစည်းကတော့ ကျနော်တို့လူ့အဖွဲ့အစည်းနဲ့ အတော်ကို ကွာခြားပါတယ်။ ကျနော် အထက်မှာတင်ပြခဲ့တဲ့ ဂျိုဘီရဲ့အမှုကို ကြားနာစစ်ဆေးခဲ့တဲ့ ရချာဘူရီ (Ratchaburi) ပြည်နယ်တရားရုံးက "တရားရုံးအနေနဲ့ သက်သေတွေရဲ့ ထွက်ဆိုချက်တွေနဲ့ သက်သေ အထောက်အထားတွေပေါ်မှာ သံသယ ရှိပါတယ်။ တရားစွဲဆိုသူရဲ့သက်သေတွေ တရားရုံးမှာထွက်ဆိုတာတွေဟာ တခုနဲ့တခုဆန့်ကျင်ကွဲပြားနေတာ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် တရားသူကြီးများအနေနဲ့ စွပ်စွဲခံရသူကို သံသယရဲ့အကျိုးတရားကို ခံစားခွင့်ပြုလိုက်ပြီး အမှုကို ပလပ်လိုက်ပါတယ်"လို့ တရားရုံးအရာရှိတဦးက ပြောကြားခဲ့ပါတယ်။ သူကပဲ "သက်သေတွေဟာ သေနတ်သမားကို မမှတ်မိခဲ့ပါဘူး။ အစိုးရရှေ့နေတွေက ဂျိုဘီကို သူအသုံးပြုခဲ့တဲ့သေနတ်ကို ပြန်ရှာဖွေဖို့ ခေါ်ဆောင်သွားတဲ့ အချိန်မှာလည်း သူ(ဖွက်ထားတယ်လို့ထင်ရတဲ့နေရာ) ဘယ်နေရာမှာဆိုတာ မသိခဲ့ပါဘူး။ သက်သေ တယောက်ကဆိုရင် အဲဒီသေနတ်ပစ်ခတ်မှု ဖြစ်ပွားတဲ့ အချိန်မှာ ဂျိုဘီကို ရွာဈေးထဲမှာ ခရမ်းချဉ်သီးရွေးနေတာ တွေ့ခဲ့ရပါတယ်"လို့ ဆက်ပြောခဲ့ပါတယ်။

ကျနော်ပြောတဲ့ အလှတရားကို ပထမပြသခဲ့တာက ရချာဘူရီပြည်နယ် တရားရုံးက တရားသူကြီးများဖြစ်ပြီး အလှတရားကို အလှပဆုံး ပြသခဲ့သူတွေကတော့ သေနတ်သမားတွေလက်ချက်နဲ့ အသက်ဆုံးရှုံး ခဲ့ရတဲ့ ဒဏ်ရာရခဲ့ကြတဲ့ ကျောင်းသားတွေရဲ့ မိဘတွေပါပဲ။ သူတို့က ဂျိုဘီကို သံသယမရှိခဲ့ကြသလို ဂျိုဘီဟာ ရဲတွေရဲ့ ခေါစာခံလုပ်တာကို ခံခဲ့ရတဲ့သူလို့ လက်ခံယုံကြည်ထားခဲ့ကြပါတယ်။ အဲဒီလို ယုံကြည်ကြတဲ့အတိုင်းပဲ ဂျိုဘီကို တရားရုံးထုတ် အမှုစစ်ဆေးမယ့် အကြိမ်တိုင်း ကျောင်းသားမိဘ ရွာသူရွာသားတွေက သူ့ကို သွားရောက်အားပေး နှစ်သိမ့်ခဲ့ကြပါတယ်။ အဲဒီပစ်ခတ်မှုမှာ သေဆုံးသွားခဲ့ရရှာတဲ့ ကျောင်းသားလေး ပရက်ဆစ်ဝမ်နာ(Prasit Wanna)ရဲ့ မိခင်ဖြစ်သူ ဆွမ်ဆီဝမ်နာ(Somsri Wanna)က ဆိုရင် "ကျမက အပြစ်မဲ့တဲ့သူတယောက်ကို သေဒဏ်ပေးတာကို မကြည့်ချင်ပါဘူး။ အမှုစစ်တဲ့အခါတိုင်း သူ့ဆီသွားပြီး အားပေးခဲ့ပါတယ်"လို့ ပြောခဲ့ပါတယ်။ ပရက်ဆစ်ရဲ့ ဖခင်ဖြစ်သူကတော့ "ရွာသားအားလုံးက တရားခံဘယ်သူတွေလဲဆိုတာ သိကြပါတယ်။ ဒါပေမယ့် သူတို့ဘာမှ မပြောနိုင်ကြပါဘူး။ တရားခံတွေက ငွေကိုသုံးပြီး သူတို့ပါးစပ်တွေကို ပိတ်ခိုင်းထားနိုင်ခဲ့တယ်လေ"လို့ ပြောကြားခဲ့ပါတယ်။

ဒီနေရာမှာ လှပခြင်းနဲ့ အရုပ်ဆိုးခြင်းကို တွဲပြီးတွေ့ခဲ့ရပါတယ်။ လွတ်လပ်တဲ့ တရားစီရင်မှုစနစ်နဲ့ တရားသူကြီးများရဲ့ မှန်ကန်ဖြောင့်မတ်မှုဟာ လှပပါတယ်။ ပိုပြီးလှပတာက ကိုယ့်ရဲ့ရင်သွေးငယ်တွေ ရက်ရက်စက်စက် အသတ်ခံရ၊ ဒဏ်ရာအပြင်းအထန်ရခဲ့ကြပေမယ့် အပြစ်မရှိသူကို အပြစ်ဒဏ်မခံရစေလိုတဲ့ မိဘ ရွာသူရွာသားတွေရဲ့ စိတ်ဓာတ် အလှတရားဖြစ်ပါတယ်။ အရုပ်ဆိုးတာကတော့ တကယ့်အပြစ်ရှိတဲ့ တရားခံတွေကို အပတ်တကုတ် ရှာဖွေဖမ်းဆီးဖို့ မကြိုးစားဘဲ ခေါစာခံရှာပြီး အပြစ်ဒဏ်ပေးဖို့ ကြိုးစားခဲ့ကြတဲ့ ရဲတချို့ရဲ့ ဖောက်ပြန်မှားယွင်းတဲ့လုပ်ရပ်နဲ့ တရားခံတွေဆီ ကရရှိတဲ့ ငွေကြေးကို လက်ခံရယူပြီး အမှန်တရားကို ဖုံးကွယ် ရေငုံနှုတ်ပိတ်နေခဲ့ကြတဲ့ တချို့ရွာသူရွာသားတွေရဲ့ လုပ်ရပ်ပဲ ဖြစ်ပါတယ်။

ကျနော်တို့ရဲ့ မြန်မာနိုင်ငံလူ့အဖွဲ့ အစည်းမှာတော့ အလှတရားဆိတ်သုဉ်းပြီး အရုပ်ဆိုးခြင်းတွေပဲ ဖုံးလွှမ်းနေခဲ့တာ နှစ်ပေါင်း ငါးဆယ်နီးပါးရှိနေခဲ့ပြီ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့ရဲ့အနာဂတ် မြန်မာပြည်မှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ အမှန်တရားကို ချစ်မြတ်နိုး ထိန်းမတ်စောင့်ရှောက်ခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ အလှတရားတွေ ပြည့်ဝတင့်တယ်အောင် ဖြည့်ဆည်းပေး ကြဖို့ကတော့ ကျနော်တို့ အားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။❖

# ဂျော်ဂျီယာ သင်ပုန်းကြီးဖတ်စာ

ဂါမဏိ

ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ် အောက်တိုဘာလ တုန်းက ဂျော်ဂျီယာနိုင်ငံမှာ “နှင်းဆီတော်လှန်ရေး”လို့ နာမယ်ကျော်သွားတဲ့ တော်လှန်ရေးတရပ် ဖြစ်ခဲ့ပါတယ်။ ဒါဟာ ၂၀၀၃ ခုနှစ်အတွင်းမှာ အအောင်မြင်ဆုံး တော်လှန်ရေးဖြစ်ခဲ့ပြီး ဂျော်ဂျီယာ သမတ အက်ဒဝပ်ရှဗာ့နာဇေးကို ဖြုတ်ချနိုင်ခဲ့ပါတယ်။ ရှဗာ့နာဇေးဟာ ယခင်ဆိုဗီယက်ပြည်ထောင်စု သမတ မစ်ခေးဂိုဘာချော့ရဲ့ အမာခံလုပ်ဖော်ကိုင်ဖက်အဖြစ် ဆိုဗီယက်ပြည်ထောင်စုကြီးကို ဖြိုချပစ်ရာမှာ အရေးပါသူလဲဖြစ်၊ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးလဲ ဖြစ်ခဲ့ဖူးပြီး အမေရိကန်အစိုးရအဆက်ဆက်ရဲ့ အားပေးထောက်ခံမှုရထားလို့ တိုင်းပြည်ကို ထင်သလို မင်းလုပ် အုပ်ချုပ်နေသူဖြစ်ပါတယ်။ နှင်းဆီတော်လှန်ရေးကို ခေါင်းဆောင်ဆင်နွှဲခဲ့သူ လက်ရှိ ဂျော်ဂျီယာ သမတ မစ်ခေးလ်ဆားကာ့ရှ်ဗီလီ ကို *ဝါရှင်တန်ပို့စ်* သတင်းထောက် ဒေးဗစ်အစ်ဂ်နေးရှတ်က တွေ့ဆုံမေးမြန်းခန်းတခုလုပ်ခဲ့ရာမှာ သူက ဒီတော်လှန်ရေးရဲ့ သင်ခန်းစာတွေ၊ သို့မဟုတ် လှေခါးထစ် အဆင့်ဆင့်ကို အခုလိုထုတ်ပြသွားခဲ့ပါတယ်။

> ပါလီမန်ကိုသိမ်းတုန်းက သူဟာအသေခံဖို့ထိ သန္နိဋ္ဌာန်ချထားတယ်လို့ ဆားကာ့ရှ်ဗီလီက ပြောပြတယ်။ အဲဒီလို သူကိုယ်တိုင် ရဲရဲတောက်ပိုင်းဖြတ်ချက်ချခဲ့လို့ သူ့ထောက်ခံသူတွေ အကြီးအကျယ်တက်ကြွအားရှိခဲ့ကြတယ်။ “ကျုပ်တို့သာ ကြောက်နေရင် ပြည်သူလူထုတွေက ကျနော်တို့နောက်ကို လိုက်မှာမဟုတ်ဘူး” လို့ သူက ပြောတယ်။ နောက်ထပ်သော့ချက်ကျတဲ့ နည်းဗျူဟာက အကြမ်းဖက်မှု သွားမလုပ်လိုက်ဖို့ ဖြစ်တယ်။ ဘယ်လောက်ပဲထိုးဆွပေးပါစေ၊ ဘယ်လောက်ပဲရန်စပါစေ အကြမ်းမဖက်ဖို့ဖြစ်တယ်တဲ့။ “အကြမ်းဖက်ရေးလုပ်ဖို့ သွေးဆောင်မှုဟာ အင်မတန်အားကြီးတယ်၊ အဲဒီ နောက်လိုက်သွားမိရင် နောက်ကို ပြန် လှည့်လို့မရတော့ဘူး” လို့ သူကပြောတယ်။



ဂျော်ဂျီယာပြည်သူများ ပါဘီမန်လွှတ်တော်ကို ဝင်ရောက်စီးနင်းနေကြပုံ

**★ အတွင်းထဲ ဝင်လိုက်စားပါ။**

ဆားကာ့ရှ်ဗီလီဟာ သူဖြုတ်ချခဲ့တဲ့ အစိုးရထဲမှာ အတွင်းလူတယောက်အဖြစ် ဝင်ရောက်အလုပ်လုပ်ခဲ့တယ်။ သူဟာ အမေရိကန်ပြည်ထောင်စုမှာ ဥပဒေပညာသင်ယူခဲ့ပြီးနောက် ၁၉၉၅ မှာ အမိမြေကိုပြန်လာခဲ့ပြီး ရှဗာ့နာဇေးရဲ့ အာဏာရပါတီထဲဝင်ခဲ့ပြီးနောက် ပါလီမန်ထဲရောက်ခဲ့တယ်။ သူဟာ နိုင်ငံရေးနယ်ထဲ စရောက်ကတည်းက ဥပဒေပြုပြင်ပြောင်းလဲရေးတွေလှုံ့ဆော်တာ၊ ကြိုးပမ်းတာတွေလုပ်ခဲ့တယ်။ ၂၀၀၀ ခုနှစ်မှာ တရားရေးဝန်ကြီးဖြစ်လာတော့ ဒါကိုအသုံးချပြီး နိုင်ငံရေးရန်ဖက်တွေကို တိုက်ခိုက်အားစုနိုင်ခဲ့ပါတယ်။

**★နိုင်ငံရေးအခြေခံစခန်း တည်ဆောက်ရာမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ(အဲန်ဂျီအိုတွေ)ကို အသုံးချပါ။**

ဆားကာ့ရှ်ဗီလီဟာ ၁၉၉၀ ခုနှစ်များနှောင်းပိုင်းမှာ ဂျော်ဂျီယာနိုင်ငံရဲ့ တရားဥပဒေတွေကို အသစ်ပြန်ရေးဖို့ အဲသလို အဲန်ဂျီအိုတွေနဲ့ တွဲလုပ်ခဲ့တယ်။ သူက အမေရိကန်ရှေ့နေအသင်းကို ဂျော်ဂျီယာနိုင်ငံလာဖို့ ဖိတ်ခေါ်ပြီး ဂျော်ဂျီယာ တရားသူကြီးတွေ ရွေးချယ်ရေးကို ကြီးကြပ်စေခဲ့တယ်။ အမေရိကန်ရှေ့နေအသင်းက တရားရေးစာမေးပွဲတွေ စီစဉ်လုပ်ကိုင်ပေးခဲ့ပြီး ဒါကို ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ပြခဲ့တယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေဟာ ဂျော်ဂျီယာနိုင်ငံမှာ အရပ်ဖက်လူမှုရေး အသင်းအဖွဲ့(Civil Society) ထွန်းကားအားကောင်းစေခဲ့ပြီး တဆက်တစပ်တည်းမှာ အာဏာရပါတီရဲ့ အာဏာအခြေခံကို အားနည်းသွားစေခဲ့ပါတယ်။

**★ ခေတ်မီပြီး မီဒီယာလုပ်ငန်းကို ကျွမ်းဝင်၊ နိုင်ငံတကာမှာ အဆက်အသွယ်တွေ ကောင်းကောင်းရှိတဲ့ နိုင်ငံရေးလှုပ်ရှားမှု ဖန်တီးပါ။**

ဆားကာ့ရှ်ဗီလီက သူ့အဖွဲ့ကို ဂျော်ဂျီယာစကားနဲ့ ‘ကာမာရာ’လို့ နာမည်ပေးထားတယ်၊ ‘တော်လောက်ပြီ’လို့ အဓိပ္ပာယ်ရတယ်။ ဒီအဖွဲ့ဟာ ဆားဘီးယားအဖွဲ့တဖွဲ့ကို နမူနာယူပြီး ဖွဲ့ထားတာဖြစ်ပါတယ်။ ဒီဆားဘီးယားအဖွဲ့ဟာ ၂၀၀၀ ခုနှစ် အောက်တိုဘာတုန်းက ဘဲလ်ဂရိတ်မှာ အာဏာရှင် စလိုဘိုဒန် မီလိုဆီဗစ်ကို သွေးထွက်သံယိုမရှိဘဲ ဖြုတ်ချအာဏာသိမ်းခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။ ဂျော်ဂျီယာလှုပ်ရှားမှုကို ကုဋေကြွယ်သူဌေးကြီး ဂျော့ဆိုးရော့ရဲ့ ပွင့်လင်းလူ့ဘောင်စီမံကိန်း (အိုအက်စ်အိုင်)က တစိတ်တပိုင်း ငွေကြေးထောက်ပံ့ခဲ့တယ်။ ဆိုးရော့တို့က ကာမာရာအဖွဲ့ကို အကြမ်းမဖက်ရေးအံတုဆန္ဒပြမှု သင်တန်းတွေပေးခဲ့ပြီး ငွေမကုန်ဘဲ လူသိများ နာမည်ထွက်အောင် ဂျော်ဂျီယာ မီဒီယာကို ပါးပါးနပ်နပ်အသုံးချကြော်ငြာပေးခဲ့တယ်။

နိုင်ငံခြားက ပုဂ္ဂလိကအဖွဲ့တွေဆီက အကူအညီဟာ အသုံးဝင်တယ်လို့ ဆားကာ့ရှ်ဗီလီက ပြောပါတယ်။ ဒါပေမယ့် ပြည်ပအထောက်အကူရဲ့ အရေးပါမှုကို ပိုမတွက်သင့်ဘူးလို့တော့ သူက သတိပေးတယ်။ “တော်လှန်ရေးကို ငွေနဲ့ဝယ်လို့မရနိုင်ဘူး” လို့ သူကပြောတယ်။ “ပြည်သူလူထုရဲ့ စိတ်အားထက်သန်မှုကို ငွေနဲ့ဝယ်လို့မရနိုင်ဘူး” လို့ပြောပါတယ်။

**★ဘယ်တော့မှမကြောက်နဲ့။**

ကာမာရာအဖွဲ့ဟာ အရင်နှစ် နိုဝင်ဘာလမှာ စလှုပ်ရှားခဲ့တယ်။ အဲဒီအချိန်ဟာ ရှဗာ့နာဇေး ပါတီကရွေးကောက်ပွဲ ကလိမ်ကျပြီး အောင်ပွဲရထားချိန်ဖြစ်တယ်။ ဆားကာ့ရှ်ဗီလီနဲ့ သူ့ထောက်ခံသူတွေက ဂျော်ဂျီယာ ပါလီမန် အဆောက်အအုံကို သိမ်းပိုက်လိုက်တဲ့အခါ အာဏာပိုင်တွေက သူတို့ကို အင်အားသုံး ဖယ်ထုတ်လုနီး ဖြစ်သွားတယ်။ ပါလီမန်ကိုသိမ်းတုန်းက သူဟာအသေခံဖို့ထိ သန္နိဋ္ဌာန်ချထားတယ်လို့ ဆားကာ့ရှ်ဗီလီက ပြောပြတယ်။ အဲဒီလို သူကိုယ်တိုင် ရဲရဲတောက်ပိုင်းဖြတ်ချက်ချခဲ့လို့ သူ့ထောက်ခံသူတွေ အကြီးအကျယ်တက်ကြွ အားရှိခဲ့ကြတယ်။ “ကျုပ်တို့သာ ကြောက်နေရင် ပြည်သူလူထုတွေက ကျနော်တို့နောက်ကို လိုက်မှာ မဟုတ်ဘူး”လို့ သူကပြောတယ်။

နောက်ထပ်သော့ချက်ကျတဲ့ နည်းဗျူဟာက အကြမ်းဖက်မှု သွားမလုပ်လိုက်ဖို့ ဖြစ်တယ်။ ဘယ်လောက်ပဲထိုးဆွပေးပါစေ၊ ဘယ်လောက်ပဲရန်စပါစေ အကြမ်းမဖက်ဖို့ ဖြစ်တယ်တဲ့။ “အကြမ်းဖက်ရေးလုပ်ဖို့ သွေးဆောင်မှုဟာ အင်မတန်အားကြီးတယ်၊ အဲဒီ နောက်လိုက်သွားမိရင် နောက်ကို ပြန်လှည့်လို့ မရတော့ဘူး”လို့ သူကပြောတယ်။

**★ရန်သူတွေကို သိမ်းသွင်းပါ။**

ဆားကာ့ရှ်ဗီလီ အပြောင်မြောက်ဆုံး လုပ်သွားခဲ့တာက ဂျော်ဂျီယာစစ်တပ်နဲ့ရဲကို စည်းရုံးနိုင်ခဲ့တာဖြစ်တယ်။ သူ့နောက်လိုက်တွေက စစ်သားတွေကို နှင်းဆီပန်းစည်းတွေ ပေး၊ စစ်သားမိသားစုတွေဆီသွားလည်၊ ပါလီမန်အပြင်ဖက်က ချမ်းအေးလှတဲ့ လမ်းများပေါ်မှာ ထမင်းအတူတူဝေမျှစား လုပ်ကြတယ်။ စစ်သားတွေဟာ ဆန္ဒပြသမားတွေကို ပစ်ဖို့ အမိန့်ပေးခံရတဲ့အခါ အမိန့်ကိုဖီဆန်ခဲ့ကြလို့ တော်လှန်ရေးအောင်ပွဲ ခံသွားခဲ့ပါတယ်။

**★ကမ္ဘာ့မီဒီယာအာရုံစိုက်မယ့် အချိန်နဲ့ အံကိုက်ဖို့အရေးကြီးတယ်။**

ဆားကာ့ရှ်ဗီလီပြောတာက အဲဒီ ရက်သတ္တပတ်တုန်းက ကမ္ဘာ့မီဒီယာအာရုံကိုဆွဲမယ့် တခြား နိုင်ငံတကာအရေးအခင်း မရှိတဲ့ အချိန်ဖြစ်နေလို့ ရှဗာ့နာဇေးဟာ အရမ်းမလုပ်ရဲတာလည်း ဖြစ်နိုင်တယ်လို့ပြောပါတယ်။ “ကျုပ်တို့သာ အများမြင်သာတဲ့ မြင်ကွင်းမှာမရှိရင် ကျုပ်တို့ကိုချေမှုန်းဖို့ လွယ်သွားလိမ့်မယ်”လို့ သမတ ဆားကာ့ရှ်ဗီလီက ရှင်းပြပါတယ်။

**★တော်လှန်ရေးကို စမိရင် ဆုံးအောင်လုပ်ပါ။ လုပ်စရာရှိတာအကုန်လုပ်ပါ။**

အခုအခါ ဆားကာ့ရှ်ဗီလီဟာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုအဖြစ် ရဲ ၁၉,၀၀၀၊ အခွန်အရာရှိ ၂,၀၀၀၊ အကောက်အရာရှိ ၁,၅၀၀ ကို အလုပ်ဖြုတ်ပစ်နေတယ်။ ဒီလိုနဲ့ သူ့မှာ ရန်သူတွေပေါ်လာနေတယ်။ ဒါပေမယ့် သူကတော့ ပြုပြင်ပြောင်းလဲရေးတွေ ပြန်ဖျက်မရအောင် အမြစ်တွယ်ခိုင်မာသွားတဲ့အထိ ဆက်တွန်းဖို့ ရည်ရွယ်တယ်လို့ ပြောပြတယ်။ “အခွင့်အလမ်းဆိုတာ တခါပဲလာတယ်” လို့ သူက မှတ်ချက်ပေးတယ်။

အင်တာဗျူးအဆုံးမှာ သတင်းထောက်က ရိုးဘဲ့စ်ပီယဲပြဿနာလို့ နိုင်ငံရေးနယ်ပယ်မှာသိကြတဲ့ အချင်းအရာနဲ့ပတ်သက်ပြီး သမတကို မေးကြည့်တယ်။ ရိုးဘဲ့စ်ပီယဲ ပြဿနာ ဆိုတာကတော့ သမိုင်းတလျှောက်မှာ ဒီကနေ့ရဲ့ တော်လှန်ရေးသမားတွေဟာ မနက်ဖန်ရဲ့ အာဏာရှင်တွေ ဖြစ်သွားလေ့ရှိခဲ့တာကိုရည်ညွှန်းတာဖြစ်ပြီး သခင်ဘသောင်းဘာသာပြန်တဲ့ ဂျော့အော်ဝဲလ်ရဲ့ “ခြေလေးချောင်းတော်လှန်ရေး” ဝတ္ထုထဲမှာ သရုပ်ဖော်ထားတဲ့ အချင်းအရာမျိုးဖြစ်ပါတယ်။ သမိုင်းမှာပေါ်ခဲ့တဲ့ တော်လှန်ရေးသမား အများစုဟာ ကယ်တင်ရှင် တမန်တော်စိတ်ဝင်လေ့ရှိကြတယ်။ ဒါကိုမထိန်းချုပ်ဘဲလွှတ်ထားရင် သူကိုယ်တိုင်ရပ်တည် တိုက်ပွဲဝင်ခဲ့တဲ့ ဒီမိုကရေစီအရေးအတွက် ပြန်ပြီးအန္တရာယ်ဖြစ်လာနိုင်ပါတယ်။ အဲ သလိုမဖြစ်ဖို့အတွက် လွတ်လပ်တဲ့မီဒီယာနဲ့ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေဟာ အဓိကကျလိမ့်မယ်လို့ ဂျော်ဂျီယာခေါင်းဆောင်က ပြောတယ်။ အများပြည်သူတွေက သူ့ပေါ်လစီတွေကို ငြီးငွေ့လာလို့ သူ့သမတသက်တမ်း ငါးနှစ်ပြည့်တဲ့အခါ ဖြုတ်ချလိုက်ရင် “ဂျော်ဂျီယာနိုင်ငံဟာ ပုံမှန်တိုင်းပြည်တခု ဖြစ်သွားပြီလို့ အဓိပ္ပာယ် ရောက်သွားပါလိမ့်မယ်”လို့ သူကဆိုပါတယ်။

အဲဒါကတော့ အရှေ့ဥရောပက ဆိုဗီယက်ခေတ်လွန်နိုင်ငံတခုမှာ လုပ်ခဲ့တဲ့နည်းနာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘာတွေကိုက်ညီမယ်၊ မကိုက်ညီနိုင်ဘူးဆိုတာကိုတော့ ၁၄ နှစ်အတွေ့အကြုံ သို့မဟုတ် ၁၆ နှစ်အတွေ့အကြုံအရ အလွယ်တကူ သိနိုင်ပါတယ်။ ဒီမိုကရေစီကိုသွားတဲ့ လမ်းကြောင်း သို့မဟုတ် နည်းနာဟာ တခုတည်း၊ တမျိုးတစားတည်း အသေသတ်မှတ်ထားတာ မရှိပါဘူး။ ကိုယ့်အခြေအနေနဲ့ကိုယ် အခြေအနေကြည့်လုပ်ရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ငြင်းမရနိုင်တဲ့ လေ့လာအတုယူစရာ၊ သင်ခန်းစာယူစရာရှိတာကိုယူနိုင်ဖို့ ပြန်ဖောက်သည်ချပေးလိုက်တာ ဖြစ်ပါတယ်။

ဘွတ်ရှ်အစိုးရဟာ ဒီမိုကရေစီအပြောင်းအလဲအကြောင်း ပြောနေပေမယ့် တကယ့်လက်တွေ့မှာတော့ အဲသလိုဖြစ်လာဖို့ ဆားကာ့ရှ်ဗီလီ တို့လိုလူတွေက ပြည်တွင်းဖြစ်လက်စွဲနည်းနာတွေနဲ့လုပ်ကြတာဖြစ်တယ် လို့ *ဝါရှင်တန်ပို့စ်* သတင်းထောက်က သုံးသပ်ထားပါတယ်။

မှတ်ချက်။ ။ ဂျော့ဆိုးရော့သည်၎င်း၊ *ဝါရှင်တန်ပို့စ်* သတင်းစာသည်၎င်း၊ ဘွတ်ရှ်၏ အတိုက်အခံ ဒီမိုကရက်ပါတီနှင့် နီးစပ်သူများဖြစ်ပါသည်။

❖

## ထောင်တွင်းနှိပ်စက်ညှဥ်းပန်းခံခဲ့ရမှုကြောင့် ကဗျာဆရာ ကြည်တင်ဦးနှင့်ကိုဝနေစိုးတို့ ကွယ်လွန်ရှာပြီ

ပြီးခဲ့သည့် မတ်လကုန်ပိုင်းကမှ ထောင်ဒဏ်နှစ်စေ့၍ ပြန်လည်လွတ်မြောက်လာသူ ကဗျာဆရာကြည်တင်ဦးသည် စစ်ကြောရေးစခန်းတွင် ညှဥ်းပန်းနှိပ်စက်မှုဒဏ်နှင့် ထောင်တွင်း ဆေးဝါးကုသမှုညံ့ဖျင်းခြင်းတို့ကြောင့် လွတ်မြောက်လာပြီး (၄)လအကြာ ယခုလ (၂၄)ရက်နေ့ နံနက်ပိုင်းတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါများ ခံစားခဲ့ရပြီး ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရသည်။

ဆရာကြည်တင်ဦး ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ကဗျာဆရာမ မရီဝေမှာ ကလေးထောင်တွင် ထောင်ဒဏ်နှစ်ရှည် ကျခံနေရသည့်သားဖြစ်သူ ကိုအောင်ကျော်ဟိန်းထံ ထောင်ဝင်စာသွားတွေ့နေသဖြင့် နိုင်ငံရေးနယ်ပယ်မှပုဂ္ဂိုလ်များနှင့် စာပေအနုပညာနယ်မှပုဂ္ဂိုလ်များက နောက်ဆုံးအချိန်အထိ ပြုစု စောင့်ရှောက်ခဲ့ရကြောင်း သိရသည်။

ဆရာကြည်တင်ဦးသည် ထောင်မှပြန်လည်လွတ်မြောက်လာစဉ် ကတည်းက ၎င်းအနေဖြင့် အသက်ရှင်လျက် (၁)နှစ်နေရလျှင်ပင် တန်ပြီဖြစ်ကြောင်း အသံလွှင့်ဌာနတခုနှင့်မေးမြန်းစဉ် ထုတ်ဖော်ပြောဆိုခဲ့သေးသော်လည်း လွတ်မြောက်လာပြီး (၄)လအကြာတွင် ယခုလိုကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဆရာကြည်တင်ဦးသည်ထောင်ကလွတ်မြောက်လာချင်း ဘဝတူ နိုင်ငံရေးအကျဉ်းသားများအားလုံးကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စာနာစွာ ဆန္ဒပြုခဲ့သူ ဖြစ်သည်။

အလားတူ ပြီးခဲ့သည့် ဇူလိုင်(၂၀)ရက်နေ့ကမှ မော်လမြိုင်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သူ မွန်ပြည်နယ် ရေးမြို့နယ်အဖွဲ့ချုပ်ဝင် ကိုဝနေစိုးသည်လည်း ထောင်မှလွတ်ပြီး တလမပြည့်မီတွင်ပင် အသည်းရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

ကိုဝနေစိုးသည် တရားမဝင်စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိမှု၊ မတရားသင်းများနှင့်ဆက်သွယ်မှုတို့ဖြင့် ၁၉၉၉–ခုဧပြီလတွင် ထောင်ဒဏ် (၁၀)နှစ်ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ ထိုသို့ ထောင်တွင်းအကျဉ်းကျနေစဉ် ကျန်းမာရေး အခြေအနေအလွန်ဆိုးဝါးလာသည့်အတွက် အာဏာပိုင်များက ပြန်လည်လွတ်ပေးခဲ့ပြီးနောက် တလမပြည့်မီ



ကဗျာဆရာ ကြည်တင်ဦး

**လပေပုပ်ဖမ်းတဲ့ည**
**ကြေး ရွှေရည်စိမ်သုတ်**
**အုတ်ချပ် ထုံးစိမ် ဆွဲကြိုးလုပ်**
**ချိုးငှက်တောင်ပံနှုတ်။**

ယခုလို သေဆုံးသွားခြင်းဖြစ်သည်။

ထိုင်း–မြန်မာနယ်စပ်အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ စောင့်ရှောက်ရေးအသင်း အေအေပီပီ၏အဆိုအရ ၁၉၇၉ မှ ယခုအချိန်အထိ အကျဉ်းထောင်အသီးသီးတွင် သေဆုံးခဲ့သူနိုင်ငံရေးအကျဉ်းသားပေါင်း(၉၁)ဦးရှိပြီဖြစ်ပြီး လွတ်မြောက်လာပြီးမကြာမီ သေဆုံးသွားသူ နိုင်ငံရေးအကျဉ်းသားပေါင်း(၄၅)ဦးခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ ယခုအချိန်အထိ မြန်မာနိုင်ငံအနှံ့ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား(၁၄၇၀)ခန့် ရှိနေသေးကြောင်း သိရသည်။ ❖




❖ ကောင်းကင်ရော တိမ်တွေပါ
ခုန်ခုန်ချတဲ့ နေ့ခင်းကြီး
မှောင်မည်းလို့ ...၊
❖ ပြားကပ်နေတဲ့ ချစ်ခြင်းတွေကလည်း
နှောင်တည်းမှုလေးတခုကြောင့်သာ...
❖ ဟောဒီ မြို့ပိန်လေးမှာ
မြို့ပိန်လေးရဲ့အဖျားအနားမှာ
အနက်ပိန်းပိန်းကာထားတဲ့
စပါးခင်းလေးတွေတောင် မြင်ခွင့်မရတဲ့
အဆစ်အမြစ်တွေ ယောင်ကိုင်းနေတဲ့
ဘဝမှန်းမသိ ဘဝဖြစ်နေတဲ့ ဘဝတွေရှိတယ်။
❖ အိပ်ရာခင်းတွေဖွာလန်စုတ်ပြတ်လို့
ချိုးရေလေးတောင် ငင်ခွင့်မရ
ညိုပုပ်ပုပ် အနာဖေးတွေနဲ့ ဘဝတွေရှိတယ်။
❖ အဲဒီမှာ
ရှိတယ်
ဟောဒီ ပစ္စုပ္ပန်ရစ်မှာ ရှိတယ်။
❖ ကဗျာဆရာက
ကဗျာငတ်တဲ့အခါ
စိုက်ခင်းလေးကို ပေါင်းနှုတ်တယ်။
❖ အမေကို မြင်ခွင့်မရလိုက်တဲ့ ကလေး က
အမေနေ့မှာ အမေကိုလွမ်းတော့
အမေရှိသူတွေကို ငေးကြည့်တယ်...။
❖ သူတို့
နေ့ခင်းကြောင်တောင်ကိုမှန်းပြီး
ကားသံတွေနားထောင်ကြတယ်။
❖ ဒီလိုပါပဲလေ
နေဝင်တော့လည်း ငှက်တွေလို
အိပ်တန်းတက်ရတာပါပဲ
တခုပဲ ငှက်နဲ့လူကွာရဲ့
ငှက်တွေက ပျံသန်းခွင့်ရပြီး
လူတွေက အတောင်ချိုးခံနေရတယ် ...။။

ချိုစိမ့်
၂၆ ၊ ၇၊ ၀၄

## ဗဟန်းလွှတ်တော်အမတ် ဦးကြည်မောင် ကျန်းမာရေးအခြေအနေဆိုးဝါးနေ

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ထိပ်တန်း ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး ကျန်းမာရေးအရ အနားယူနေခဲ့သည့် ရန်ကုန်တိုင်း၊ ဗဟန်းအမှတ်(၂)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးလျက်ရှိကြောင်း ဒီဗွီဘီသတင်းအရ သိရသည်။

ဦးကြည်မောင်သည် အမေရိကန်သံရုံးက ကုန်သည်ကြီးများဟော်တည်တွင် ပြုလုပ်သည့် အမေရိကန်လွတ်လပ်ရေးနေ့ ညစာစားပွဲ တက်ရောက်နေစဉ် သွေးတိုးရောဂါကြောင့် ခေါင်းမူးလာသဖြင့် အရေးပေါ်ဆေးခန်းသို့ ပို့ခဲ့ရကြောင်း ၎င်း၏မိသားစုဝင်များအဆိုကို ကိုးကား၍ သတင်းတွင် ဖော်ပြခဲ့သည်။

ယခုအချိန်အထိလည်း ဦးကြည်မောင်သည် ကျန်းမာရေးအခြေအနေအရ ဆက်လက် ဆေးဝါးကုသခံနေရဆဲ ဖြစ်ကြောင်း သိရသည်။❖



ဗဟန်းအမှတ်(၂)မဲဆနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်

## နိုင်ငံရေးအကျဉ်းသား(၃)ဦး ပြန်လည်လွတ်မြောက်လာ

ကျောင်းသားသမိုင်းစာအုပ် ရေးသားထုတ်ဝေမှုတွင် ပါဝင်ကူညီခဲ့သည်ဟု စွပ်စွဲ၍ မတရားဖမ်းဆီးခြင်းခံခဲ့ရသည့် ဒေါက်တာမောင်မောင်ကျော် အပါအဝင် နိုင်ငံရေးအကျဉ်းသား(၃)ဦးကို ယခုလ (၁၂)ရက်နေ့တွင် အင်းစိန်ထောင်မှ ပြန်လည်လွှတ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

ယခုလို ပြန်လည်လွတ်မြောက်လာသူများမှာ ဒေါက်တာမောင်မောင်ကျော်၊ ရွှေနေဦးသာဘန်းနှင့် မစုစုဝင်းတို့ဖြစ်ကြပြီး ကျန်းမာရေးအခြေအနေ ဆိုးဝါးမှုကြောင့် ပြီးခဲ့သည့်လပိုင်းက မော်လမြိုင်ထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့လာခဲ့သူ ဒေါက်တာ မောင်မောင်ကျော်၏ ကျန်းမာရေးအခြေအနေ သိပ်မကောင်းကြောင်း သိရသည်။

ပြန်လွတ်လာသူများအနက် ရွှေနေဦးသာဘန်းသည် ၁၉၉၀–ခုနှစ်မှ ၁၉၉၅–ခုနှစ်အထိ အင်းစိန်ထောင်တွင် ပထမအကြိမ်ဖမ်းဆီးခံခဲ့ရသူဖြစ်ပြီး ၁၉၉၈–ခုနှစ်တွင် ကျောင်းသားခေါင်းဆောင် ကိုအောင်ထွန်းရေးသားပြုစုသည့် ကျောင်းသားလှုပ်ရှားမှုသမိုင်းစာအုပ်တွင် ကူညီအားပေးမှုဖြင့် ဒုတိယအကြိမ် ဖမ်းဆီးခြင်းခံရကာ ထောင် (၇)နှစ် ချမှတ်ခံခဲ့ရသည်။ အလားတူ ပြန်လည်လွတ်မြောက်လာသူ မစုစုဝင်းသည် ၁၉၉၁–ခုနှစ် ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုတွင် ပထမအကြိမ် ဖမ်းဆီးထောင်ချခံခဲ့ရပြီး ၉၂–ခုနှစ်တွင် ပြန်လွတ်လာကာ ၁၉၉၈ ခုနှစ်တွင် ဦးသာဘန်း၊ ဒေါက်တာမောင်မောင်ကျော်တို့နှင့်အတူ ဒုတိယအကြိမ် ဖမ်းဆီးထောင်ချခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

❖

## ယနေ့ကာလနိုင်ငံရေး အခြေအနေအပေါ် သုံးသပ်ချက်

### ဗိုလ်တထောင်သတင်းစာဆရာ အယ်ဒီတာဟောင်း ဝါရင့်သတင်းစာဆရာကြီး ဦးထိန်လင်း

အမျိုးသားညီလာခံနဲ့ ကျနော်တို့ တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ဘူး၊ ဒါပဲ၊ နိုင်ငံတကာကလည်း မထောက်ခံဘူး၊ အီးယူက မထောက်ခံဘူး၊ အာစီယံနိုင်ငံတွေကလည်း ထောက်ခံတယ်လို့ လေသံပီပီသသ မပြောနိုင်ဘူး။ တယောက်တပေါက် ပြောနေကြတာ၊ အခုလို ညီလာခံနားထားတုန်းမှာတော့ နိုင်ငံတကာကလည်း လုပ်ကောင်းလုပ်မှာပေါ့ဗျာ၊ ဆွေးနွေးတာတို့ ဖြေရှင်းတာတို့ နည်းတလမ်းပေါ့။ သို့သော်လည်း တကယ်ဟာက တိုင်းပြည်ရဲ့ ပြည်သူလူထုကြီး တရပ်လုံးရဲ့လိုလားချက်က ဒီမိုကရေစီနိုင်ငံပဲ။ အဲတော့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့က (၉၀)ခုနှစ် ရွေးကောက်ပွဲက အကောင်းဆုံးပဲ။ ဒါသူတို့ ကျင်းပပေးတာပဲ။ အဲဒီတုန်းကမှ မအပ်ခဲ့ဘဲနဲ့ အမျိုးမျိုးပြောပြီး ပြောတဲ့ အတိုင်းမဖြစ်တော့ ပြည်သူလူထုကတော့ ဒီမိုကရေစီနိုင်ငံ လိုချင်တာ၊ တကယ့်ကို အူလှိုက်သဲလှိုက် လိုချင်တာ။ ဒီမိုကရေစီနိုင်ငံ လိုချင်တယ်ဆိုတာကလည်း ပါးစပ်ပြော မဟုတ်ဘူး။ ရဟန်းရှင်လူပြည်သူအပေါင်း အသက်သွေးပေါင်းများစွာ(၇)ဇူလိုင်ကအစ အဆက်ဆက်သွေးတွေ ပေးသွားတာ။ အလုပ်သမား အရေးအခင်းတို့၊ မှိုင်းရာပြည်တို့ စသည်အားဖြင့်ပေါ့ဗျာ။ နောက်ဆုံး (၈၈) ခုနှစ်ထိ၊ ဒီမိုကရေစီလိုချင်လို့ဗျာ။ ဒီလိုသူတို့ လှည့်နေလို့ ပြီးမှာ မဟုတ်ဘူး။ ဒီမိုကရေစီလိုချင်ရင် ဒီမိုကရေစီနည်းလမ်းတွေနဲ့လုပ်ရမှာ။ ဒီမိုကရေစီရွေးကောက်ပွဲတင်မြောက်ထားတဲ့၊ Mandate လုပ်ပိုင်ခွင့်ပေးထားတဲ့ တရားဝင်လုပ်ပိုင်ခွင့်ရှိတဲ့ ပြည်သူလူထုက အပ်နှင်းထားတဲ့ အခွင့်အာဏာရှိတဲ့ အဲန်အယ်လ်ဒီတို့ ဘာတို့နဲ့ဆွေးနွေးပြီးတော့ မဖြေရှင်းဘဲနဲ့ကတော့ ဒီမိုကရေစီနိုင်ငံလည်း ဖြစ်မလာဘူး။ ဒီလိုပဲ ချာလည်လိုက်နေမှာ။ လှုပ်ရှားမှုဆိုတာကလည်း၊ သဘောပေါက်အောင်ပြောရရင်၊ ကျနော်တို့က စစ်မဖြစ်ခင် မီတယ်ဗျ။ တို့ဗမာအစည်းအရုံးတို့၊ နယ်ချဲ့ဆန့်ကျင်ရေးတို့၊ အင်္ဂလိပ်ပြန်ဝင်လာတဲ့အခါမှာ၊ ဖဆပလ အဖွဲ့ချုပ်ကြီးက၊ အင်္ဂလိပ်နယ်ချဲ့ကို၊ လွတ်လပ်ရေးတိုက်ပွဲ ဒီမိုကရေစီတိုက်ပွဲ တိုက်လာရတာ၊ အဲဒီတုန်းက ဒို့ဗမာအစည်းအရုံးရဲ့ ကြွေးကြော်သံရှိတယ်။ လာမဲ့ဘေး ပြေးတွေ့။ ကြောက်မွှေးပါ ဇာဂနာနဲ့နှုတ်။ ဖိရင်ကြွမယ်။ ထိရင်ချမယ်။ ဟိုတုန်းက ဘာပဲပြောနေနေ နယ်ချဲ့သမားဆိုသော်လည်း ဥပဒေအရ အုပ်ချုပ်တာကိုးဗျ။ ဆိုတော့ ဖိရင်ကြွလို့ရတယ်။ အခုက ပြားပြားဝပ်အောင်ဖိထားတော့ ကြွလို့မရဘူး။ သို့သော် မကြွဘူးလို့တော့ ပြောလို့မရဘူး။ (၈၈) ခုနှစ်တုန်းက တပါတီစနစ်ကြောင့်၊ ဗိုလ်ချုပ်နေဝင်းဟာ နိုင်ငံရေးအရ ပါးနပ်တဲ့သူ၊ သူ တော်တာပဲ။ ကျနော်တို့ ကြိုက်တာ မကြိုက်တာထား။ သူ့ဟာသူ ကမ္ဘာမှာလည်း အပြကောင်းအောင်လုပ်တော့ ကမ္ဘာကလည်း အသိအမှတ်ပြုတယ်။ အဲဒါတောင်မှ အဲဒီအစိုးရဟာ ပါတီရှိတယ်၊ ကောင်စီရှိတယ်၊ လယ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်း ဒီလိုဟာတွေ၊ ဒီမိုကရေစီအဖွဲ့အစည်းတွေ (ဟန်ပြပေါ့ဗျာ)တည်ဆောက်ပြီး လုပ်ထားတာတောင်မှ (၈၈)ခုနှစ်က ပြည်သူလူထုက တကယ့် စစ်အာဏာရှင်စနစ်ကို မကျေနပ်လို့ အုံကြွတဲ့အခါမှာ ဒီ တပါတီစနစ်က လပိုင်းရက်ပိုင်းအတွင်းမှာ ပြိုသွားတယ်။ ဒီမိုကရေစီလှုပ်ရှားမှုဆိုတာ အဲန်အယ်လ်ဒီက လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဖြစ်လာမှာ၊ အဲန်အယ်လ်ဒီကလည်း မလုပ်လို့မရဘူး၊ သူ့မှာ အောက်ခြေ တွေရှိတယ်၊ အခုလည်း လုပ်သင့်သလောက်လုပ်တာပဲ၊ အဲဒီလို အနေအထားရှိတယ်။❖ **ဒီဗွီဘီ၊ ဇူလိုင်(၁၁)ရက်။**

> တကယ်ဟာက တိုင်းပြည်ရဲ့ ပြည်သူလူထုကြီး တရပ်လုံးရဲ့ လိုလားချက်က ဒီမိုကရေစီနိုင်ငံ ပဲ။ အဲတော့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့က (၉၀) ခုနှစ် ရွေးကောက်ပွဲက အကောင်းဆုံးပဲ။ ဒါသူတို့ ကျင်းပပေးတာပဲ။

# နိုင်ငံတကာ

## တရုတ်ပြည်၏ ဗီတိုအာဏာသုံးစွဲမှုက ဟောင်ကောင်ဒီမိုရက်များအား ဒေါသထွက်စေခဲ့

**ဘီဘီစီ။**

ဟောင်ကောင်ရှိ ဒီမိုကရေစီလှုပ်ရှားသူများက ဟောင်ကောင်မြေ၏ နိုင်ငံရေးအနာဂတ်နှင့်ပတ်သက်၍ ဟောင်ကောင်၏ ခေါင်းဆောင်နှင့် ဥပဒေပြုအဖွဲ့ကို မည်ကဲ့သို့ရွေးကောက် တင်မြှောက်သင့်သည် ဆိုခြင်းအပေါ် တရုတ်ပြည်က ဗီတိုအာဏာသုံးခွင့်ရှိသည်ဆိုသည့် တရုတ်ပြည် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ဒေါသတကြီး တုံ့ပြန်လိုက်သည်။ ဤလှုပ်ရှားမှုသည် ဟောင်ကောင်၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဖယ်ရှားခဲ့သည်ဟု ဒီမိုကရေစီ လိုလားသူများက ပြောကြားခဲ့သည်။ ၂၀၀၇ ခုနှစ်မှစ၍ ဟောင်ကောင်သည် ၎င်း၏ ရွေးကောက်ပွဲဥပဒေကို ပြောင်းလဲနိုင်သည်ဟု ဆိုခဲ့သော်လည်း တဖက်၌ ပီကင်းမှ အတည်ပြုချက်ကို ပထမ ရယူရမည်ဖြစ်သည်ဟု ဆုံးဖြတ်ချက်က ပြောဆိုခဲ့သည်။ ဟောင်ကောင်အခြေခံဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်က တရုတ်ပြည်သည် ဟောင်ကောင်၏ အုပ်ချုပ်ရေးအရာရှိကို တိုက်ရိုက်ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ရေး စသည်တို့ကဲ့သို့ ဟောင်ကောင်အား ဒီမိုကရေစီပို၍ပေးရေးလှုပ်ရှားမှုတိုင်းကို ဗီတိုသုံးနိုင်သည်ဟုပါရှိသည်။ ဟောင်ကောင်စီရင်ထုံးကို တရုတ်ပြည်လုံးဆိုင်ရာပြည်သူ့ကွန်ဂရက်(သို့မဟုတ်) ပြည်သူ့လွှတ်တော်ကပြုလုပ်ပြီး အဖွဲ့ဝင်(၁၅၀)တွင် ဟောင်ကောင်မှ တဦးသာပါဝင်သည်။ ပီကင်းကော်မတီက အခြေခံဥပဒေတွင် ပါဝင်သည့် ရွေးကောက်တင်မြှောက်ရေးဆိုင်ရာအပိုဒ်(၂)ခုအား ပြန်လည်သုံးသပ်ခြင်းကို စတင်ပြုလုပ်ခဲ့သောကြောင့် ဟောင်ကောင်ရှိ ဥပဒေပြု အဆောက်အအုံ၏အပြင်ဘက်တွင် ဒီမိုကရေစီပိုမိုရရှိရေး တောင်းဆိုရန် လူပါင်း(၃,၀၀၀)ခန့်သည် ဇူလိုင်လ(၂၃)ရက်နေ့က စုရုံးခဲ့ကြသည်။ ဟောင်ကောင်ရှိ လက်ရှိအုပ်ချုပ်ရေးမှူး တုံချီးဟွာသည် ပီကင်း၏အနေအထားကို ထောက်ခံနေပြီး ဟောင်ကောင်၏ အဆင့်မြင့်ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဖယ်ရှားနေသည်ဟု ဒီမိုကရေစီလှုပ်ရှားသူများက ပြောဆိုနေသည်။ ၁၉၉၇ ခုနှစ်က ဟောင်ကောင်ကို တရုတ်ပြည်သို့ ပြန်လည်လွှဲပြောင်းပေးသည့်အချိန်က တိုင်းပြည်တပြည် စနစ်နှစ်မျိုးဆိုသည့်အောက်တွင် ပီကင်းက ဟောင်ကောင်အား အဆင့်မြင့်ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည်ဟု ကတိပြုခဲ့သည်။ ❖



ဟောင်ကောင်ဆန္ဒပြပွဲမြင်ကွင်း

## ဆူဒန်အစိုးရအပေါ်အရေးယူမည့် ဒါဖာဆုံးဖြတ်ချက်အား ကုလသမဂ္ဂက ထောက်ခံနိုင်

**ဇူလိုင်(၂၃)ရက်။ [ဘီဘီစီ]**

ဆူဒန်အစိုးရအား ခြိမ်းခြောက်လိုက်သည့်ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီက ထောက်ခံရန်ဖြစ်နိုင်ခြေ များသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ပြောကြားလိုက်သည်။ အမေရိကန်ပြည်ထောင်စုသည် ဒါဖာ၌ဖြစ်ပွားခဲ့သည့် ရက်စက်သည့်လုပ်ရပ်အတွက် နောက်ထပ်အရေးယူမှုကို ရင်ဆိုင်ရန် ခါတွမ်အားတောင်းဆိုသည့် ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များအတွင်း ဖြန့်ဝေလိုက်သည်။ ဒါဖာ၌ဖြစ်ပွားနေသည့်အခြေအနေမှာ ကပ်ဒုက္ခတခုဖြစ်ပြီး တကယ့်ကိစ္စမှာ အစိုးရအားမည်ကဲ့သို့ ဖိအားပေးမည်နည်းဆိုသည်ပင်ဖြစ်သည်။ ဆူဒန်နိုင်ငံခြားရေးဝန်ကြီး မူစတာဖာက ၎င်းတို့၏ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရန် အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်အား သတိပေးပြောကြားလိုက် သည်။ ဒါဖာအနောက်ဖက်ဒေသတွင်နေထိုင်သည့် ပြည်သူထောင်ပေါင်းများစွာ အားသတ်ဖြတ်သည့် ဂျန်ဂျာဝိဒ်ပြည်သူ့စစ်များအား ထောက်ခံနေသည်ဟု စွပ်စွဲချက်များကို ဆူဒန်အစိုးရက ငြင်းပယ်သည်။ ဆူဒန်အစိုးရက မှန်မှန်ကန်ကန်လုပ်မယ်ဆိုရင် ဘယ်သူကမှဝင်ပြီး စွက်ဖက်မှာ မဟုတ်ဘူး၊ ဖိအားပေးတာလည်းဖြစ်လာမှာ မဟုတ်ဘူးဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပါဝယ်လ်က ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဌာန၏အဆိုအရ အဆိုပြုထားသည့် ဆုံးဖြတ်ချက်တွင် မုဒိန်းမှုများနှင့် သတ်ဖြတ်မှုများတွင် တာဝန်ရှိသည့်အဖွဲ့များအပေါ်အရေးယူရန် ခါတွမ်အား အချိန်ဇယားအတိအကျထုတ် ပြန်ရန်တို့ ပါဝင်သည်။ ၎င်းပြင် ရက်(၃၀) အတွင်း မစ္စတာအာနန်အား အစီရင်ခံစာ ပြန်လည်တင်ပြရန်တောင်းဆိုပြီး အစိုးရသည် အရေးယူရန် ပျက်ကွက်ခဲ့လျှင် ပိတ်ဆို့အရေးယူမှုများကဲ့သို့ နောက်ထပ်ခြေလှမ်းများကို စဉ်းစားရမည်ဟု ပြောကြားလိုက်သည်။ ဆူဒန်တွင် ပြီးခဲ့သည့်နှစ်ဖေဖော်ဝါရီလ ကစတင်ခဲ့သည့် ပဋိပက္ခမှစ၍ လူပေါင်း (၁၀,၀၀၀)ကျော် သေဆုံးခဲ့ပြီး အိုးမဲ့အိမ်မဲ့ တသန်းကျော်ဖြစ်ခဲ့ရသည်။❖

## လစ်ဗျားနမူနာနောက်သို့ လိုက်ရန် မြောက်ကိုရီးယားကိုတောင်းဆိုခဲ့

**ဇူလိုင်(၂၁)ရက်။ [ဘီဘီစီ]**

အမေရိကန် လက်နက်ဖျက်သိမ်းရေး ထိပ်တန်းအရှိတဦးက မြောက်ကိုရီးယားအား လစ်ဗျားနမူနာနောက်သို့ လိုက်ပြီး အစုလိုက်အပြုံလိုက်သေစေနိုင်သည့် လက်နက်များကို စွန့်လွှတ်ရန် တောင်းဆိုလိုက်သည်။ အမေရိကန်နှင့် ပြုံယမ်းတို့သည် ဤကိစ္စအပေါ် လိပ်ခဲတည်းလည်းဖြစ်နေသည်မှာ လပေါင်း(၂၀)ကြာပြီဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိနှင့် တောင်ကိုရီးယားသမတ နိုမြန်ဟွန်းတို့သည် ဂျေဂျူးကျွန်းပေါ်တွင် မိနစ်(၉၀)ကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြောက်ကိုရီးယားက ၎င်း၏ အနုမြူစီမံကိန်းအား ဖျက်သိမ်းလိုက်သည်နှင့် ချက်ချင်းပင် ၎င်းတို့နှစ်နိုင်ငံမှ အကူအညီများ ပူးပေါင်းတိုးချဲ့ပေးရန် အာမခံခဲ့သည်။ မြောက်ကိုရီးယားက ၎င်း၏အနုမြူ စီမံကိန်းများအားအပြည့်အဝ ဝန်မခံသောကြောင့် ဆက်လက်ပြုလုပ်မည့် ဆွေးနွေးမှုများသည် တိုးတက်မှုမရှိကြောင်း မြောက်ကိုရီးယားရေးရာ အထူးကျွမ်းကျင်သူ အမေရိကန်အရာရှိဂျွန်ဘိုလ်တန်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၌ ပလူတိုနီယံ စီမံကိန်းအပြင် ယူရေနီယံသန့်စင်သည့် စီမံကိန်းပါရှိကြောင်း အမေရိကန်၏ စွပ်စွဲချက်ကို ပြုံယမ်းက ငြင်းဆိုခဲ့သည်။ ၁၉၉၄ သဘောတူညီမှုတွင် မြောက်ကိုရီးယားမှ အနုမြူထိန်းချုပ် ရေးလုပ်ဆောင်မည်ဆိုလျှင် ထိုအတွက် စွမ်းအင်အကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း ပါဝင်ခဲ့သည်။ သို့သော် ထိုသဘောတူညီချက်မှာ ပြုံယမ်းက လျှို့ဝှက်ယူရေနီယံစီမံကိန်းအားဝန်ခံခဲ့သည် ဟု အမေရိကန်က ပြောဆိုခဲ့သည့် ၂၀၀၂ ခုနှစ်တွင် ပျက်ပျယ်သွားခဲ့သည်။ ထိုအချိန်မှစ၍ ပြုံယမ်းကလည်း ပလူတိုနီယံစီမံကိန်း ကို ပြန်လည်စတင် လုပ်ဆောင်ခဲ့သည်။ လွန်ခဲ့သည့်လ(၆)နိုင်ငံဆွေးနွေးပွဲ၌ သမတ ဘုရှ်အုပ်ချုပ်ရေးအဖွဲ့က မြောက်ကိုရီးယားသည် ၎င်း၏ အနုမြူစီမံကိန်းအားလုံးကို ဖျက်သိမ်းရန် ကတိပြုပါက လောင်စာဆီနှင့် အခြားအကျိုးအမြတ်များကို တဖန်ပြန်ပြီး ပေးရန် အဆိုပြုခဲ့သည်။ အနုမြူကိစ္စများနှင့်ပတ်သက်၍ (၆)နိုင်ငံဆွေးနွေးပွဲ နောက်ထပ်အကျော့အား စက်တင်ဘာလ မကုန်မီတွင် ကျင်းပမည်ဟု မျှော်လင့်ရသည်။❖

# သတင်းတိုထွာ

## အီရတ်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

၂၀၀၄ ခုနှစ် ဇူလိုင်လ(၂၈)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း(၁၀၃၅)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၉၁၃)ဦး၊ ဗြိတိသျှစစ်သား(၆၁)ဦး၊ အီတလီစစ်သား(၁၉)ဦး၊ စပိန်စစ်သား(၁၁)ဦး၊ ဘူဂေးရီးယားစစ်သား(၆)ဦး၊ ယူကရိန်းစစ်သား(၇)ဦး၊ ပိုလန်စစ်သား(၇)ဦး၊ ဆလိုဗက်စစ်သား(၃)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒိန်းမတ်စစ်သား(၁)ဦး၊ အက်စ်တိုးနီးယားစစ်သား(၁)ဦး၊ ဟန်ဂေရီစစ်သား(၁)ဦး၊ လတ်ဗီးယန်းစစ်သား(၁)ဦး၊ ဒတ်ချ်စစ်သား(၁)ဦး၊ ဆာဗေးဒိုး စစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ(၅၈၀၄)ဦး ရှိပြီးဖြစ်သည်။❖ **[စီအဲန်အဲန်]**

## ထိုင်ဝမ်ရေလက်ကြားစစ်ရေးလေ့ကျင့်မှု

ထိုင်ဝမ်ရေလက်ကြား၏ အနောက်ဖက်အစွန်းရှိ တုံရှန်ကျွန်းပေါ်တွင် တရုတ်တပ်မတော်၏ နှစ်စဉ်စစ်ရေး လေ့ကျင့်မှုအားစတင်ခဲ့ရာ၊ ပုံမှန်စစ်သည်အင်အား(၁၈,၀၀၀) ပါဝင်လေ့ကျင့်ခဲ့သည်။ အကဲခတ်သူများအဆိုအရ ဤတကြိမ် စစ်ရေးလေ့ကျင့်မှုသည် တရုတ်လေတပ်၏ စစ်ရေးသာလွန်မှုကို အလေးထားပြသလိုပုံပေါ်ပြီး ပီကင်းရှိ အာဏာလွန်ဆွဲပွဲ၏ အရိပ်အမြွက်လည်းဖြစ်သည်ဟု သုံးသပ်နေကြသည်။ ယခင် စစ်ကော်မရှင်ဥက္ကဋ္ဌ ကျန်ဇီမင်းက ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် တပ်မတော်အပေါ် ဩဇာဆက်လက်ရှိနေခြင်းကြောင့် သမတသစ် ဟူကျင်တောင်းက ၎င်း၏ အာဏာခိုင်မြဲရန် ကြိုးစားရှာဖွေနေသည်ဟုလည်း ပြောဆိုသုံးသပ်နေကြသည်။ ထိုင်ဝမ်ကလည်း ၎င်း၏ ဂျက်တိုက်လေယာဉ် နှစ်စင်းအား တဖက်ပိတ်အပွင့်ပြေးလမ်းကြောင်းပေါ်တွင် ဆင်းသက်သည့် လေ့ကျင့်ခန်းအား လေ့ကျင့်နေကြသည်။ ဤသည်မှာ (၂၆)နှစ်ကြာအတွင်း ပထမဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်သည်။ [FEER]

## တရုတ်ပြည်ဆင်းရဲမှု တိုးပွားလာနေ

၁၉၇၉ ခုနှစ် စီပွားရေးပြုပြင်ပြောင်းလဲမှုစတင်ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ဆင်းရဲစွာနေထိုင်ရသည့် တရုတ်နိုင်ငံသားအရေအတွက် တိုးပွားလာခဲ့သည်။ ပီကင်းက သတ်မှတ်သည့် ဆင်းရဲမှုအဓိပ္ပာယ်ဖွင့်ဆိုချက် အောက်သတ်မှတ်ချက်ဖြစ်သည့် တနှစ်ဝင်ငွေ တရုတ်ငွေ ၆၃၇ရင်ဘီ(၇၇ ဒေါ်လာ)ထက် လျော့နည်းပြီးရရှိနေသည့် ပြည်သူများအပေါ် အခြခံပြီး ၂၀၀၃ခုနှစ်တွင် လူဦးရေ (၈၀၀,၀၀၀) တိုးပွားလာသည်။ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာအရ တရုတ်ပြည်သူ(၂၉)သန်းသည် ယခုအခါ ဆင်းရဲစွာ နေထိုင်နေရသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ တရုတ်ပြည်သူ သန်း(၂၀၀)သည် စံသတ်မှတ်ချက်အောက်တွင် နေထိုင်လျက်ရှိနေကြကြောင်း သိရှိရသည်။ [FEER]

## ဖိလိပိုင်

ဓားစာခံများ၏တောင်းဆိုမှုကြောင့် ၎င်း၏တပ်ဖွဲ့ငယ်အား အလျင်မြန်ဆုတ်ခွာအပြီးတွင် အီရတ်ရှိ ပြန်ပေးသမားများက ထရပ်ကားမောင်းသူ အိန်ဂျလိုဒဲလားအား ပြန်လွှတ်ပေးခဲ့သည်။ စစ်သည် (၅၁)ဦးပါဝင်သည့် ဖိလိပိုင်စစ်တပ်နှင့် ရဲတပ်ဖွဲ့အား ချက်ချင်းဖယ်ရှားမပေးခဲ့လျှင် ဒဲလားခရုဇ်အား သတ်ပစ်မည်ဟု ဓားစာခံများက ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် သမတ ဂလိုရီယာမက်ကာပါဂါ အာရိုယိုသည် ဤတောင်းဆိုချက်အား လိုက်လျောရန် ပြည်တွင်းနိုင်ငံရေး ဖိအားပေးမှုများကို ရင်ဆိုင်လာခဲ့ရသည်။ [FEER]

## စင်္ကာပူခေါင်းဆောင်သစ်

ဩဂုတ်လ(၁၂)ရက်နေ့တွင် စင်္ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် လီရှန်လွန်းက ဂိုချုပ်တောင်၏နေရာကို အစားထိုးလိမ့်မည်ဟု စင်္ကာပူကကြေညာခဲ့သည်။ လီသည် အသက်(၅၂)နှစ်ရှိပြီး၊ စင်္ကာပူနိုင်ငံအား ထူထောင်ခဲ့သည့် ဖခင်ကြီးလီကွမ်ယူ၏ အကြီးဆုံးသားဖြစ်သည်။ ၁၉၆၅ခုနှစ် လွတ်လပ်ရေးရချိန်မှစပြီး စင်္ကာပူ၏တတိယမြောက် ခေါင်းဆောင်ဖြစ်လာလိမ့်မည်ဖြစ်သည်။ [FEER]

## အီရတ်သို့ သွားမည့်မလေးရှား

အီရတ်သို့ တစုံတရာအင်အားကြီးမားသည့် ဆေးအဖွဲ့စေလွှတ်ရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရန် မလေးရှားက သဘောတူညီလိုက်ကြောင်း ဝန်ကြီးချုပ်အဗ္ဗဒူလာအာမက်ဘာဒါဝီ က ပြောကြားခဲ့သည်။ ဇူလိုင်လ(၂၀)ရက်က သမတဂျော့ဘုရှ်နှင့်ဝါရှင်တန်၌ တွေ့ဆုံအပြီးနှစ်နိုင်ငံဆက်ဆံရေးမှာ အလွန်ခိုင်မာကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်အာမက်သည် ၎င်း၏ ပထမဆုံး အမေရိကန်ခရီးစဉ်အား ပြီးခဲ့သည့်နှစ် အောက်တိုဘာလက သွားရောက်ခဲ့ခြင်းဖြစ်သည်။ အဗ္ဗဒူလာသည် (၅၇)နိုင်ငံပါဝင်သည့် အစ္စလမ်မစ်ညီလာခံအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ [FEER]

# နိုင်ငံတကာ

## အမေရိကန်စိတ်ကြိုက်ဖွဲ့စည်းထားသည့် တရားရုံးတွင် ဆက်ဒမ်ဟူစိန်အား စတင်စစ်ဆေး

ကာတာရှိ အမေရိကန် စစ်အခြေစိုက်စခန်းမှ ဆက်ဒမ်ဟူစိန်အား လေယာဉ်ဖြင့်ခေါ်ဆောင်လာပြီးနောက် အီရတ်အစိုးရ၏ တရားရုံးရှေ့မှောက်တွင် ၎င်း၏အမှုများနှင့် ပတ်သက်ပြီး စွဲချက်တင်စစ်ဆေးမှုများကို ဇူလိုင်လ(၁)ရက်နေ့၌ စတင်ခဲ့ပြီဖြစ်သည်။ သို့သော် တရားခွင်၌ စုစုပေါင်း (၃၀)ထက်မများသည့် လူဦးရေကိုသာ တက်ရောက်ခွင့်ပြုခဲ့ပြီး သတင်းထောက်များမှာလည်း အမေရိကန်တို့က စိတ်ကြိုက်ရွေးချယ်ထားသည့်သူများသာဖြစ်သည်။ နိုင်ငံခြားသတင်းဌာနမှရွေးချယ်တက်ရောက်စေခဲ့သည့် သတင်းထောက်များ၏ သတင်းများကိုလည်း ဆင်ဆာဖြတ်တောက်ခြင်းများ ရှိနေသည်။ အီရတ်သတင်းဌာနများမှ မည်သူ့ကိုမျှ တက်ရောက်ခွင့် မပေးခဲ့ချေ။ ဤခုံရုံး၌ပင် ဆက်ဒမ်ဟူစိန်၏ အရင်းနှီးဆုံး (၁၁)ယောက်ကို လူ့အခွင့်အရေး ချိုးဖောက်မှုများဖြင့် တရားစွဲဆိုခဲ့သည်။ ဆက်ဒမ်ဟူစိန်အား စွဲဆိုခဲ့သည့် အမှုများမှာ ၁၉၉၀ ခုနှစ် ကူဝိတ်အား ကျူးကျော်မှု၊ ၁၉၉၁ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် အမေရိကန်မှဆွပေးခဲ့သည့် ရှီယာနှင့် ကာ့ဒ်ပုန်ကန်မှုများအား ဖိနှိပ်မှု၊ ၁၉၈၇–၈၈ ခုနှစ်တွင် ကာ့ဒ်ခွဲထွက်ရေးသမားများအား စစ်ရေးအရတိုက်ခိုက်မှု၊ ၁၉၈၈ ခုနှစ် ဟာလာဂျာရွာသားများအား အဆိပ်ဓာတ်ငွေ့ဖြင့် သတ်


ဆက်ဒမ်ဟူစိန်ကို ရုံးထုတ်လာစဉ်

ဖြတ်ခြင်း၊ နိုင်ငံရေးတက်ကြွသူများအား သုတ်သင်ရှင်းလင်းခြင်းနှင့်ဘာဇန်နီမျိုးနွယ်စုများအပါအဝင် ကာ့ဒ်ထောင်ပေါင်းများစွာအားသတ်ဖြတ်ခြင်း စသည့်အမှုများဖြစ်သည်။

တရားသူကြီးမှာ အသက်(၃၃)နှစ်ခန့်ရှိပြီး၊ ယခင်က အမေရိကန်တို့အား ဘာသာပြန်ပေးနေသူဖြစ်ပြီး ယခင်အီရတ် အုပ်ချုပ်ရေးမှူးပေါဘရင်မာ က တရားသူကြီးအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ အီရတ်အလယ်ပိုင်း ဆွန်နီတြိဂံဒေသတွင် ဆက်ဒမ်ဟူစိန်ထောက်ခံသည့်ဆန္ဒပြပွဲများ ဖြစ်ပွားနေသည်။❖

## ပါလက်စတိုင်းမြေပေါ်တွင် တံတိုင်းကာခြင်း အစ္စရေးနှင့်ဥရောပ ညှိနှိုင်းမရ

**ဇူလိုင်(၂၂)ရက်။ [ဘီဘီစီ]**

နိုင်ငံတကာမှ ဆန့်ကျင်ကန့်ကွက်နေသည့် ဂါဇာအနောက်ဖက်ကမ်းခြေရှိ အငြင်းပွားစရာဖြစ်နေသော အစ္စရေးတို့၏ တံတိုင်းတည်ဆောက်မှုအပေါ် ရန်မီးပွားနေခြင်းကို ဖြေရှင်းရန်အတွက် အစ္စရေးနိုင်ငံ၊ တဲလ်အဗစ်မြို့၌ အဆင့်မြင့်ဆွေးနွေးပွဲတရပ်ကို ကျင်းပခဲ့ရာ အစ္စရေးနှင့်ဥရောပသမဂ္ဂတို့ အကြား အောင်မြင်မှု မရရှိခဲ့ကြချေ။


အစ္စရေးတို့ဆောက်လုပ်နေသည့် (၆၄၀)ကီလိုမီတာရှည်လျားသည့် တံတိုင်းကြီး

အစ္စရေး၏ လုံခြုံရေးထိန်းညှိရေးသည် ပါလက်စတိုင်းတို့အား လူသားချင်းစာနာသည့် အကူအညီများပေးရန် လိုအပ်ကြောင်း အီးယူအထူးသံတမန် ဂျာဗီးယား ဆိုလာနာက ပြောကြားခဲ့သည်။

ဤသည်မှာ တရားဥပဒေနှင့် မညီကြောင်း အပြည်ပြည်ဆိုင်ရာ တရားရုံးက ဆုံးဖြတ်ပြီးနောက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ တံတိုင်းအား ဖယ်ရှားရန် တောင်းဆိုထားသည့်ဆုံးဖြတ်ချက်ကို အီးယူက ထောက်ခံမဲ ပေးခဲ့သည်။ (၆၄၀)ကီလိုမီတာ ရှည်သည့်ခြံစည်းရိုးနှင့် တံတိုင်းစနစ်သည် လုံခြုံရေးအတွက် လိုအပ်သည်ဟု ပြောဆိုခဲ့ပြီး ဤမဲပေးမှုကို အစ္စရေးက အပြင်းအထန် တုံ့ပြန်ခဲ့သည်။ "တိုင်းပြည်တပြည်မှာ သူ့နယ်မြေပေါ်သူ ခြံစည်းရိုး ခတ်ခွင့်ရှိပါတယ်။ ဒါပေမယ့် ဒီခြံစည်းရိုးကတော့ အပြည်ပြည်ဆိုင်ရာ ဥပဒေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်" ဟု ဤတံတိုင်းနှင့်ပတ်သက်၍ အီးယူက မထောက်ခံကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သည်မှာ ကြာပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေအား ပိုင်းခြားဖြတ်တောက်ထားသည့်အတွက်ကြောင့်ဖြစ်သည်ဟု ဆိုလာနာက ပြောကြားခဲ့သည်။ အီးယူနှင့်ကုလသမဂ္ဂတို့ကို ဘက်လိုက်သည်ဟုမြင်ကာ အစ္စရေးက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကြိုးပမ်းအားထုတ်မှုမှ ၎င်းတို့ကို ဖယ်ထားရန် ကြိုးပမ်းနေသည်မှာ ကြာပြီဖြစ်သည်။ အစ္စရေးသည် ၎င်း၏အခြေချနေထိုင်သူ (၇,၀၀၀)နှင့် ထိုသူများအားအကာအကွယ်ပေးသည့် စစ်သားများအား ဂါဇာမှ ပြန်လည်ရုတ်သိမ်းရန် စီစဉ်နေသည်။ ဂါဇာ၏နယ်ခြားမျဉ်းများ၊ ကမ်းခြေနှင့် လေကြောင်းပိုင်နက်ကို ဆက်လက်ထိန်းသိမ်းထားမည်။
❖

## တောင်အာရှအနုမြူပိုင်ဖက်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပ

**ဇူလိုင်(၂၁)။ [ဘီဘီစီ]**

ဒေသတွင်း ထိပ်သီးဆွေးနွေးပွဲ၏ အပြင်ဘက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းအတွက် အခြေခံအုတ်မြစ်များချမှတ်ရန် နောက်ထပ်အားထုတ်မှုတရပ်အနေဖြင့် အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံခဲ့ကြသည်။ (၂၀)ရက်နေ့က ပါကစ္စတန် ဝန်ကြီးချုပ် ချောင်ဒရီ ရှုဂျာအတ်ဟူစိန်က အိန္ဒိယနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချခဲ့သည်။ ၎င်းတို့ကြားဆက်ဆံရေးများသည် လွန်ခဲ့သည့် (၆)လမှစ၍ ပုံမှန်တိုးတက်လာနေသည်။ "ဂျမူးနဲ့ ကက်ရှ်မီးယားကိစ္စတွေ အပါအဝင် အိန္ဒိယနဲ့ပါကစ္စတန်အကြားကိစ္စတွေကို ကျနော်တို့ဆွေးနွေးခဲ့ကြတယ်"ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ခါရှိမာမွတ်ခါဆူရီက သတင်းထောက်များအား ပြောကြားခဲ့သည်။ ဤဆွေးနွေးပွဲမှာ မေလက အိန္ဒိယအစိုးရသစ် အာဏာရချိန်မှစ၍ တတိယအကြိမ်မြောက် အစည်းအဝေးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး(၂)ဦးအကြား ဆွေးနွေးခဲ့သည့် အဆိုပြုချက်များထဲတွင် အိန္ဒိယမြို့တော်နှင့် ပါကစ္စတန်ကက်ရှ်မီးယားတို့အကြား ဘတ်စ်ကားလိုင်းဖြင့် ဆက်သွယ်ရန် စီမံကိန်းတခုပါဝင်သည်။ အငြင်းပွားဖွယ်ဖြစ်နေသည့် နှစ်ပေါင်း(၆၀)နီးပါးကြာမြင့်ပြီဖြစ်သော ကက်ရှ်မီးယားကိစ္စ အပါအဝင် အိန္ဒိယနှင့် အငြင်းပွားမှုအားလုံးကို ဖြေရှင်းရန်အားထုတ်လုပ်ဆောင်နေပါသည်ဟု ဇူလိုင်လ(၂၀)ရက်နေ့က ပါကစ္စတန်ဝန်ကြီးချုပ်


ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ခါရှိမာမွတ်ခါဆူရီ နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ကေနာဝပ်ဆင်းတို့ တွေ့ဆုံစဉ်

ဟူစိန်က တောင်အာရှ(၇)နိုင်ငံ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအသင်းမှ နိုင်ငံခြားရေးဝန်ကြီးများကို ပြောကြားခဲ့သည်။ နှစ်နိုင်ငံအကြား ဆွေးနွေးမှုများကို လပေါင်းများစွာ ရန်လိုမုန်းတီးမှုများဖြစ်ပြီးနောက်ပိုင်း၌ ဤနှစ်စောစောပိုင်းက စတင်ခဲ့ခြင်းဖြစ်သည်။ နောက် တလခွဲကျော်ကျော်တွင် နောက်ထပ်ဆွေးနွေးပွဲ အကျော့(၆)ခုကို ကျင်းပရန်စီမံထားရှိသည်။❖

## အစ္စရေးဝန်ကြီးချုပ်၏ ဆုတ်ခွာရေးစီမံကိန်းအား လက်ချင်းချိတ်လူတန်းကြီးဖြင့် ကန့်ကွက်ဆန္ဒပြ

**ဇူလိုင်(၂၅)ရက်။ [အေပီ]**

ဇူလိုင်လ(၂၅)ရက်နေ့က အစ္စရေးဝန်ကြီးချုပ် အေရီယယ်လ်ရှရွန်၏ ဂါဇာဒေသမှ ဆုတ်ခွာရေး စီမံကိန်းအား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဂါဇာမှ ဂျေရုစလင်ထိ ၅၅ မိုင်ရှည် လျားသည့် လူတန်းကြီးသည် လက်ချင်းချိတ်တွဲ ဆက်ကာချီတက်ဆန္ဒ ပြခဲ့ကြသည်။ ၎င်း လက်ချင်းဆက်လူတန်းကြီးတွင် အစ္စရေးပြည်သူ အမြောက်အများ ပူးပေါင်းပါဝင်ခဲ့သည်။ လူတန်းကြီးသည် စုစုပေါင်း(၁၅၀,၀၀၀)ခန့်ရှိမည် ဟု ခန့်မှန်းရသည်။ လွန်ခဲ့သည့်နှစ်လကလည်း တဲလ်အဗိ တွင်ကျင်းပခဲ့သည့် ဆုတ်ခွာရေးအား ထောက်ခံသည့်ဆန္ဒပြမှုတွင်လည်း အလားတူ အရေအတွက်ရှိသည်ဟု သိရှိရသည်။


ဂါဇာမှ ဂျေရုစလင်ထိ ၅၅ မိုင်ရှည်လျားသည့် အစ္စရေးပြည်သူများ

"ဂျူးတွေကို သူတို့နေရာကနေ မောင်းထုတ်တဲ့စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်ဖို့ အတွက် ဒီနေရာကို ကျနော်တို့ရောက်လာတာဖြစ်ပါတယ်"ဟု ဂါဇာတွင်အခြေချနေထိုင်သူ အသက်(၅၄)နှစ်အရွယ်ရှိ အီဗရာဟင်ရစ်ဇတ်ကီက ပြောကြားခဲ့သည်။ ဂါဇာဒေသနှင့် အနောက်ဖက်ကမ်းခြေရှိ အခြေချနေထိုင်သည့် ဒေသ(၄)နေရာမှ ၂၀၀၅ ခုနှစ်စက်တင်ဘာလ နောက်ဆုံးထား၍ ဆုတ်ခွာမည့် စီမံကိန်းကို ပြီးခဲ့သည့် ဒီဇင်ဘာလက ရှရွန်က ကြေညာခဲ့ရာမှ ယခုကဲ့သို့ ပြင်းထန်သည့် အတိုက်အခံဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဤဆုံးဖြတ်ချက်သည် ဂျူးအခြေကျ နေထိုင်သူများအား ဒေါသထွက်စေခဲ့သည်။ ၎င်းတို့က ရှရွန်ကို ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲအတွင်း ဂျော်ဒန်၊ အီဂျစ်နှင့်ဆီးရီးယားမှ သိမ်းပိုက်ထားသည့်နယ်မြေများ၌ အခြေချနေထိုင်မှုကို တိုးချဲ့တည်ဆောက် ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးအရ ဆယ်စုနှစ်ပေါင်းများစွာ တိုက်ပွဲဆင်လာခဲ့သည့် သူရဲကောင်းအဖြစ် မြင်ထားကြသည်။ ဂါဇာနှင့် အနောက်ဖက်ကမ်းခြေဒေသ၌ အခြေချနေထိုင်သူ(၃ ဒသမ ၅)သန်းတွင် ဂျူး(၂၄၀ ဒသမ ၀၀၀)ခန့် နေထိုင်နေသည်။ ဂျူးအခြေချနေထိုင်မှုအား ဖယ်ရှားခြင်းသည် ပါလက်စတိုင်းပြည်သူများနှင့်ငြိမ်းချမ်းမှု ရရှိရေးအတွက် ကြိုတင်လိုအပ်ချက်တရပ်ဖြစ်သည်ဟု အခြားအစ္စရေးများက ယုံကြည်ကြသည်။ ဂါဇာဒေသသည် အနောက်ဖက်ကမ်းဒေသထက် သမိုင်းဆိုင်ရာအရ အရေးပါမှုနည်းပါးပြီး၊ မဲကောက်ခံမှုအရ ထိုဒေသမှဆုတ်ခွာရန် ရှရွန်၏စီမံကိန်းအား အများစုကထောက်ခံ ကြသည်။
❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မေ့လျော့နေသော နိုင်ငံတကာဆက်ဆံရေး

## သိုအုန်းမြင့်

> သို့သော် နအဖစစ်အုပ်စု၏ ညံ့ဖျင်းသောစီမံခန့်ခွဲမှု၊ စီးပွားရေးလွတ်လပ်ခွင့်များ ကို လာဘ်လာဘနဲ့လဲလှယ်ပြီး ကိုယ့်မိသားစု လောက်သာ ချမ်းသာချင်သော စစ်ဗိုလ်ချုပ် ကြီးများ၏ အမြော်အမြင်နည်းပါးမှုတို့ဟာလဲ တရုတ်အစိုးရအားများစွာ စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါတယ် "အင်္ဂလိပ်အခက် ဗမာ့အချက်"ဆိုတဲ့ ဗိုလ်ချုပ်တို့ အင်္ဂလိပ်ကိုတော်လှန်စဉ်က ကြွေးကြော်သံကို အမှတ်ရမိပါတယ်။ "နအဖအခက် ဒီမိုကရေစီအချက်" အဖြစ်အသုံးမချနိုင်လျှင် စစ်အုပ်စုဆက်လက် သက်ဆိုးရှည်မှာ ဖြစ်ပါတယ်။

ဒီပဲယင်းလူသတ်ပွဲကြီးကြောင့် နအဖကို ထောက်ခံနေတဲ့ နိုင်ငံများက သူတို့ရဲ့ပေါ်လစီများကို ပြန်လည်သုံးသပ်လာခဲ့ပါတယ်။ နအဖစစ်အုပ်စုဟာ အတင့်ရဲစွာ အမျိုးသားဒီမိုကရေစီခေါင်းဆောင်ကို ရိုက်နှက်ဖမ်းဆီးပြီး ကျန်အဖွဲ့ချုပ်ဝင်တွေကို မြန်မာ့သမိုင်းတွင် မကြုံဖူးသော ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခဲ့ပါတယ်။

ဒီမိုကရေစီ တိုက်ပွဲဝင်နေကြသော ပြည်တွင်း၊ ပြည်ပရောက် ရဲဘော်ခေါင်းဆောင်များပါမကျန် မိမိတို့ ဘာတွေလိုနေသေးလဲဆိုတာကို အတ္တိမရည်မှန်းချက်များနှင့် ညီပါရဲ့လားဆိုတာ ပြန်လည်သုံးသပ်သင့်ပါတယ်။ ပြည်သူတွေ တခဲနက်ထောက်ခံတာ ငြင်းလို့မရပါဘူး။ သို့ပေမယ့် ရွေးကောက်ပွဲအနိုင်ရထားတဲ့ ပါတီတခု၊ ပြည်သူ့ပါတီ တခုကို ဘာအကြောင်းများကြောင့် စော်ကားပြီး ရက်စက်ကြမ်းကြုတ်စွာ ကိုင်တွယ်နေတာလဲလို့ ကျနော်တို့ ပြန်လည် ဆန်းစစ်သင့်ပါတယ်။

ကျနော်တို့ တော်လှန်ရေးအဖွဲ့အစည်းများ ပြည်ပရောက်ခေါင်းဆောင်များ အနေနဲ့ မိမိတို့ကိုထောက်ခံနေတဲ့ နိုင်ငံများရဲ့ ပေါ်လစီများ ပိုမိုပြောင်းလက်လာအောင် တွန်းအားပေးနေတာကို သတိပြုမိပါတယ်။ ကျနော်တို့အားလုံးက အမေရိကန်အစိုးရကို သွား Lobby လုပ်ရဦးမယ်ဆိုတဲ့ အတွေးအခေါ်များဟာ နအဖ စစ်အုပ်စုအတွက် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးပိုမိုခိုင်မာစေခဲ့တဲ့အပြင် ကျနော်တို့နဲ့ဒေသတွင်းနိုင်ငံများဆက်ဆံရေးကိုပိုပြီး ဝေးကွာစေခဲ့တာဖြစ်ပါတယ်။

အမေရိကန် လွှတ်တော်အမတ်များက မြန်မာစစ်အုပ်စုကို တွက်ဆဝေဖန်မှုအပေါ် သာယာမိခဲ့လို့ ဒေါ်စုကို ဒီပဲယင်းမှာလုပ်ကြံဖို့အခွင့်အရေးရခဲ့တယ်ဆိုလျှင် မှားမည်မထင်ပါ။ စစ်အုပ်ဟာ အမေရိကန်ရဲ့ ပြင်းထန်တဲ့ ဖိအားပေးမှုကို လက်တလုံးခြား လုပ်နိုင်ခဲ့တဲ့ သာဓကများစွာကို မမေ့သင်ဟု ယူဆပါတယ်။

အနောက်နိုင်ငံသံရုံးတရုံးမှ တာဝန်ရှိသူတဦးက"ခင်ဗျားတို့ ကျနော်တို့ကို ထပ်တိုက်တွန်းမယ့်အစား တရုတ်၊ အိန္ဒိယတို့ကို ချဉ်းကပ်ဖို့လိုတယ်"ဆိုတဲ့သတိပေးချက်ဟာ ကျနော်တို့ဆောင်ရွက်သင့်သော နိုင်ငံတကာဆက်ဆံရေးပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အင်အားချိန်ခွင်လျှာဟာ ဒီမိုကရေစီထောက်ခံသော အနောက်နိုင်ငံများနဲ့ ဒေသတွင်းနိုင်ငံများရဲ့ ပံ့ပိုးမှုဖြင့် နအဖစစ်အုပ်စု ဆက်လက်အသက်ရှင်နေသေးတယ်ဆိုတဲ့ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်ရပ်မှန်ကို ပြန်လည်သုံးသပ်ရပါ့မယ်။ ဒေသတွင်းနိုင်ငံများမှ အရေးကြီးဆုံးဖြစ်တဲ့ တရုတ်နိုင်ငံကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ၁၉၈၈ မှစတင်ပြီး တရုတ်–မြန်မာ ဆက်ဆံရေးတိုးမြှင့်လာမှုကို အရေးမပါတဲ့ဖြစ်ပေါ်ဆိုးရွားမှုလို့ ရှုမြင်ခဲ့မှုကြောင့် နအဖကို သက်ဆိုးရှည်ခွင့်ပေးထားသလို ဖြစ်ခဲ့ပါတယ်။

တရုတ်နိုင်ငံမှ (၁၆)ကြိမ် အဆင့်မြင့်ကိုယ်စားလှယ်များစေလွှတ်ခဲ့သလို နအဖ/နဝတဖက်မှ (၁၃)ကြိမ်သွားရောက်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု၊ စစ်လက်နက်ဝယ်ယူမှု၊ ယဉ်ကျေးမှုနဲ့ လူမှုရေး ဖလှယ်မှုများအပြင် နယ်စပ်ကူးသန်းရောင်းဝယ်ရေးများဟာ နအဖအတွက် အသက်ရှည်အောင် ဆောင်ရွက်ပေးသလို ဖြစ်နေပါတယ်။ ၁၉၉၀ နှစ်ဦးပိုင်းမှ KNU ရှေ့တန်းစခန်းများကို တရုတ်လုပ် စစ်လက်နက်များဖြင့် တိုက်ခိုက်ခံခဲ့ရသည့်အချက်ဟာ ထင်ရှားတဲ့သက်သေ သာဓကတခုပါ။

မြန်မာနိုင်ငံလို သံယံဇာတပေါကြွယ်သောနိုင်ငံအနေနဲ့ တရုတ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စစ်အာဏာရှင်စနစ်ကို တည်မြဲခဲ့သည်မှာ (၁၆)နှစ်ပင်ရှိပြီ ဖြစ်တယ်။ မြန်မာနိုင်ငံသားများ၏ အခြေခံစားကုန်လိုအပ်ချက်ကို တရုတ်ပြည်လုပ်ပစ္စည်းများ အစားထိုးခြင်းဖြင့် အခြေခံစားကုန်ရှားပါးမှုကို ကုစားနိုင်ခဲ့ပါတယ်။

တရုတ်ပြည်ဘက်က ပြန်လည်သုံးသပ်လျှင်လည်း မြန်မာနိုင်ငံဟာနအဖ စစ်အုပ်စုလက်အောက်တွင် တရုတ်ပြည်ကို မှီခိုရမှန်း မသိမှီခိုလာခဲ့ရတဲ့အတွက် တရုတ်ပြည်အစိုးရအနေဖြင့် ဝါယမစိုက်စရာမလိုဘဲ ဩဇာခံတိုင်းပြည်တပြည် ရရှိခဲ့ပါတယ်။

သို့သော် နအဖစစ်အုပ်စု၏ ညံ့ဖျင်းသောစီမံခန့်ခွဲမှု၊ စီးပွားရေးလွတ်လပ်ခွင့်များကို လာဘ်လာဘနဲ့လဲလှယ်ပြီး ကိုယ့်မိသားစုလောက်သာ ချမ်းသာချင်သော စစ်ဗိုလ်ချုပ်ကြီးများ၏ အမြော်အမြင်နည်းပါးမှုတို့ဟာလဲ တရုတ်အစိုးရအားများစွာ စိတ်အနှောက်အယှက်ဖြစ်စေခဲ့ပါတယ် "အင်္ဂလိပ်အခက် ဗမာ့အချက်"ဆိုတဲ့ ဗိုလ်ချုပ်တို့ အင်္ဂလိပ်ကိုတော်လှန်စဉ်က ကြွေးကြော်သံကို အမှတ်ရမိပါတယ်။ "နအဖအခက် ဒီမိုကရေစီအချက်" အဖြစ်အသုံးမချနိုင်လျှင် စစ်အုပ်စုဆက်လက်သက်ဆိုးရှည်မှာ ဖြစ်ပါတယ်။

ဒီပဲယင်းလူသတ်ပွဲဟာ အဖွဲ့ချုပ်လှုပ်ရှားမှုကို ပြည်တွင်းမှာ ခဏမျှရပ်တန့်အောင် ဖန်တီးနိုင်ခဲ့ပေမယ့် အပြည်ပြည်ဆိုင်ရာ ရဲ့ ဒေါသ၊ တရုတ်အစိုးရရဲ့ စိတ်ပျက်မှုတွေကို နအဖ တကြိမ်တည်း အရယူနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတည်ငြိမ်မှုဟာ တရုတ်ပြည်အတွက် လွန်စွာအရေးကြီးတယ်ဆိုတဲ့အချက်ကို နအဖရဲ့ဒီပဲယင်းလူသတ် ပွဲက သက်သေပြခဲ့ပါတယ်။

နအဖစစ်အုပ်ရဲ့ ထင်ရာလုပ်ပေါ်လစီကို တရုတ်အာဏာပိုင်တွေ စိတ်ပျက်နေသည်မှာ ထင်ရှားလှပါတယ်။ တရုတ်ထိပ်တန်းခေါင်းဆောင်ပိုင်းမှာပင် "မြန်မာနိုင်ငံဒီမိုကရေစီ ရေစီးကြောင်းကို တားဆီးပိတ်ပင်ရန်မကြိုးစားသင့်ဟု" မြန်မာစစ်အုပ်စုခေါင်းဆောင်များကို သတင်းပါးခဲ့တာကို ထောက်ရှုလျှင် နိုင်ငံရေးအဖြေရှာမှုဟာ ရိုက်နှက်ထောင်ချရုံနှင့် မအောင်မြင်နိုင်ဆိုသည့် အချက်မှာ ထင်ရှားလာခဲ့ပါတယ်။

တဆက်တည်းမှာပဲ ကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်း၊ ကမ္ဘာ့စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများဟာ နအဖစစ်အုပ်စု၏ ရာသက်ပန်အာဏာထူထောင်ရေး ရည်ရွယ်ချက်များကို မှေးမှိန်လာစေခဲ့ပါတယ်။

လက်ရှိနအဖ၏ အခြေခံဥပဒေများကို တရုတ်အစိုးရအနေဖြင့် မျက်စိမှိတ်ထောက်ခံနိုင်ရန် အခြေအနေ နည်းလွန်းလှပါတယ်။

တရုတ်အာဏာပိုင် စဉ်းစားနေမယ့် အချက်မှာ နအဖစစ်အုပ်စုအနေဖြင့် တရုတ်နိုင်ငံမျှော်မှန်းသော မြန်မာနိုင်ငံတည်ငြိမ်ရေးကို ဆောင်ရွက်နိုင်ပါ့မလား ဆိုသည့် အချက်မှာဖြစ်တယ်။ နအဖစစ်အုပ်စု အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန် အဖွဲ့ချုပ်အား ပြင်းထန်စွာ ဖိနှိပ်အကျဉ်းချရုံတခုနှင့် မရနိုင်ပါ။ ပြည်သူတွေလိုအပ်နေသော အခြေခံစားကုန် သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ပါက နိုင်ငံကို တည်ငြိမ်စွာ အုပ်ချုပ်နိုင်မည်မဟုတ်ပါ။ တရုတ်အစိုးရအာဏာပိုင်များအနေဖြင့် နအဖ၏နိုင်ငံတော်အကြမ်းဖက် အုပ်ချုပ်ရေးဗျူဟာများဟာ ရေရှည်တွင် ထိရောက်မှုမရှိနိုင်တာကို သဘောပေါက်ခဲ့ပါတယ်။ နအဖစစ်အုပ်စု အာဏာတည်ရှိမှု ရေရှည်မဖြစ်နိုင်လျှင် မည်သူတို့ပါဝင်လာသည်ကို တရုတ်အာဏာပိုင်များက စိတ်ဝင်စားနေပါတယ်။

သို့သော် လက်ရှိတွင် နအဖစစ်အုပ်စု၏ အဓိကဇာတ်ကောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တရုတ်ဆက်ဆံရေး ကောင်းမွန်လွန်းတဲ့အတွက် တရုတ်အစိုးရအနေဖြင့် သက်တောင့်သက်သာ ရှိနေပုံဖြစ်ပါတယ်။

တရုတ်အစိုးရ ပေါ်လစီများဟာ ၁၉၇၈ ခုနှစ်မှစတင်ပြောင်းလဲခဲ့ပြီး၊ ဥက္ကဋ္ဌကြီးတိန်ရှောင်ဖိန်းရဲ့ "တရုတ်ပြည်သူတွေ ခါးပတ်တင်းတင်းပတ်၍ ခါးစီးခံပြီး တခြားတိုင်းပြည်တွေရဲ့ မအောင်မြင်တဲ့တော်လှန်ရေးကို မထောက်ခံသင့်"ဆိုတဲ့အချက်ဟာ မြန်မာပြည်စစ်အုပ်စုအတွက် ရေရှည်ထောက်ခံမှုရှိပါ့မလားဆိုတာ မေခွန်းတခု ဖြစ်လာပါတယ်။

လက်ရှိတိုက်ပွဲဟာ ဒီမိုကရေစီတိုက်ပွဲဖြစ်ပြီး ဒီမိုကရေစီအစိုးရသစ်အနေနဲ့ လွတ်လပ်တဲ့နိုင်ငံခြားရေးရာဝါဒ ကျင့်သုံးသွားမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများရော၊ အပြည်ပြည်ဆိုင်ရာနိုင်ငံများနှင့်ပါ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေအားလုံးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်တဲ့အခါ ခေတ်မီတိုးတက်တဲ့ နိုင်ငံတနိုင်ငံဖြစ်လာဖို့၊ တိုင်းရင်းသားအားလုံး တန်းတူမှုရရှိရေးအတွက် ဒီမိုကရေစီအုတ်မြစ်ကို ခိုင်မာစွာချနိုင်ဖို့အတွက် နိုင်ငံတကာဆက်ဆံရေးကို အကောင်းဆုံးဖန်တည်းပြီး အကျိုးရှိရှိဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခြံစည်းရိုးပဲခြားတဲ့ တရုတ်ပြည်အပေါ် ဒီမိုကရေစီနိုင်ငံတော်သစ်အနေနဲ့ နအဖထက် ပိုမိုတဲ့ရိုးသားမှုကို အခြေခံပြီး ဆက်ဆံသွားဖို့ လိုအပ်ပါတယ်။ မြန်မာ့ဖွံ့ဖြိုးရေးအတွက် အနောက်နိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေဟာ တရုတ်ပြည်ရဲ့အကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်တဲ့အတွက် အရုတ်အာဏာပိုင်များအနေနဲ့ ဒီမိုကရေစီအစိုးရသစ်ဟာ တရုတ်ပြည်ရဲ့ ရန်သူမဟုတ်ဘူးဆိုတာ ယုံကြည်ဖို့လိုအပ်ပါတယ်။

အနာဂတ်မြန်မာဒီမိုကရေစီနိုင်ငံတော်သစ်ဟာ နအဖလို တရုတ်အစိုးရကို အာဏာတည်မြဲရေး၊ လူထုနှိပ်စက်ဖို့ အတိုက်အခံတွေကိုခြေမှုန်းဖို့ အသုံးချနေတဲ့ "ဟန်လုပ်ဆက်ဆံရေး "မဟုတ်ဘဲ မြန်မာပြည်သူလူထုသာယာဝပြော၍ ငြိမ်းချမ်းသော အခြေခံလူ့အခွင့် အရေးကိုကာကွယ်ပြီး တည်ငြိမ်တဲ့ နိုင်ငံအဖြစ် ရပ်တည်ရင်း၊ ရင်းနှီးစွာ ဆက်ဆံသွားမယ်ဆိုတာ အလုပ်နဲ့သက်သေပြရမှာ ဖြစ်ပါကြောင်း .... ။❖

## ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်၍ ဒီမိုကရေစီကူးပြောင်းရန် မလေးရှားအတိုက်အခံ ခေါင်းဆောင်တောင်းဆို

မလေးရှား အတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီခေါင်းဆောင် မစ္စတာလင်မ်ကစ်ဆင်းက ၂၀၀၆ ခုနှစ်မတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ရန်နှင့် ဒီမိုကရေစီ ကူးပြောင်းရေးကို လုပ်ဆောင်ရန် အာစီယံအနေနှင့် နအဖကို တိုက်တွန်းသင့်ကြောင်း ဇူလိုင်လ(၂)ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

မစ္စတာလင်မ်ကစ်ဆင်းက မြန်မာပြည်အပေါ်ထားရှိလုပ်ဆောင်နေသော အာစီယံ၏မူဝါဒများကို ပြင်းပြင်းထန်ထန် ဝေဖန်ထောက်ပြခဲ့သည်။ မကြာသေးမီက ဂျာကာတာတွင် ကျင်းပခဲ့သော အာစီယံအစည်းအဝေးတွင် အာစီယံခေါင်းဆောင်များသည် ၎င်းတို့လုပ်ဆောင်ရမည့် အဓိက အလုပ်ဖြစ်သည့် မြန်မာပြဿနာဆွေးနွေးရေး ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ရေးအတွက် တောင်းဆိုရေးတို့ကို ပျက်ကွက်ခဲ့သည့်အတွက် အာစီယံနှင့် နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုင်းဝန်ကြီးချုပ်ကလည်း နအဖ၏ပြောခွင့်ရပုဂ္ဂိုလ်လို ပြုမူပြောဆိုနေသည်ဟု ထောက်ပြဝေဖန်ခဲ့ကြောင်း သိရသည်။ ❖

## အင်ဒိုနီးရှားသံရုံး တယ်လီဖုန်းလိုင်း ကြားဖြတ်ဖမ်းယူခံရ

ဂျာကာတာပို့စ် သတင်းစာတွင် အင်ဒိုနီးရှား အောက်လွှတ်တော်အမတ် ဒီဂျိုကို စူစီလိုက သံရုံးအတွင်း ကြားဖြတ်အသံဖမ်းယူမှု တွေ့ရှိခဲ့ရခြင်းကြောင့် မြန်မာစစ်အုပ်စုနှင့်ထားရှိသော သံတမန်ဆက်ဆံရေးအား ပြန်လည်သုံးသပ်ရန် အစိုးရအား တိုက်တွန်းကြောင်းရေးသား ဖော်ပြခဲ့သည်။

ယင်းသတင်းကို ဇူလိုင်လ(၁၂)ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ အင်ဒိုနီးရှားသံရုံး၏ တယ်လီဖုန်းလိုင်းများ ကြားဖြတ်ဖမ်းယူခဲ့ခြင်း ခံရကြောင်း ပြောဆိုချက်အပြီး ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

နအဖသည် ဤကဲ့သို့သော မဖွယ်မရာလုပ်ရပ်များကို လုပ်ကိုင်လေ့ရှိကြောင်း၊ ပြီးခဲ့သည့် နှစ်အတွင်းက ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ပေါ်လိုဆာဂျီယို ပင်ဟေးရိုးသည် အင်းစိန်အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံနေစဉ် စစ်ထောက်လှမ်းရေးများက တပ်ဆင်ထားသည့် ကြားဖြတ်အသံဖမ်းစက်ကို စားပွဲခုံအောက်မှာ တွေ့ရှိခဲ့ဖူးကြောင်း၊ ထောက်ပြပြောဆို၍ နအဖ၏ လုပ်ရပ်များကြောင့် အမျိုးသားဂုဏ်သိက္ခာကျဆင်းနေကြောင်း ပြည်တွင်းရှိအမည် မဖော်လိုသောစီးပွားရေး လုပ်ငန်းရှင်တဦးက ထုတ်ဖော်ပြောဆိုလိုက်သည်။❖

# ဘဏ်လုပ်ငန်းများ ချွတ်ခြုံကျနေပြီ ပြည်သူလူထုက လုံးဝ အယုံအကြည်မရှိ




ပြည်တွင်းရှိ ကုန်သည်စီးပွားလုပ်ငန်းရှင်များသည်လည်း ဘဏ်လုပ်ငန်းများမှတဆင့် ငွေပေးငွေယူကိစ္စရပ်များ ဆောင်ရွက်နေမှုအပေါ် ရပ်ဆိုင်းလိုက်၍ ယခင်ကျင့်သုံးခဲ့သော ဟွန်ဒီငွေလွှဲစနစ်ကို ပြန်လည်ကျင့်သုံးနေကြောင်း ...

၂၀၀၃ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ဖြစ်ပွားခဲ့သည့် မြန်မာ့ဘဏ်လုပ်ငန်း အကျပ်အတည်း၏ နောက်ဆက်တွဲရလဒ်အဖြစ် ဘဏ်များနှင့် ဆက်စပ်လုပ်ကိုင်နေကြသူများမှာ ငွေသွင်း၊ ငွေထုတ် အခက်အခဲများနှင့် ဆက်လက် ရင်ဆိုင်နေကြရသဖြင့် ပြည်သူလူထုက ဘဏ်များအပေါ် လုံးဝအယုံအကြည်မရှိတော့သည့် အနေအထားသို့ဆိုက်ရောက်နေပြီဖြစ်ကြောင်း ပြည်တွင်းမှပေးပို့သော သတင်းများအရ သိရှိရသည်။

ပိုမို၍ ဆိုးရွားလာသည့်အချက်မှာ ငွေမဲခဝါချမှုနှင့် အမေရိကန်ပြည်ထောင်စုမှ အရေးယူခံထားရသည့် အာရှဝနေနှင့် မေဖလားဝါးဘဏ်တို့မှ ငွေသွင်းငွေထုတ် ကိစ္စရပ်အားလုံးကိုရပ်ဆိုင်းထားလိုက်၍ ယင်းဘဏ်များတွင် ဘဏ်တိုးကိုမျှော်ကိုး၍ ငွေအပ်ထားသူများမှာ အကြီးအကျယ် ဒုက္ခရောက်နေကြောင်းသိရှိရသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေအပ်သူများမှ အဆိုပါဘဏ်နှစ်ခုမှ ငွေပြန်ရလိုမှုနှင့် တရားစွဲမှုများ ပိုမိုတိုးပွားနေကြောင်း၊ တရားရုံးများရှိ ဥပဒေပိုင်းဆိုင်ရာ အရာရှိများက အသံလွှင့်ဌာနများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်တွင်းရှိ ကုန်သည်စီးပွားလုပ်ငန်းရှင်များသည်လည်း ဘဏ်လုပ်ငန်းများမှတဆင့် ငွေပေးငွေယူကိစ္စရပ်များ ဆောင်ရွက်နေမှုအပေါ် ရပ်ဆိုင်းလိုက်၍ ယခင်ကျင့်သုံးခဲ့သော ဟွန်ဒီငွေလွှဲစနစ်ကို ပြန်လည်ကျင့်သုံးနေကြောင်း လုပ်ငန်းရှင်အချို့က ထုတ်ဖော်ပြောကြားသည်။❖

# ဒေါက်တာစင်သီယာမောင်ဆေးခန်းသို့ ဆေးကုသမှုလာရောက်ခံယူသည့် ရှမ်းအမျိုးသမီးတဦး ဖမ်းဆီးခံရ



ဒေါက်တာစင်သီယာမောင်ဆေးခန်း၌ ဆေးဝါးကုသမှုခံယူနေသော မြန်မာပြည်သားများ

မြဝတီတဖက်ကမ်း မဲဆောက်မြို့ရှိ ဒေါက်တာ စင်သီယာမောင်ဆေးခန်းတွင် လာရောက်ဆေးကုသခံယူခဲ့ပြီး မြန်မာပြည်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့သူ ရှမ်းအမျိုးသမီးတဦးအား ကော့ကရိတ်မြို့အဝင် စစ်ဆေးရေးဂိတ်ရှိ ရဲအဖွဲ့က ဖမ်းဆီးစစ်ဆေးပြီး တရားစွဲဆို ချုပ်နှောင်ထားကြောင်း သိရသည်။

ဇူလိုင် (၂၀)ရက်နေ့က မဲဆောက်မြို့ရှိ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းတွင် ဆေးကုသမှု လာရောက်ခံယူပြီး မြန်မာပြည်ထဲသို့ပြန်လည်ဝင်ရောက်လာသည့် ရှမ်းအမျိုးသမီးတဦးဖြစ်သူ နန်းခမ်းဖြူ အသက်(၃၅)နှစ်အား ကော့ကရိတ်အဝင် စစ်ဆေးရေးဂိတ်၌ ရဲအုပ်ခင်မောင်ဝင်း၊ ဒုရဲအုပ်ရန်နိုင်စိုးတို့အဖွဲ့က စစ်ဆေးခဲ့ရာ ဒေါက်တာစင်သီယာ မောင်ဆေးခန်းတွင် သွားရောက်ဆေးကုသမှုခံယူခဲ့သည့် အထောက်အထားများ တွေ့ရှိခဲ့သဖြင့် ပြည်ပရောက်တရားမဝင်အဖွဲ့များနှင့် ဆက်သွယ်မှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်သွားရောက်မှုများဖြင့် တရားစွဲဆိုကာ ကော့ကရိတ်ရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း မြို့ခံတဦးအဆိုအရ သိရသည်။

အလားတူ ကရင်ပြည်နယ်အတွင်း နယ်စပ်တလျှောက်နေထိုင်ကြသော ပြည်သူများသည် ပြည်တွင်းဆေးရုံများတွင် အခမဲ့ ဆေးဝါးကုသမှု မရရှိခြင်း၊ ပြင်ပဆေးခန်းများတွင် ကုသစရိတ်ကြီးမြင့်လွန်းခြင်းတို့ကြောင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ မယ်တော်တွင် ဖွင့်လှစ်ထားသည့် ဒေါက်တာစင်သီယာမောင်ဆေးခန်းသို့ အများအပြားလာရောက်ကာ အခမဲ့ ဆေးကုသမှုခံလျက်ရှိကြသော်လည်း ယခုအခါ မြဝတီဘက်ကမ်းသို့ ပြန်ကူးသွားတိုင်း အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို မကြာခဏခံနေရကြောင်း ဩစတြေးလျအခြေစိုက်သတင်းအဖွဲ့ဖြစ်သည့် "လွတ်လပ်သောသတင်းအဖွဲ့" (FIG) အဆိုအရ သိရသည်။ ❖

# လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်နေရာ ထောက်လှမ်းရေးရောင်းစား

ရခိုင်ပြည်နယ် ပေါက်တောမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်မြေနေရာတဝိုက်ကို စစ်ထောက်လှမ်းရေးတပ်က ဈေးဆိုင်ခန်းများဆောက်လုပ်ရန် ရောင်းစားခဲ့သည့်အတွက် ဒေသခံများ အာဇာနည်နေ့အထိမ်းအမှတ် လွှမ်းသူ့ပန်းခွေချစရာမရှိအောင်ပင် ဖြစ်နေရကြကြောင်း သိရသည်။

နယ်မြေခံထောက်လှမ်းရေးတာဝန်ခံ တပ်ကြပ်ကြီးမောင်ဖုန်းဆိုသူက ပေါက်တောမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်မြေနေရာပတ်ပတ်လည်ကို ဈေးဆိုင်ခန်းများ ဆောက်လုပ်ရန် ကျပ် (၁၀)သိန်းစီနှင့်ရောင်းစားခဲ့ခြင်းဖြစ်သည်ဟု ဒေသခံတဦး၏အဆိုကို ကိုးကား၍ ဒီမိုကရက်တစ်သတင်းဌာနတွင် ဖော်ပြထုတ်လွှင့်ခဲ့သည်။

ယခုအခါ လွတ်လပ်ရေးကျောက်တိုင်တဝိုက်တွင် ဈေးဆိုင်များမှ အမှိုက်သရိုက်များဖုံးလွှမ်းနေခြင်းကြောင့် ကျောက်တိုင်သည် မြင်ကွင်းမှ ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်း အဆိုပါ ဒေသခံက ဆက်လက် ပြောဆိုခဲ့သည်။

၎င်းက လွတ်လပ်ရေးကျောက်တိုင်မြေနေရာကို ရောင်းစားခဲ့သည့် ထောက်လှမ်းရေးများမှာ အဆောက်အဦကောင်းကောင်းများနှင့်နေထိုင်နေကြပြီး ကျောက်တိုင်ကိုမူ လူမြင်ကွင်းမှပျောက်ကွယ်သွားအောင် လုပ်ခဲ့ကြသည့်အတွက် မကျေနပ်ကြောင်း ပြောကြားသွားပြီး ဤပြုမူချက်သည် နအဖအာဏာပိုင်တို့၏ စိတ်ဓာတ်ကို ဖော်ပြနေခြင်းဖြစ်သည်ဟု ရင်ဖွင့်သွားခဲ့သည်။ ❖

# ဟီးရိုးအင်း ဖမ်းဆီးရမှု စံချိန်သစ်တင်ပြန်

ရေလမ်းမှတဆင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုကို မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် တကြိမ်တည်း အများဆုံးဖမ်းဆီးရရှိခဲ့ကြောင်း ဇူလိုင် (၂၃)ရက်နေ့ ဗွီအိုဘီ သတင်းအရ သိရသည်။

ရဲတပ်ဖွဲ့အဆိုအရ ဟီးရိုးအင်း(၅၀၀)ကီလိုဂရမ် ဖမ်းဆီးရရှိခဲ့ကြောင်းနှင့် အဆိုပါဖမ်းဆီးရရှိမှုသည် ငါးဖမ်းစက် လှေတစင်းနစ်မြုပ်မှုတခုကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ် ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု ဆိုသည်။

ရဲအရာရှိတဦး၏အဆိုအရ ယခုဖမ်းဆီးမှုသည် အကြီးမားဆုံးဖမ်းဆီးရရှိမှု ဖြစ်ကြောင်း အေပီ သတင်းဌာနသို့ ပြောကြားခဲ့ပြီး နိုင်ငံခြားသို့ တင်ပို့မည်ဟု ယူဆရသည့် အဆိုပါ ဟီးရိုးအင်းများ၏ စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ဆယ်ဂဏန်းခန့် ရှိလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ယခုဖမ်းဆီးရရှိမှုသည် ကုန်းလမ်းမှတဆင့် နယ်စပ်ဖြတ်ကျော်လာသည့် မူးယစ်ဆေးသယ်ဆောင်နေမှုကို နှိမ်နင်းတိုက်ဖျက်နေသည့်အတွက် မူးယစ်ဆေးကုန်သည်များက ယခုလို ရေလမ်းမှတဆင့် နယ်စပ်ဖြတ်ကျော်မှုများ ပြောင်းလဲလုပ်ဆောင်လာ ခြင်းဖြစ်သည်ဟု အဆိုပါသတင်းဌာနက ဖော်ပြခဲ့သည်။❖

# မတူပီမြို့နယ်တွင် မိဘမဲ့ဂေဟာနှင့် လူနေအိမ်ခြေ(၁၀)လုံး အဓမ္မသိမ်းဆည်းခံရပြန်

ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းရှိ မိဘမဲ့ကလေးများဂေဟာအဆောက်အဦနှင့် အနည်းဆုံးလူနေအိမ် (၁၀)လုံးကို နယ်မြေခံစစ်တပ်က အဓမ္မသိမ်းယူလိုက်သည့်အတွက် ဒေသခံများမကျေမနပ်ဖြစ်နေကြောင်း သိရသည်။

ပြီးခဲ့လ (၂၈)ရက်နေ့က မတူပီမြို့ပတ်လမ်းဖောက်လုပ်ရန်အတွက် ယခုလို သိမ်းယူခြင်းဖြစ်ကြောင်း အမှတ်(၂)ဗျူဟာမှူး ဗိုလ်မှူးကြီးစန်းအောင်က ပြောဆိုခဲ့သည်ဟု ဒေသခံသတင်းများက ဆိုသည်။

ယခုသိမ်းယူခံရသည့် မိဘမဲ့ဂေဟာမှာ စတုရန်းပေ (၃၀၀)ဝန်းကျင်ခန့်ရှိပြီး ခရစ်ယာန် သာသနာပြုကောင်စီ၏အပိုင်ဖြစ်သည့်အတွက် အဓမ္မသိမ်းယူခဲ့ခြင်းအပေါ် ဘာသာရေးအရ မကျေမနပ်ဖြစ်နေကြောင်း ဒေသခံများက ဆိုသည်။

လျော်ကြေးမပေးဘဲ သိမ်းယူခြင်းဖြစ်သည့်အပြင် ကြိုတင်အကြောင်းကြားခြင်း မရှိသည့်အတွက် အိမ်ပိုင်ရှင်များမှာ ရွှေ့ပြောင်းချိန်ပင် အလုံအလောက်မရရှိခဲ့သည့်အတွက် အခက်အခဲများစွာ ကြုံခဲ့ရကြောင်း သိရသည်။

အဓမ္မသိမ်းယူခံလိုက်ရသည့် အိမ်များမှာ လောင်ဘန်းရပ်ကွက်မှ (၈)အိမ်၊ နလိုင်းရပ်ကွက်မှ (၁)အိမ်နှင့် စမ်ပေါင်ရပ်ကွက်မှ (၁)အိမ်တို့ဖြစ်ကြောင်း သိရသည်။

❖

# ကချင်ပြည်နယ်တွင် ရေလွှမ်းမိုး ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

မြစ်ကြီးနားမြို့အထက်ပိုင်းရှိ ပူတာအိုနှင့် မချမ်းဘောဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး၊ ရေခဲတောင်များ ပြိုကျမှုကြောင့် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်(၁၂၀၀) အထက် မြင့်တက်လာပြီး (၁၄၀၈)အထိ ရောက်ရှိနေပြီဟု ဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။

ရေလွှမ်းမိုးမှုကြောင့် လူ(၁၀)ဦးထက်မနည်း သေဆုံးခဲ့ရပြီး ဈေးများ၊ စာသင်ကျောင်းများ ပိတ်ထားရသည်ဟု ဆိုသည်။

ထို့နည်းတူ ချင်းတွင်းမြစ်ကမ်းတလျှောက်ရှိ မြို့ရွာများတွင်လည်း ရေဘေးဒုက္ခ ကြုံတွေ့ရမည့်အလားအလာရှိနေကြောင်း မုံရွာမြို့တွင်လည်း၊ စိုးရိမ်ရေမှတ်ထက် ကျော်နေပြီဖြစ်၍ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်နေကြပြီဟု ဆိုပါသည်။ ဤကဲ့သို့သော ရေကြီးမှုသဘာဝဘေးဒဏ်များနှင့် ပက်သက်၍ နအဖပိုင်မီဒီယာများမှ တစုံတရာ ထုတ်ပြန်ကြေညာမှုများမရှိဟု သိရှိသည်။ ❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေဖြန့်ချိသည်။
**အယ်ဒီတာ**
ခင်လွန်း
နိုင်ငံတကာသတင်းအယ်ဒီတာ
ဗလ
**စာမျက်နှာဖွဲ့စည်းမှု**
မောင်မောင်ဦး

မိုးကြိုး သတင်းစဉ် သို့
**စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ် ပေးပို့နိုင်သည်။**
P.O.Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှ
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
**အယ်ဒီတာအဖွဲ့**

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးလွတ်မြောက်ရေး အပတ်စဉ်ဆုတောင်းပွဲများ ရွှေတိဂုံ၌ ကျင်းပခဲ့

၂၀၀၄ ခုနှစ် ဇူလိုင်လတွင်(၁၄)ရက်၊ အင်္ဂါနေ့၊ နေ့လည် ၁း၃၀ နာရီ၌ ရန်ကုန်တိုင်းအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့မှ ကြီးမှူး၍ ရွှေတိဂုံကုန်းတော်ပေါ်သို့ သွားရောက်ကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲများ ကျင်းပခဲ့သည်ဟု သိရသည်။ ရွှေတိဂုံဘုရားမှ တမိုင်ကျော်ဝေးကွာသော အဖွဲ့ချုပ်ရုံးမှ အဲန်အယ်လ်ဒီ ယူနီဖောင်းများဝတ်ဆင်၍ အဖွဲ့ချုပ်တံဆိပ်များ တတ်ဆင်ထားသော အမျိုးသမီး(၃၀)ခန့်က ရေတာရှည်လမ်းအတိုင်းချီတက်သွားကြရာ၌ အရပ်ဝတ်နှင့်ရဲများ၊ ထောက်လှမ်းရေးများက ဓာတ်ပုံရိုက်ခြင်း၊ ဗွီဒီယိုရိုက်ကူးခြင်းများပြုလုပ်သော်လည်း



ရန်ကုန်တိုင်းအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့များ အဖွဲ့ချုပ်ဝတ်စုံများ ဝတ်ဆင်ကာ ရေတာရှည်လမ်းအတိုင်း ရွှေတိဂုံကုန်းတော်ပေါ်သို့ သွားရောက်ကြစဉ်။



ရန်ကုန်တိုင်းအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့များ ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးတင်ဦး လွတ်မြောက်ရေးအတွက် ရွှေတိဂုံဘုရားတွင်ဝတ်ပြုဆုတောင်းစဉ်

တစုံတရာနှောက်ယှက်ပေးခြင်းမရှိဟုဆိုသည်။

ရန်ကုန်တိုင်းနှင့် မြို့နယ်အသီးသီးမှ အဲန်အယ်လ်ဒီ အမျိုးသမီးအဖွဲ့ဝင်များသည် ဒေါ်စုနှင့် ဦးတင်ဦးတို့ မလွတ်မြောက်မချင်း အင်္ဂါနေ့တိုင်း ဘုရားသို့တက်ရောက် ဖူးမျှော်ပြီး၊ ဆုတောင်းပွဲများကျင်းပသွားရန် ပြီးခဲ့သည့်(၈)ရက်နေ့ကထဲက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရ၏။ နောက်လာမည့် သီတင်းပတ်များတွင် ယခုထက်ပိုမို၍ ဆုတောင်းသူများ ပြားလာရေး၊ အခြားပြည်နယ်များနှင့်တိုင်းများတွင်ပါ တနိုင်လုံးအနှံ့ အင်္ဂါနေ့ ဆုတောင်းပွဲများ တစ်ချိန်တည်းလို ကျင်းပသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမည်မဖော်လိုသူ ရန်ကုန်တိုင်း အမျိုးသမီးခေါင်းဆောင်တဦးက မိုကြိုးသို့ ထုတ်ဖော်ပြောဆိုသည်။❖

## တွေ့ဆုံဆွေးနွေးအဖြေရှာရန် ဝါရင့်နိုင်ငံရေးသမားကြီးများ ထပ်မံတောင်းဆို

ဇူလိုင်လ (၄)ရက်နေ့တွင် ရန်ကုန်မြို့၌ ဝါရင့်နိုင်ငံရေးသမားကြီးများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ညောင်နှစ်ပင် အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရရှိသည့် သတင်းအချက်အလက်များအပေါ် အမြင်ဖလှယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဝါရင့်နိုင်ငံရေးသမားကြီး တဦးဖြစ်သူ သခင်ချန်ထွန်းက ထာဝရငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံထူထောင်မည်ဆိုပါက တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လုပ်ဆောင်ရန် လိုအပ်ကြောင်း နအဖအားထပ်မံတိုက်တွန်းရန်၊ ယင်းတို့အစည်းအဝေးမှ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးကိုတောင်းဆိုလိုက်ပြီး၊ နအဖမှ တဖက်သက်ဆက်လက်လုပ်ဆောင်နေမည် ဆိုပါက တိုင်းပြည်အတွက် အင်မတန်မှ အန္တရာယ်များကြောင်း သတိပေးပြောဆိုကြောင်း သိရှိရသည်။

ဝါရင့် နိုင်ငံရေးသမားကြီးများသည် လွတ်လပ်ရေးတိုက်ပွဲဝင် သက်ကြီးရွယ်အို နိုင်ငံရေးသမားဟောင်းကြီးများ ဖြစ်ကြပြီး၊ နအဖနှင့် အဲန်အယ်လ်ဒီ တွေ့ဆုံဆွေးနွေးပွဲမှတဆင့် တိုင်းရင်းသားများပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများ ဖန်တီးပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး လုပ်ငန်းစဉ်ကို အကြံပြုတင်ပြခဲ့သည်။ ယင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အဲန်အယ်လ်ဒီမှ ငြင်းပယ်စရာမရှိပါဟု တုံ့ပြန်ခဲ့သော်လည်း နအဖမှပယ်ချခဲ့သည်။

❖

## နအဖအပေါ် စီးပွားရေးဒဏ်ခတ်သည့်ဥပဒေ သက်တမ်းတိုးရန် အမေရိကန်သမတ ဂျော့ဘုရှ်အတည်ပြုပြီ

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများမပြုသေးသည့်အပြင် လူ့အခွင့်အရေး အခြေအနေတိုးတက်မှု မရှိသည့်အတွက် နအဖ စစ်အုပ်စုအပေါ် ဒဏ်ခတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုဥပဒေကို (၁)နှစ် သက်တမ်းတိုးရန် အမေရိကန်သမတ ဂျော့ဘုရှ်က ယခု(၇)နေ့တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးဝါးလာသည့်အတွက် နအဖ စစ်အုပ်စုအပေါ်ဒဏ်ခတ်အရေးယူရန် အမေရိကန်အစိုးရက မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေ (၂၀၀၃)ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ မြန်မာပြည်မှ သွင်းကုန်များအား အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခြင်းကို ပိတ်ပင်လိုက်ပြီး နအဖ ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့လက်ကိုင်တုတ်အဖွဲ့အစည်းဖြစ်သည့် ကြံ့ဖွံ့ခေါင်းဆောင်များအား အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ဗီဇာ ပိတ်ပင်ခဲ့သည်။

ထိုဥပဒေကို တနှစ်သက်တမ်းတိုးမြှင့်လိုက်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထားပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး နှောင့်နှေးနေဆဲဖြစ်သည့်အတွက် မြန်မာပြည်အတွက် အထူးစိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ဥပဒေသည် မြန်မာပြည်လူ့အခွင့်အရေးအခြေအနေကို အနီးကပ်စောင့် ကြည့်လျက် တနှစ်တကြိမ် သက်တမ်းတိုးမြှင့်နိုင်သည်။❖



## အီးယူအာစီယံ အစည်းအဝေး ဒေါ်စုမလွှတ်က ပျက်မည်

ယခုနှစ် အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန်စီစဉ်ထားသည့် ASEAM (ခေါ်) အီးယူ–အာစီယံ အစည်းအဝေးသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက ပြန်လည်မလွတ်ပေးခြင်းမရှိပါက ပျက်မည့် အလားအလာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယခင်က ကျင်းပရန်စီစဉ်ခဲ့သည့် ASEAN ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကိုလည်း နအဖ ပါဝင်ခွင့်ရရန် အာစီယံကတောင်းဆိုခဲ့သော်လည်း အီးယူဥရောပသမဂ္ဂက ကန့်ကွက်ခဲ့သဖြင့် ဖျက်သိမ်းခဲ့ရသည်။

ပြင်သစ်နိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီးက နအဖက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမည်ဆိုပါက အာစီယံအနေဖြင့် နအဖဘက်မှ ကာကွယ်ရပ်တည်ပေးနိုင်မည်ဟု ဇူလိုင်(၂၀)ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့သည်။

တချိန်တည်းမှာပင် အီးယူကမူ အဆိုပါပြဿနာဖြေရှင်းနိုင်ရေးအတွက် နယ်သာလန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဝင်ဒေါ့ဘရိုက အီးယူ၏အထူးကိုယ်စားလှယ် အဖြစ် ဂျပန်၊ ထိုင်း၊ ဗီယက်နမ်တို့သို့ သွားရောက်ကာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်(၂၃)ရက်နေ့သတင်းအရ အီးယူကိုယ်စားလှယ်သည် အာဆီယံနှင့်ညှိနှိုင်းမှု ပြုလုပ်နေသော်လည်းသဘောတူညီမှု မရရှိသေးကြောင်း သိရသည်။

❖

## နအဖ လက်တလုံးခြား လုပ်သည့်အခြေခံမူ (၁၀၄) ချက်၊ အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်မှ ထုတ်ဖော်ဖွင့်ချ



အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်

အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဗဟိုအလုပ်မှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးလွင်က၊ ၁၉၉၆ ခုနှစ်က ရပ်နားခဲ့သော နအဖ၏ အမျိုးသာညီလာခံနှင့်စပ်လျဉ်း၍ ပြောဆိုရာ၌ နအဖသည် အခြေခံမူ(၁၀၄)ချက်ကို ညီလာခံတွင် တရားဝင်ဆွေးနွေးတင်ပြခြင်း မပြုလုပ်ဘဲ၊ မလိမ့်တပတ်လုပ်၍ အတည်ပြုခဲ့ကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်၏။ ယင်းညီလာခံကျင်းပနေစဉ်အတွင်း အဖွဲ့ချုပ်မှ အချက်အလက်အချို့ တင်ပြထားစဉ်မှာပဲ ညီလာခံကို အနားပေးခဲ့ကြောင်း။ အနားပေးစဉ်မှာပဲ ကြံ့ခိုင်ဖွံ့ဖြိုးရေးများနှင့် ဆန္ဒခံယူပွဲလုပ်ပြီး (၁၀၄)ချက်ဆိုတာ ထောက်ခံပွဲများကျင်းပမှ ‘၁၀၄’ချက်ဆိုတာသိရကြောင်း၊ နောင်တခါညီလာခံပြန်ဖွင့်စဉ်မှာတော့ ၎င်း ‘၁၀၄’ချက်ကို လူထုကထောက်ခံနေတယ်လို့ ပြောလာကြောင်း၊ ဆိုလိုသည်မှာ ညီလာခံ (၁၀၄)ချက် ချပြခြင်းမရှိဘဲနှင့် ညီလာခံနားနေချိန်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးက ယင်းအချက်များကို ထောက်ခံပြီးနောက်မှညီလာခံသို့ ပြန်တင်ပြခြင်းဖြစ်ကြောင်း ဦးလွင်က ရေဒီယိုမေးမြန်းခန်းများတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မိုးကြိုးမှ အဲန်အယ်လ်ဒီ(လွတ်မြောက်နယ်မြေ) ဒု–ဥက္ကဋ္ဌ ဦးတင်အောင်အား မေးမြန်းရာ“သမိုင်းဆိုင်ရာကိစ္စတွေကိုအခုထဲက ရှင်းရှင်းလင်းလင်း ဖြစ်နေဖို့ အရေးကြီးတာမို့ ဦးလွင်ဟာ သူပြောစရာရှိ လုပ်စရာရှိတာတွေကို လုပ်နေတာဖြစ်တယ်”ဟု ပြောဆိုခဲ့သည်။

❖

### နအဖ၏ ညောင်နှစ်ပင် အမျိုးသားညီလာခံတွင်၊ ကျင်းပရေးကော်မတီနှင့် အကြိမ်ကြိမ် ညှိနှိုင်းသော်လည်း၊ ပြေလည်မှု မရရှိဘဲ လိပ်ခဲတင်းခဲ ဖြစ်နေသည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ (၁၃)ဖွဲ့မှ တင်ပြသည့် အချက်(၆)ချက်

(၁) ပြည်နယ်ဝန်ကြီးချုပ်အား တိုက်ရိုက်ခန့်ထားခြင်း မဟုတ်ဘဲ၊ ပြည်နယ်ပြည်သူလူထုမှ တိုက်ရိုက်ရွေးချယ် တင်မြှောက်ရန်။

(၂) ကျွန်းသစ်မှလွဲ၍ ပြည်နယ် သံယံဇာတများကို ပြည်နယ်ပိုင် ထုတ်ခွင့်ရှိရမည်။

(၃) ပြည်နယ်လုံခြုံရေးတပ်ကို ပြည်နယ်ကသာလျှင် စုစည်းတင်ဆောက်ခွင့်ရှိရမည်။

(၄) ပြည်ထောင်စုကာကွယ်ရေးနှင့် နိုင်ငံခြားရေးကို ပြည်နယ်နှင့်ညှိနှိုင်းပြီး ပြည်ထောင်စုက ဦးစီးလုပ်ဆောင်ရန်။

(၅) ပြည်ထောင်စု၏ ဖွဲ့စည်းပုံကိုအခြေခံထား၍ ပြည်နယ်ဖွဲ့စည်းပုံများကို ရေးဆွဲပြဋ္ဌာန်းရန်။

(၆) ပြည်နယ်များသည် မိမိသုံးလိုသော အက္ခရာစာလုံးကို အသုံးပြုခွင့်ရှိရမည်။❖